ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ မှ စတင် ထုတ်ဝေသည်
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏနသဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ယနေ့ညနေ ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား ၎င်း၏နေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မည်

**နေပြည်တော် ဧပြီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူမြို့တွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ ကြေးမုံ ဖတ်စရာ



**ပုဏ္ဏားကျွန်းမြို့နယ်၌ (၈)ကြိမ်မြောက် ခမီအမျိုးသားနေ့အထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

စာမျက်နှာ - ၃



**ရခိုင်ပြည်နယ်ရှိ ရေလုပ်သားများ ပင်လယ်ကမ်းနီးငါးလုပ်ငန်းကို ဒေသအစုအဖွဲ့ပိုင်အဖြစ် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ - ၈



**နိုင်ငံခြားသားခရီးသွားများ ရေလမ်းခရီးမှ ဝင်ရောက်**

စာမျက်နှာ - ၁၆



# ကြေးမုံ

## ခရီးသွားအစီအစဉ် မြှင့်တင်ဖော်ဆောင်

မြန်မာနိုင်ငံသည် အခြားသောအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာလျှင် ခရီးသွားအရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ပါသည်။ ယခင်ထက်စာလျှင် မျက်မှောက်ကာလ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်ဟုဆိုသော်လည်း အိမ်နီးချင်းနိုင်ငံများထက် ပိုမိုတိုးတက်အောင် တီထွင်ကြံဆ ကြိုးပမ်းလုပ်ဆောင်ကြရဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားခရီးသွားဧည့်သည်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း ယင်းအချက်ကို ထောက်ပြပြောဆိုမှုများရှိနေသည်ဟု ကြားသိရပါသည်။ လက်ရှိတွင် မျှော်မှန်းထားသည့် ခရီးသွားဧည့်သည် အရေအတွက်ထက် လျော့နည်းနေသေးသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်းကျော် လာရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် သုံးသန်းကျော် လာရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံသို့လာရောက်ကြသော ခရီးသွားဧည့်သည်နိုင်ငံများမှာ အာရှနိုင်ငံများတွင် ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ဖြစ်ကြပြီး အနောက်နိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်နိုင်ငံများ အများဆုံး လာရောက်ကြသည်ကို တွေ့ရသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် ခရီးသွားများအား ဆွဲဆောင်နိုင်မှု မြင့်မားလာအောင် မိမိတို့၏ တည်ရှိပြီးသား သဘာဝအရင်းအမြစ်များအား စဉ်ဆက်မပြတ် ပြုပြင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လမ်းပန်းဆက်သွယ်မှုနှင့် တည်းခိုနေထိုင်မှု အဆင်ပြေချောမွေ့ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

လက်ရှိလာရောက်လည်ပတ်ကြသော နိုင်ငံများအား အထူးရည်မှန်းချက်ထား၍ ဧည့်သည်များ ပိုမိုလာရောက်နိုင်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် အလားအလာကောင်းသည့်နိုင်ငံများကို ရွေးထုတ်ပြီး မြန်မာနိုင်ငံအပေါ် ပိုမိုစိတ်ဝင်စားလာအောင် ဈေးကွက်မြှင့်တင်ရေးကိုလည်း ဖန်တီးကြရမည်ဖြစ်သည်။ အားဖြည့်ပေးသည့် အကြောင်းအရာများတွင် နိုင်ငံတကာလေကြောင်းလိုင်းများ တိုက်ရိုက်ဆင်းသက်နိုင်ခြင်းနှင့် ဈေးကွက်အဖြစ်သတ်မှတ်ထားသော နိုင်ငံများအား ဗီဇာကင်းလွတ်ခွင့်ပြုခြင်းတို့ကို ထူးခြားသော အစီအစဉ်များအဖြစ် ဖော်ဆောင်သင့်ပါသည်။

ကမ္ဘာလှည့်ခရီးသည်များ အများအပြားလာရောက်လည်ပတ်စေရန်အတွက် မြန်မာနိုင်ငံသည် လည်ပတ်ချင်စရာကောင်းသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်ကို ကမ္ဘာကပိုမိုသိရှိအောင် ဈေးကွက်မြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်လည်ပတ်ရေးတို့ကို ဆောင်ရွက်ပေးရန် အရေးကြီးပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ပုံရိပ်ကောင်းမွန်မှုအပေါ်တွင် တည်မှီသဖြင့် ဒေသခံပြည်သူများအနေဖြင့် ယဉ်ကျေးသော လူမျိုး၊ စည်းကမ်းတကျ နေထိုင်တတ်သော လူမျိုးဖြစ်အောင် ကျင့်ကြံအားထုတ်ကြရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့သည် အရေးကြီးသဖြင့် မိမိတို့ဒေသများ တည်ငြိမ်အေးချမ်းရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်။ ထို့အပြင် သန့်ရှင်းလတ်ဆတ်သော အစားအစာများကို စားသောက်နိုင်ရေးအတွက်ပါ စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံ၏ပုံရိပ်ကောင်းမွန်ခြင်းကို ပြသခြင်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွား၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုပါသဖြင့် ခရီးသွားလုပ်ငန်းတိုးတက်လာအောင် လက်တွဲချိတ်ဆက် ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် အကြံပြုအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၂၄**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ကို ဦးတင်ထွန်းဦး၊ Vice-Chairman Trusty E-Commerce (Trusty Family Company Limited) က ယနေ့နက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေအခက်အခဲအတွက် လာရောက်အကူအညီတောင်းခံမှု ယခင်နှစ်များကထက် နည်းပါးဟုဆို

**သထုံ မေ ၂၄**

ယခုနှစ် နွေရာသီတွင် ရေလိုအပ်ချက်အတွက် သထုံခရိုင်အတွင်းရှိ ကျေးရွာများမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လာရောက်အကူအညီတောင်းခံသည့် အရေအတွက် နည်းပါးသွားကြောင်း သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရေပြတ်လပ်မှု ကြုံတွေ့လာရပါက သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များအား အလွယ်တကူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပေးထားပြီး ဆက်သွယ်လာပါက အချိန်နှင့်တစ်ပြေးညီ ရေပေးဝေနိုင်ရေးအတွက် စီစဉ်ထားကြောင်း၊ လက်ရှိအချိန်တွင် လာရောက်ဆက်သွယ်သည့် ကျေးရွာများအား ရေသယ်ယာဉ်များဖြင့် ရေပေးဝေလျက်ရှိသော်လည်း ယခင်နှစ်များကထက် နည်းပါးကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်းက ပြောသည်။

"ဒီနှစ်က အရင်နှစ်တွေလောက် ရေပေးဝေရတာ သိပ်မများဘူး၊ ရေအတွက် လိုအပ်ချက်တွေကို ဖြည့်ပေးထားတာဖြစ်လို့ ဒီနှစ်အတွက် ရေလိုအပ်ချက်နည်းသွားတာပါ၊ ပြီးတော့ တခြားအဖွဲ့အစည်းတွေကလည်း တော်တော်လေး လိုက်ပြီးရေလှူနေကြတာလည်းပါတယ်၊ ပြီးခဲ့တဲ့နှစ်က ရေးပေးဝေမှု တော်တော်လုပ်ရပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ယခုနှစ်နွေရာသီတွင် မတ် ၁ ရက်မှစတင်ကာ မေလလယ်အထိ သထုံခရိုင်အတွင်း သထုံမြို့နယ်တွင် ကျေးရွာ တစ်ရွာ၊ ဘီးလင်းမြို့နယ်တွင် ကျေးရွာ ငါးရွာ၊ ပေါင်မြို့နယ်တွင် ကျေးရွာ နှစ်ရွာ စုစုပေါင်း ကျေးရွာ ရှစ်ရွာအား ရေဂါလန်စုစုပေါင်း ၃၁၄၅၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုက်လံပေးဝေထားကြောင်း သိရသည်။



ရေလိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်ရုံးများသို့ အကြောင်းကြားနိုင်ပြီး အချို့ရွာများအား လမ်းပန်းအခက်အခဲ၊ ယာဉ်အခက်အခဲနှင့် ဝန်ထမ်းအခက်အခဲများကြောင့် နေ့စဉ် ရေမပို့ပေးနိုင်ပါက နားလည်ပေးကြရန်နှင့် ၎င်းရွာများအား အနည်းဆုံး နှစ်ရက်လျှင် တစ်ခေါက်နှုန်းဖြင့် အရောက်ပို့ပေးမည်ဖြစ်ကြောင်း ဦးမိုးဝင်းက ဆက်လက်ပြောကြားသည်။

သထုံခရိုင်အတွင်း ရေပြတ်လပ်မှုလျော့ချနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှည်စီမံကိန်းများအနေဖြင့် ရေအခက်အခဲဖြစ်သည့် ကျေးရွာများတွင် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်၊ အခြားသော ရေရရှိရေးလုပ်ငန်း ခြောက်မျိုးကို နှစ်စဉ် လိုက်လံဆောင်ရွက်နေပြီး လာမည့်နှစ်အတွက်လည်း ထပ်မံဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲတင်ပြထားပြီးဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၄**

ရန်ကုန်(ရွှေဈေး) ၉၄၃၀၀၀ - ၉၄၃၀၀၀၊ မန္တလေး(ရွှေဈေး) ၉၄၃၀၀၀ - ၉၄၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၅၀/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၉၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၅/၈၀၅ ကျပ်၊ | ၈၅၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၆၀/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၅/၈၂၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၈၀ ကျပ်

***၁၉-၄-၂၀၁၈ ရက်နေ့မှ ၂၃-၄-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၇၁ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၈၀၂ ကျပ်၊ ဒီဇယ် တစ်လီတာ ၈၂၇ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၇ ကျပ် ဖြစ်ပါသည်။*** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၁. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၂၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၀၉၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၆၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၆၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၁. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၈၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၀. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်ကအဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည် ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၄**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Jaroslav Dolecek အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မြန်မာနှင့် ဗီယက်နမ် အနုပညာရှင်များ ပူးပေါင်းတင်ဆက်ဖျော်ဖြေမည်

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် Cultural Cooperation Program (2017-2020) အရ မြန်မာနှင့် ဗီယက်နမ် အနုပညာရှင်များ ပူးပေါင်းတင်ဆက်မည့် “Honoring brands in cultural activities and international integration” ဖျော်ဖြေပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ မေ ၂၈ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးနယ်ပယ်၌ နှစ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၄**
အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (Independence Commission Against Corruption-ICAC) မှ ကော်မရှင်နာ Mr.Simon PEH Yun LU နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် Action Plan ပါ အနာဂတ်တွင် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြီး အဖွဲ့ဝင်ဒေါ်မြတ်မြတ်စိုးက ကော်မရှင်သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို Power Point ဖြင့် ရှင်းပြသည်။

ICAC အဖွဲ့ဝင်က ကော်မရှင်သို့ အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် သင်တန်းများ၊ ပညာပေးရေးအစီအစဉ်များတွင် အကူအညီပေးရေးတို့အပါအဝင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနယ်ပယ်၌ နှစ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဦးဟန်ညွှန့်၊ ဒေါ်မြတ်မြတ်စိုး၊ ဦးအောင်လွင်နှင့် ဦးမျိုးမြင့်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ပုဏ္ဏားကျွန်းမြို့နယ်၌ (၈)ကြိမ်မြောက် ခမီအမျိုးသားနေ့ အထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**စစ်တွေ မေ ၂၄**
ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျင်တလင်းကျေးရွာ၌ (၈)ကြိမ်မြောက် ခမီအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၂၇ ရက် နံနက် ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

“ခမီအမျိုးသားနေ့ ကျင်းပခြင်းဖြင့် ခမီတိုင်းရင်းသားတွေရဲ့ ရိုးရာအလုဓလေ့နဲ့ ယဉ်ကျေးမှုတွေကို ဖော်ထုတ်အကောင်ထည်ဖော်နိုင်မှာ ဖြစ်ပါတယ်၊ တခြားတိုင်းရင်းသားတွေနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်၊ မိမိလူမျိုးကို မိမိတို့ယုံကြည်မှုရှိကာ လူမျိုးချစ်စိတ်များ ပေါ်ပေါက်လာစေပြီး ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ရိုးရာ အမွေအနှစ်တွေကို မျိုးဆက်သစ်လူငယ်တွေ သိရှိပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်လာစေဖို့ ဖြစ်ပါတယ်”ဟု ခမီတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးလေကျော်အောင်က ပြောသည်။ ခမီအမျိုးသားနေ့ကို မြို့နယ်အလိုက် နှစ်စဉ် မေ ၂၇ ရက်တွင် ရိုးရာအစဉ်လာမပျက် ကျင်းပလျက်ရှိကြောင်း ၎င်းကပြောသည်။

ထို့ပြင် ခမီတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့မှ ရိုးရာဓလေ့များကို ဖော်ပြသည့်အနေဖြင့် ခမီတေးသရုပ်ဖော်သီချင်းများ၊ ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(မြန်/ဆက်)**

# ပြင်သစ်သမ္မတ မေခရွန် အိမ်ဖြူတော်သို့ ရောက်ရှိ

**ဝါရှင်တန် မေ ၂၄**
ပြင်သစ်သမ္မတ အီမင်နျူယယ် မေခရွန်သည် တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် အမေရိကန်သမ္မတအိမ်ဖြူတော်သို့ ဆိုက်ရောက်လာကြောင်း၊ သမ္မတမေခရွန်၏ ခရီးစဉ်အတွင်း အီရန် နျူကလီးယားသဘောတူညီချက်အရေးနှင့် အတ္တလန္တိတ် သမုဒ္ဒရာ နှုတ်ခမ်းသတ်နိုင်ငံများ၏ ကုန်သွယ်မှုမြှင့်တင်ရေးတို့နှင့်ပတ်သက်၍ အဓိကထားဆွေးနွေးကြမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

**ကြိုဆို**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် သမ္မတကတော် မယ်လာနီယာတို့သည် သမ္မတမေခရွန်နှင့် သမ္မတကတော် ဘရီးဂစ်တို့အား အိမ်ဖြူတော်တွင် ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ကြသည်။ ဧည့်သည်တော်သမ္မတဇနီးမောင်နှံတို့အား အိမ်ရှင်သမ္မတ ဇနီးမောင်နှံတို့က မေ ၂၃ ရက်ညတွင်



ပထမဆုံးသော အမေရိကန်သမ္မတ ဂျော့ဂျ်ဝါရှင်တန် နေထိုင်ခဲ့ရာ စံအိမ်တော်ဖြစ်သော မောင့်ဗာရွန်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အမေရိကန်နှင့် ပြင်သစ်ခေါင်းဆောင်များ အိမ်ဖြူတော်တွင် တွေ့ဆုံဆွေးနွေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ **အေအက်ဖ်ပီ**

## စစ်မဲ့ဇုန်ရှိ တောင်ကိုရီးယားကျေးရွာသို့ သတင်းထောက်များကို ဖိတ်ကြား

**ဆိုးလ် မေ ၂၄**
ကိုရီးယားနှစ်နိုင်ငံအကြား စစ်မဲ့ဇုန်၏ တောင်ကိုရီးယားဘက်ခြမ်းရှိကျေးရွာ၌ နေထိုင်သူများသည် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲတွင် ရလဒ်ကောင်း ထွက်ပေါ်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားကြသည်။ လေးကီလိုမီတာ အကျယ်အဝန်းရှိ စစ်ကင်းမဲ့ဇုန်မှာ ကိုရီးယားကျွန်းဆွယ်ကို တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံအကြား ပိုင်းခြားထားသော စစ်ရေးထိန်းချုပ်ရေးမျဉ်း တစ်လျှောက်တွင် တည်ရှိသည်။

၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ နောက်ပိုင်း ယင်းဇုန်တွင် တောင်နှင့်မြောက်ကိုရီးယားတို့၏ ရွာတစ်ရွာစီရှိကြောင်း၊ မေ ၂၇ ရက်တွင် ပြုလုပ်မည့် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ မေ ၂၄ ရက်တွင် တောင်ကိုရီးယားအစိုးရက ၎င်းတို့ဘက်ခြမ်းရှိ ကျေးရွာသို့ လာရောက်ရန် သတင်းထောက်များကို ဖိတ်ကြားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ကျိုဒို**

# တရုတ်ရေတပ်၏ လေယာဉ်တင် သင်္ဘောကြီး အရှေ့တရုတ်ပင်လယ်ပြင်အတွင်း စစ်ရေးလေ့ကျင့်

**ပေကျင်း မေ ၂၄**
တရုတ်ရေတပ်၏ တစ်စင်းတည်းသော လေယာဉ်တင် သင်္ဘောကြီး လျောင်နင်းသည် အရှေ့တရုတ်ပင်လယ်ပြင်အတွင်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

လျောင်နင်းအမည်ရှိ လေယာဉ်တင် သင်္ဘောကြီး ဦးဆောင်သော စစ်သင်္ဘောအုပ်စုသည် လက်တွေ့ပစ်ခတ်သည့် လေ့ကျင့်မှုများ အပါအဝင် တိုက်ပွဲဝင် စစ်ဆင်ရေးဆိုင်ရာ လေ့ကျင့်မှုအမျိုးမျိုးကို မေ ၂၂ ရက်က အရှေ့တရုတ်ပင်လယ်ပြင်အတွင်း ပြုလုပ်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ စစ်ရေးလေ့ကျင့်မှု ပြုလုပ်သောနေရာမှာ အိမ်နီးချင်း နိုင်ငံများနှင့် ရေကြောင်းပိုင်နက် အငြင်းပွားမှုတွင် ပါဝင်ပတ်သက်နေသောနေရာ အနီးတွင် ဖြစ်သည်။

လေယာဉ်တင်သင်္ဘော လျောင်နင်း၏ ကုန်းပတ်ပေါ်မှ ဂျေ-၁၅ ဂျက်တိုက်လေယာဉ်များ ပျံတက်သည့်လေ့ကျင့်ခန်းကို ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြပြီး လေယာဉ်တင်သင်္ဘောကို ခြံရံလိုက်ပါလာကြသည့် စစ်သင်္ဘောများက လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်များကို ပစ်ခတ်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

**ရေချခဲ့**

တရုတ်ရေတပ်အတွက် အသုံးပြုနိုင်ရန် စစ်အေးခေတ်က အသုံးပြုခဲ့သော လေယာဉ်တင်သင်္ဘောတစ်စင်းကို ယူကရိန်းနိုင်ငံမှ ဝယ်ယူခဲ့ကာ ပြန်လည်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် ယင်းလေယာဉ်တင်သင်္ဘောကြီးကို ရေချခဲ့သည်။



လေယာဉ်တင်သင်္ဘောကြီး လျောင်နင်းသည် မကြာသေးမီရက်သတ္တပတ်များ အတွင်းကလည်း စစ်ရေးလေ့ကျင့်မှု အမျိုးမျိုးကို ပြုလုပ်ခဲ့ရာတွင် ဖျက်သင်္ဘောများနှင့် ထောက်ပံ့ရေးသင်္ဘောများလည်း ပါဝင်ခဲ့သည်။

ယခုလအစောပိုင်းက တောင်တရုတ်ပင်လယ်ပြင်အတွင်း လေယာဉ်တင် သင်္ဘောကြီး လျောင်နင်းဦးဆောင်သော စစ်သင်္ဘောများက စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ရာတွင် သမ္မတ ရှီကျင့်ဖျင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက်တွင် စစ်ရေယာဉ်စုက သီးခြားစစ်ရေးလေ့ကျင့်မှုနှစ်ရပ်ကို ဆက်လက်ပြုလုပ်ခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က တရုတ်(တိုင်ပေ)အနီးဝန်းကျင်ရှိ ပင်လယ်ပြင်အတွင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းကြောင့် တရုတ်(တိုင်ပေ)အစိုးရအဖွဲ့မှာ ဒေါသအမျက်ထွက်ခဲ့ရသည်။ တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ခွဲထွက်ထားသော ပြည်နယ်အဖြစ် ရှုမြင်ပြီး မိမိနိုင်ငံ၏ နယ်မြေတစ်စိတ်တစ်ဒေသတွင် ပါဝင်သည်ဟု ဆိုသည်။ တစ်ချိန်ချိန်တွင် ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် စစ်အင်အားကို သုံးစွဲကောင်းသုံးစွဲရဖွယ်ရှိသည်ဟု တရုတ်အစိုးရတာဝန်ရှိသူများက ထုတ်ဖော်ပြောဆိုခဲ့ကြပြီး ဖြစ်သည်။ **အေအက်ဖ်ပီ**

## ပါလက်စတိုင်းဒုက္ခသည်စခန်းကို ဆီးရီးယားတပ်ဖွဲ့များ တိုက်ခိုက်

**ဘေရွတ် မေ ၂၄**
ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်၏ တောင်ဘက်ရှိ အစ္စလာမ္မစ် နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)က ထိန်းချုပ်ထားသော နယ်မြေတစ်ခုကို အစိုးရတပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားငါးဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားအရေးစောင့်ကြည့်သည့်အဖွဲ့က မေ၂၃ရက်တွင် ပြောကြားသည်။

ဆီးရီးယားသမ္မတ အာဆတ်အား သစ္စာခံသည့် တပ်ဖွဲ့များက ဒမတ်စကတ်မြို့စွန်ရှိ ပါလက်စတိုင်းဒုက္ခသည်များ နေထိုင်ရာ ရာမောက်ဒုက္ခသည်စခန်းကို မြေပြင်စစ်ဆင်ရေးနှင့် လေကြောင်း ဗုံးကြဲစီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ သမ္မတ အာဆတ်အား ထောက်ခံသည့် တိုက်ခိုက်ရေးသမား ၁၅ ဦး သေဆုံးပြီး ဂျိဟတ်ဝါဒီ စစ်သွေးကြွအိုင်အက်စ် ၁၉ ဦး သေဆုံးခဲ့ကြောင်း၊ ဆီးရီးယားအစိုးရတပ်ဖွဲ့များက မြို့တော် ဒမတ်စကတ်တောင်ဘက်ပိုင်းဒေသတွင် ဒုံးကျည်များနှင့် အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ရဟတ်ယာဉ်များက ပစ်ခတ်တိုက်ခိုက်ခြင်းများကိုလည်း ဆက်လက်ပြုလုပ်နေကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ **အေအက်ဖ်ပီ**

# တိုရွန်တိုမြို့တွင် လမ်းသွားလမ်းလာ လူအုပ်အတွင်းသို့ ဗင်ကားတစ်စီးဝင်တိုက်၊ ၁၀ ဦးသေဆုံး

**တိုရွန်တို မေ ၂၄**
ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် မေ ၂၃ ရက်နေ့လယ်စာ စားသုံးချိန် လူစည်ကားနေခိုက် ကားလမ်း တစ်ဖက်တစ်ချက်တွင် လမ်းလျှောက်သွားလာနေသည့် လူအုပ်စုအတွင်းသို့ လူတစ်ဦးငှားရမ်း မောင်းနှင်လာသည့် အဖြူရောင် ဗင်ကားတစ်စီးက အရှိန်ပြင်းစွာ ဝင်တိုက်ခဲ့ရာ လူ ၁၀ဦး သေဆုံးပြီး ၁၅ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ လူအုပ်စုအား ဗင်ကားဖြင့် ဝင်တိုက်ခြင်းသည် တမင်ရည်ရွယ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**ဝမ်းနည်းဖွယ်**

ယင်းတိုက်ခိုက်မှုမှာ ဝမ်းနည်းဖွယ်ကောင်းလှပြီး အသိတရားကင်းမဲ့သည့် တိုက်ခိုက်မှုဖြစ်ကြောင်း ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ဂျပ်စတင် ထရူးဒိုးက ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် ကနေဒါနိုင်ငံ ခေတ်ပြိုင်သမိုင်းတွင် အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်ခံရမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုအတွက် သံသယရှိသူအဖြစ် သတ်မှတ်ခံရသည့် တိုရွန်တိုမြို့ဆင်ခြေဖုံးအရပ်မှ အသက် ၂၅ နှစ်အရွယ်ရှိ အလက်ခ် ပင်နက်စဆီယန်တိုဘူကို ဖမ်းဆီးထားကြောင်း တိုရွန်တို ရဲတပ်ဖွဲ့ အကြီးအကဲ မာ့ခ်ဆန်းဒါးက ပြောကြားသည်။

**မသိရ**

ဗင်ကားဖြင့် ဝင်ရောက်တိုက်သူသည် မည်သည့်ရည်ရွယ်ချက်အရ ပြုလုပ်ခဲ့သည်ကို မိမိတို့မသိရသေးကြောင်း၊ ၎င်းသည် ရဲမှတ်တမ်းများအရ ပြစ်မှုကျူးလွန်ခဲ့ဖူးသည့် ဖြစ်စဉ်မရှိခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

**တရကြမ်းဝင်တိုက်**

မေ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့် လူစည်ကားချိန်၌ ယွန်ဂေးလမ်းပေါ်တွင် တောင်ဘက်သို့ ဦးတည်မောင်းနှင်လာသည့် အဆိုပါ ဗင်ကားသည် အချိန်ရာသီမဟုတ် နွေးထွေးနေသည့်နေ့ရက် ဖြစ်ခြင်းကြောင့် လမ်းများပေါ်သို့ပျော်ရွှင်စွာထွက်လာကြသော လမ်းလျှောက်နေသည့် လူအုပ်စုအတွင်းသို့ တရကြမ်းဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်သည် တိုရွန်တိုမြို့လယ်မှ ၂၉ ကီလိုမီတာအကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြို့လယ်ရှိ ကနေဒါ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတွင် စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု(ဂျီ-၇)မှ နိုင်ငံခြားရေးဝန်ကြီးများက ကမ္ဘာ့ရေးရာများ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နေချိန်လည်း ဖြစ်သည်။ **အေအက်ဖ်ပီ**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr.Song Tao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr.Song Tao တို့သည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်တို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Yuan Zhibing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၄**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် အောင်ဆန်းရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ပြသနိုင်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်သည် မြန်မာနိုင်ငံ၏ သမိုင်းလည်းဖြစ်ပြီး တပ်မတော်၏သမိုင်းလည်း ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရခြင်းသည် အလွန်ပင် ဂုဏ်ယူဖွယ်ရာကောင်းသည့်၊ တန်ဖိုးထားဖွယ်ရာ ကောင်းသည့် အမျိုးသားရေးလုပ်ငန်း တာဝန်ကြီးတစ်ခုကို ထမ်းရွက်ရသည်ဟု ခံယူကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးရန် ဇာတ်ညွှန်းကို သမိုင်းနှင့်ကိုက်ညီမှုရှိစေရန်အတွက် မြန်မာသမိုင်းပညာရှင်အဖွဲ့မှ ပညာရှင်ကြီးများ စုံညီစွာ တက်ရောက်ကြကြောင်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ဇာတ်ညွှန်းရေးသားခြင်းကို ဖွန်လအပြီး ရေးသားပြီး ပဉ္စမအကြိမ် အစည်းအဝေးတွင် တင်ပြမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ကို ၂၀၁၉ ခုနှစ်၌ အပြီးရိုက်ကူးမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် စတင်ရုံတင်ပြသနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် ယင်းလုပ်ငန်းကြီး အဆင့်အတန်းမြင့်မြင့်နှင့် အောင်မြင်ပြီးမြောက်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဌာနဆိုင်ရာများနှင့်ညှိနှိုင်းပြီး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




အစည်းအဝေးတွင် လုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဒါရိုက်တာမင်းထင်ကိုကိုကြီးက ဇာတ်ညွှန်းရေးသားဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးနှင့် အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းနေရာတွင် သရုပ်ဆောင်မည့် ကျော်ကျော်မျိုးက “အလွန်တာဝန်ကြီးပါတယ်၊ တာဝန်လည်း ကျေချင်တယ်၊ အစွမ်းကုန်ကြိုးစားမှာပါ၊ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ပြင်ဆင်ထားတာတွေ ရှိပါတယ်၊ စစ်သင်တန်းလည်း တက်ထားတယ်၊ သရုပ်ဆောင်သင်တန်းတွေတက်ထားတယ်၊ ရိုက်ကွင်းတွေကိုလည်း လေ့လာထားတယ်၊ ဗိုလ်ချုပ်စာအုပ် တော်တော်များများကိုလည်း ဖတ်နေရတယ်၊ ပထမရိုက်တုန်းက ကိုယ်အားမရတဲ့အပိုင်းတွေ တွေ့လိုက်ရပြီ၊ အခုအကောင်းဆုံးဖြစ်အောင် ပြင်ဆင်လို့ရတာပေ့ါ၊ စိတ်ဓာတ်ကိုအမြင့်ဆုံးဖြစ်အောင် သက်ဆိုင်ရာလူကြီးတွေက စိတ်ထဲကိုရိုက်သွင်းထားတယ်လေ၊ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုပြုမူရမယ်ဆိုတာ ကောင်းကောင်းလေ့ကျင့်ပေးထားတယ်၊ အတိအကျလိုက်နာပြီး အကောင်းဆုံးကြိုးစားသွားပါမယ်၊ ဒီဇာတ်ကားက တော်တော်ကြာကြာရိုက်ရမယ်ဆိုတော့ ကျွန်တော်တာဝန်ကျေအောင် ကြိုးစားသွားမှာပါ”ဟု ပြောသည်။

“ဒုတိယအကြိမ်ပြန်ရိုက်မယ်ဆိုတော့ အများကြီးကြိုးစားရမယ်၊ ဒီကြားထဲမှာ ကွာဟနေတဲ့ကာလတွေ အများကြီးရှိခဲ့တဲ့အတွက် အများကြီးကြိုးစားသွားမှာပါ၊ ဇာတ်ညွှန်းထွက်ပြီးသွားရင် ဒါရိုက်တာဘက်က လိုအပ်တဲ့ အချက်အလက်တွေ ပေးမယ်၊ အဲဒါတွေကို လေ့လာရမယ်၊ ကိုယ်ကလည်း တာဝန်တစ်ဖက်နဲ့ဆိုတော့ အဲဒါတွေကို မျှပြီးလုပ်ရမှာပါ၊ ဒေါ်ခင်ကြည်က စိတ်မာတဲ့အမျိုးသမီးတစ်ယောက်ပါ၊ ရုပ်ရှင်တွေထဲမှာ သရုပ်ဆောင်လုပ်တယ်ဆိုတာက ငိုတာတို့ ရယ်တာတို့ရှိမယ်၊ သူ့နေရာမှာ သူ့ရဲ့စိတ်ခံစားချက်က ဝမ်းနည်းရင်လည်း တအားကြီးငိုတတ်တဲ့အမျိုးသမီး တစ်ယောက်မဟုတ်ဘူး၊ သူ့ယောက်ျား ကျဆုံးတဲ့အချိန်မှာတောင် ဝမ်းနည်းမှုကို ဒီမျက်လုံးတွေနဲ့ပဲ ဖော်ပြရတာဆိုတော့ ခက်ပါတယ်၊ အများကြီး ကြိုးစားရဦးမယ်”ဟု ဒေါ်ခင်ကြည်နေရာတွင် ပါဝင်သရုပ်ဆောင်မည့် နန္ဒာခြည်လင်းက ပြောသည်။

ယင်းနောက် အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့က ရိုက်ကူးတင်ဆက်သည့် အောင်ဆန်းရုပ်ရှင်နမူနာ ဇာတ်လမ်းကိုပြသပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်အလှူငွေပေးအပ်ပွဲကို ကျင်းပရာ သီရိသုဓမ္မသိင်္ဂီ ဒေါ်စမ်းစမ်းနှင့် မိသားစုက ငွေကျပ်သိန်း ၁၅၀၊ ဦးကျော်မြင့် (ခိုလုံလီရှော တိုင်းရင်းသားဥက္ကဋ္ဌ)- ဒေါ်ဝင်းမြင့် မိသားစု၊ ဒေါ်ခင်ချို၊ ဒေါက်တာဝင်းမြင့်- သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦးတို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ဦးစိုင်းမောင်ထွန်းနှင့် သုဓမ္မသိင်္ဂီ ဒေါ်နန်းမြစိန်တို့က ငွေကျပ်သိန်း ၆၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်စွာအောင်-ဒေါ်ပိုးဖြူတို့က ငွေကျပ်သိန်း ၃၀ ၊ သုဓမ္မမဏိဇောတဓရ ဦးလူဝင်း၊ ဒေါက်တာအောင်ကျော်ဝင်း- ဒေါက်တာသက်သက်ခိုင် မိသားစု၊ ဦးဇေယျသူရမွန်- ဒေါ်ခိုင်ခိုင်မြင့်တို့က ငွေကျပ် ၂၅ သိန်းစီ၊ သက်သတ်လွတ်ချန်တက်ထန် ငါးပါးသီလအဖွဲ့၊ ဦးသက်ဆွေ-ဒေါ်ယမင်းကိုကိုတို့က ငွေကျပ်သိန်း ၂၀ စီ၊ ဦးသိန်းဝင်းဇော်- ဒေါ်တင်လတ်မင်း (ရွှေဗျိုင်းဖြူကုမ္ပဏီ)က ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာလှဝင်းအောင်၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်လှလှဝေ၊ သုဓမ္မသိင်္ဂီဒေါ်ဌေးဌေးရီ၊ ဦးရဲလင်း- သုဓမ္မသိင်္ဂီ ဒေါ်အိအိခင်၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင်တို့က ငွေကျပ် ဆယ်သိန်းစီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းဌေး ၊ သုဓမ္မမဏိဇောတဓရ ဦးဟံရှင်း၊ သုဓမ္မသိင်္ဂီ ဒေါ်တင်လေးကြည်တို့က ငွေကျပ် ငါးသိန်းစီ၊ သုဓမ္မမဏိဇောတဓရ ဦးဟုတ်ငွေ ၊ သုဓမ္မမဏိဇောတဓရ ဦးလှဝင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးခင်ကျော် (ချန်ပီယံစတိုး)က ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်သိန်း ၇၄၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးလူမင်းနှင့် ဒါရိုက်တာ မင်းထင်ကိုကိုကြီးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - ရဲထွန်း**

# မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးလက်ဂဝံလမ်းခင်း

**ရွှေကျင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ကျေးရွာအတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစေရန် မေ ၂၄ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကျင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးဟိန်းဇော်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများနှင့်အတူ မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့် အနောက်ဘက်ကျေးရွာအုပ်စု သောင်လည်ကျေးရွာတွင်မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာအတွင်းဂဝံလမ်းခင်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်းသိရသည်။

**နေလင်း(ညောင်လေးပင်)**

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှုအစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကြေးမုံ

မေ ၂၅၊ ၂၀၁၈

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လူမှုရေးအသင်းအဖွဲ့များ ဥပဒေနှင့်အညီ မှတ်ပုံတင်သင့်ပြီ

**တင်တော်**

ဗုဒ္ဓသာသနာထွန်းကားရာ မြန်မာ့လူမှုဝန်းကျင်တွင် မည်မျှပင် ဆင်းရဲချမ်းသာ ဆူကြုံနိမ့်မြင့်ကွာဟသည်ဖြစ်ပါစေ သဘာဝဘေးဆိုးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသူတိုင်းနှင့် လူမှုရေး၊ ကျန်းမာရေး အခက်အခဲရှိသူတိုင်းကို အစဉ်အမြဲ ကူညီထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိသည်မှာ မြန်မာတို့၏ စစ်မှန်သည့်အခြေခံ စိတ်ရင်းစေတနာကောင်းမှ ပေါက်ဖွားလာသော “ပရဟိတ”ဟူသည့် အများအကျိုးလိုလားမှုအသိစိတ်ပင်ဖြစ်ပါသည်။

မိမိတို့၏ လူမှုအသိုက်အဝန်းကို စိတ်အေးချမ်းမြေ့လွတ်လပ်ပျော်ရွှင်စေလိုသော မုဒိတာတရား၊ လူမှုအဖွဲ့အစည်းအပေါ် သနားကြင်နာ ကိုယ်ချင်းစာတတ်သောမေတ္တာတရား၊ ဘေးဒုက္ခသင့်ပြီး အခက်အခဲနှင့် ကြုံတွေ့နေရသူများကို အားပေးကူညီ စောင့်ရှောက်လိုသော ကရုဏာတရားများနှင့် ပြည့်ဝ နှလုံးသားလှသူများသာ ပရဟိတအလုပ်ကို ကိုယ်ကျိုးစွန့်၍ လုပ်ကိုင်နိုင်ကြမည်ဟု ယုံကြည်မိပါသည်။

ယနေ့အချိန်ခါတွင် အထွေထွေလိုအပ်ချက်များဖြင့် မွန်းကျပ်နေသော အခြေခံ ပြည်သူများ၏လူမှုဘဝကို မြှင့်တင်ပေးနိုင်ရေးအတွက် စိတ်ကောင်းစေတနာဖြင့် အနှောင်အဖွဲ့ကင်းမဲ့စွာ ကူညီပံ့ပိုးဖြည့်ဆည်းပေးမည့် “ပရဟိတ” အသင်းအဖွဲ့များ များစွာလိုအပ်နေပြီဖြစ်၏။ထိုအသင်းအဖွဲ့များ၏လုပ်ရပ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အားပေးကူညီရာရောက်သလို ပိုမိုကောင်းမွန်သည့် အနာဂတ်လူမှုအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရန် တည်ဆောက်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိ၏။

ယနေ့ “ပရဟိတ”ဟုဆိုလျှင် စုပေါင်းသွေးလှူခြင်း၊ နာရေးကူညီပို့ဆောင်ပေးခြင်း၊ နာမကျန်းသူများကို ကူညီစောင့်ရှောက်ပေးခြင်း၊ ဒဏ်ရာရလူနာများနှင့် Dead Body များအား ဆေးရုံသို့ သယ်ပို့ပေးခြင်းတို့သာဖြစ်သည်ဟု အများစုက မှတ်ယူနေကြ၏။ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ Development Function များဖြစ်သော လူမှုဘဝမြှင့်တင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအပါအဝင် စိတ်ပိုင်းဆိုင်ရာ အားနည်းနိမ့်ကျနေသူများကို Mental Progressive Education ပြုလုပ်ပေးခြင်းတို့ကိုလည်း ပရဟိတလုပ်ငန်းအနေဖြင့် တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

အခုတလော သတင်းစာ၊ ဂျာနယ်များ၌ လူမှုရေးအသင်းအဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့အချို့၏ ဝတ်စုံနှင့် အမှတ်အသားတံဆိပ်များသည် နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အသွင်အပြင် အရောင်အသွေးဆင်တူနေသဖြင့် မသမာသူများ၊ အဖျက်အမှောင့် ပြုလုပ်လိုသူများက အသွင်ယူဟန်ဆောင် ချဉ်းကပ်ပြီး မလိုလားအပ်သော ပြဿနာများ ဖန်တီးပြုလုပ်လာနိုင်သဖြင့် ထိုသို့သော ဝတ်စုံနှင့် အဆင်တန်ဆာများကို အသုံးပြုဝတ်ဆင်ခြင်းမပြုကြရန် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ကိုယ်တိုင်လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များကို တွေ့ဆုံရှင်းလင်းအသိပေး၊ သတိပေးလျက်ရှိကြောင်းဖတ်ရှုရပါသည်။ ဖြူစင်သန့်ရှင်း စစ်မှန်သော “ပရဟိတအသင်း”များအား ကြိုဆိုထောက်ခံဂုဏ်ယူအားပေးနေသော်လည်း ပရဟိတလုပ်ငန်းကို အမည်အမျိုးမျိုးတပ်၍ နိုင်ငံတော်အား နှောင့်ယှက်မှုများ ပြုလုပ်လာ မည်ကိုတော့ လုံးဝမလိုလားပေ။

“အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေ” အရ မှတ်ပုံတင်ထားသည့်အသင်းအဖွဲ့၏ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံ၏ဒီဇိုင်းတို့ကို နည်းလမ်းတစ်မျိုးမျိုးဖြင့် အသုံးပြုခြင်းများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်စေရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း အချို့သောပရဟိတ လူမှုရေးအသင်းအဖွဲ့များသည် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုကြသဖြင့် မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိလိုက်နာ လေးစားရကောင်းမှန်း မသိကြခြင်းဟု သုံးသပ်ယူဆမိပါသည်။

မိတ္ထီလာကဲ့သို့သော ခရိုင်မြို့ကြီး၌ပင် ပရဟိတလူမှုကူညီစောင့်ရှောက်ရေးအသင်းအဖွဲ့ပေါင်း ၇၀ ကျော်ရှိသော်လည်း သုံးသင်းသာ အသင်းဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲ၍ တရားဝင်မှတ်ပုံတင်ကာ ဖွဲ့စည်းရပ်တည်နေသည်ဟု ကြားသိရ၏။ သို့ဖြစ်၍ ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ မိမိတို့သဘောဆန္ဒဖြင့် မိမိဘာသာဖွဲ့စည်းရပ်တည်လှုပ်ရှားနေသော အသင်းအဖွဲ့များက ၉၅ ရာခိုင်နှုန်းကျော်ရှိနေသဖြင့် ဒီမိုကရေစီခေတ်တွင် ဥပဒေကို လေးစားလိုက်နာတတ်သော အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးသင့်ပြီဟုလည်း သုံးသပ်တွေ့ရှိရပါသည်။

ပရဟိတနယ်ပယ်ကို အခြေပြု၍နိုင်ငံရေးအသွင်ဆောင်သည့်အင်အားစုဖွဲ့မှုမျိုး ပြုလုပ်လာနိုင်ခြေရှိသည်ကိုလည်း မြင်တွေ့နေရ၏။ နိုင်ငံရေးအမြတ်ထုတ်လိုသူများက လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များကို စည်းရုံးသိမ်းသွင်း ကူညီပံ့ပိုးပေးပြီး လိုအပ်သည့်အခါ နိုင်ငံရေး အင်အားစုအဖြစ် အသွင်ပြောင်းလဲအသုံးချနိုင်ရေး နောက်ကွယ်မှ ကြိုးကိုင် ချယ်လှယ်မှုမျိုးပြုလုပ်လာနိုင်သလို ဘေးအန္တရာယ်အခက်အခဲ၊ ဆင်းရဲဒုက္ခနှင့် ကြုံတွေ့နေရသူများကို တမင်ရည်ရွယ်အားပေးကူညီထောက်ပံ့ ဖြည့်ဆည်းပေးပြီး ယုံကြည်မှုရယူတည်ဆောက်ကာ လိုအပ်ချိန် လိုအပ်သောထောက်ခံ တုံ့ပြန်မှုမျိုး ပြန်လည်ရယူနိုင်ရေး ထိုးဖောက်စည်းရုံးမှုများ ပြုလုပ်လာနိုင်သည်ဟုလည်း တွေးမြင်မိပါသည်။

အချို့မြို့ကြီးများတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာဟုအမည်အမျိုးမျိုးခံကာ တရားဝင်မှတ်ပုံတင်ခြင်းမရှိဘဲ တစ်ဦးတည်းပိုင်တည်ထောင်ထားသောပရဟိတအသင်းအချို့သည် လိုင်စင်ရှိ (H.S.E) ယာဉ်တစ်စီးဝယ်ယူပြီး သဏ္ဍာန်တူ၊ အမျိုးအစားတူ လိုင်စင်မဲ့ယာဉ်များ ထပ်မံဝယ်ယူ၍ နံပါတ်တူ အတုတပ်ဆင်ပေးခြင်း၊ ၎င်း၏အသင်းအဖွဲ့အမည်တံဆိပ်ကို ကပ်ပေးခြင်း၊ အဖွဲ့ဝင်ဟု သတ်မှတ်ခြင်းဖြင့် တရားမဝင်ရောင်းဝယ်နေကြသည်ဟုလည်း ကြားသိနေရ၏။

သွားလာဆက်သွယ်မှုခက်ခဲသည့်ကျေးရွာများ၌ မတည်ရင်းနှီးငွေအနည်းငယ်မျှဖြင့် လူနာတင်ယာဉ်တစ်စီးဝယ်နိုင်ပြီး အများအကျိုးဆောင်ရွက်ပေးနိုင်၍ ကျေနပ်ဝမ်းသာစရာဖြစ်သော်လည်း ပရဟိတလုပ်ငန်းကို အလွဲသုံး၍ တရားမဝင် လိုင်စင်မဲ့ယာဉ် ရောင်းဝယ်ရေး မှောင်ခိုဈေးကွက် တွင်ကျယ်လာမည်ကိုတော့ စိုးရိမ်မိပါသည်။

အဆိုပါလိုင်စင်မဲ့ယာဉ်တစ်စီးစီးသည် ပေါ့ဆ၍ မောင်းနှင်မှုကြောင့် တစ်နေရာရာ၌ ယာဉ်မတော်တဆတိုက်မှု၊ တိမ်းမှောက်မှုများ ဖြစ်ပေါ်ခဲ့ပါက ရောင်းချပေးသူသည် ချက်ချင်းလိုက်လာကာ ၎င်းလက်ဝယ်ရှိ အသွင်တူ (H.S.E) လိုင်စင်ရှိ ယာဉ်နှင့် တရားဝင်စာရွက်စာတမ်းအထောက်အထားများကို သက်ဆိုင်ရာသို့ အစားထိုးတင်ပြ၍ ဥပဒေကို လှည့်စားကာ အရေးယူအပြစ်ပေးခံရခြင်းမှ ရှောင်လွှဲနေမှုများရှိနေကြောင်းလည်း ကြားသိရသဖြင့် တရားဥပဒေစိုးမိုးရေးအတွက် စိတ်မအေးဖြစ်မိပြန်ပါသည်။

အချို့သော ဝိသမလောဘသမားများသည် လူမှုကူညီစောင့်ရှောက်ရေးအသင်းအမည်ဖြင့် အမှတ်အသားတံဆိပ်ကပ်ထားသော မီးတန်းပါယာဉ်များကို အသုံးပြု၍တရားမဝင်သစ်မှောင်ခိုသယ်ဆောင်ခြင်း၊ မူးယစ်ဆေးဝါးလျှို့ဝှက်သယ်ပို့ ဖြန့်ဖြူးခြင်းနှင့် ဒုစရိုက်သမားအချို့ကလည်း ရာဇဝတ်ပြစ်မှုကျူးလွန်ရာတွင် ပရဟိတစာတန်းပါ မီးတန်းပါယာဉ်ဖြင့် အသွင်ယူ လှည့်စားအလွဲအသုံးပြုနေကြကြောင်း ကြားသိနေရသဖြင့်လည်း ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် စိုးထိတ်စရာဖြစ်လာနေပြန်၏။

ထို့ပြင် မိတ်ဆွေရှေ့နေတစ်ဦး၏ပြောပြချက်အရ မြို့နယ်တရားရုံးတစ်ခုတွင် “အမှုပွဲစားများမဝင်ရ”ဟု စာတန်းချိတ်ဆွဲတားမြစ်ထားသော်လည်း အမှုပွဲစားများက လူမှုကူညီစောင့်ရှောက်ရေးအသင်းအမည်နှင့် အမှတ်အသား တံဆိပ်ပါဝတ်စုံများဝတ်ဆင်ကာ ရှေ့နေမငှားနိုင်သော၊ ဥပဒေအကြောင်းခြင်းရာ မသိနားမလည်သော တောအရပ်မှအမှုသည်များကို ပရဟိတစိတ်ဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးမည်ဟု အသံကောင်းဟစ်၍ လုပ်စားနေကြကြောင်း၊ အမှုပွဲစားအချင်းချင်း စားကျက်လုကာ ပစ်စာများဖြင့် အပြန်အလှန်လုပ်ကြံ တိုင်ကြားနေကြသဖြင့် တရားစီရင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသလို အမှုသည်များလည်း ပိုမိုနစ်နာဆုံးရှုံးနေရကြောင်း ကြားသိရ၍ တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်မည်ကို စိုးရိမ်မိ၏။

ထိုသို့သော “ပရဟိတ”အမည်ခံ၍မရိုးမသားနှင့် ကိုယ်ကျိုးရှာနေသူများကြောင့် မှတ်ပုံတင်ထားပြီး ကောင်းသတင်းဖြင့် ကျော်စောသော “ပရဟိတအသင်း”များ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတစ်ဝန်းရှိ မှတ်ပုံတင်မထားသည့် လူမှုရေးအသင်းအဖွဲ့အားလုံးကို အုပ်ချုပ်မှုနည်းလမ်း၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ စည်းကမ်းစနစ်တကျ ထိန်းကျောင်းသင့်ပြီဟုလည်း နိုင်ငံသားတစ်ဦးအနေဖြင့် သုံးသပ်မိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်စေရေး၊ အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ အကျိုးကို အထောက်အကူပြုနိုင်စေရေး၊ အသင်းအဖွဲ့များ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်စေရေး ရည်ရွယ်ပြီး “အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေ”ကို အများပြည်သူအကျိုးအတွက် နိုင်ငံတော်မှ ပြဋ္ဌာန်းပေးထားပြီးဖြစ်သော်လည်း အဘယ်ကြောင့် မှတ်ပုံတင်ခြင်းမပြုကြသည်ကိုလည်း နားမလည်နိုင်ပေ။

နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုထိခိုက်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။ တရားဝင်မှတ်ပုံတင်ထားသော အသင်းအဖွဲ့ဖြစ်မှုလည်း ဥပဒေနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများကို ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပံ့ပိုးပေးမည်ဖြစ်သကဲ့သို့ အကာအကွယ်ပေးခြင်းလည်းခံရမည်ဖြစ်ပါသည်။ ထို့အတူ ခရိုင်အဆင့်၊ မြို့နယ်အဆင့် မှတ်ပုံတင်ပါက မှတ်ပုံတင်ကြေးပေးသွင်းရန်မလိုသလို ဘာသာရေး၊ သာသနာရေးနှင့် စီးပွားရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်နေသော အသင်းအဖွဲ့များသည် ဤဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားရန်လည်း မလိုပေ။ သို့သော်လည်း လူမှုရေးအသင်းအဖွဲ့များမှာမူ ဤဥပဒေအရ မပျက်မကွက် မှတ်ပုံတင်ကြရမည်သာဖြစ်ပါသည်။

ထိုသို့ မှတ်ပုံတင်ထားမှုလည်း သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်တစ်စုံတစ်ရာကိုဖြစ်စေ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိသည့်အခါ ဥပဒေနှင့်အညီ အရေးယူကြပ်မတ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းရှိ ပရဟိတအမည်ခံ လူမှုကူညီစောင့်ရှောက်ရေးအသင်းအဖွဲ့များအားလုံး “အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ” နှင့်အညီ မှတ်ပုံတင်ပြီး နိုင်ငံတော်နှင့် အများပြည်သူ အကျိုးအတွက် တရားဝင် ရပ်တည်လှုပ်ရှား ဆောင်ရွက်ကြစေရေး ကြီးကြပ်ကွပ်ကဲသင့်ပြီဟု အကြံပြုတင်ပြလိုက်ရပါသည်။ ။

**“ပရဟိတ”အမည်ခံ၍ မရိုးမသားနှင့် ကိုယ်ကျိုးရှာနေသူများကြောင့် မှတ်ပုံတင်ထားပြီး ကောင်းသတင်းဖြင့် ကျော်စောသော “ပရဟိတအသင်း”များ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတစ်ဝန်းရှိ မှတ်ပုံတင်မထားသည့် လူမှုရေးအသင်းအဖွဲ့အားလုံးကို အုပ်ချုပ်မှုနည်းလမ်း၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့် အညီ စည်းကမ်းစနစ်တကျ ထိန်းကျောင်းသင့်ပြီဟုလည်း နိုင်ငံသားတစ်ဦးအနေဖြင့် သုံးသပ်မိပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကရင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မြစ်ရေတင်စီမံကိန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၄**

နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားဦးကြီးများ၏ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာတောင်းဆိုမှုများနှင့် လိုအပ်ချက်များအပေါ် အကြားအလပ်မရှိ ဖြည့်ဆည်းပံ့ပိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဘက်စုံထောင့်စုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၀ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ တောင်သူများ စုစည်းညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ချက်များကိုလည်းကောင်း၊ တောင်သူလယ်သမားအစုအဖွဲ့ သမဝါယမလုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရေးကို ဥပဒေနှင့်အညီ ထူထောင်လုပ်ကိုင်နိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ တောင်သူများ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သုံးစွဲနိုင်မည့် နည်းလမ်းများနှင့် ခေတ်မီစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနေမှုတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့နယ် တရုတ်လှမြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံက ကရင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော တရုတ်လှ၊ ဘားကပ်၊ ဇာသပြင်၊ သံလှယ်မြစ်ရေတင်စီမံကိန်းများမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် စီမံကိန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နွေသီးနှံစိုက်ဧက စုစုပေါင်း ၁၁၀၆ ဧကကို အကျိုးပြုလျက်ရှိမှုကိုလည်းကောင်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စက်ရေတွင်း စုစုပေါင်း ၄၃ တွင်းတူးဖော်ပေးနိုင်ခဲ့သဖြင့် ဒေသသောက်သုံးရေရရှိရေးကို အကျိုးပြုလျက်ရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများသည် ဒေသအကျိုးပြုလုပ်ငန်းများဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့အကျိုးရှိစေရေးအတွက် တာဝန်ရှိသူများနှင့် ဒေသနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

မေ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးတို့နှင့်အတူ ဘားအံမြို့ရေပေးဝေရေး(ဘားမဲတောင်) စီမံကိန်းလုပ်ငန်းကို လည်းကောင်း၊ ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းသို့ လည်းကောင်း ရောက်ရှိကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းအနေဖြင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းပညာရပ်များ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သဖြင့် တစ်ဦးချင်းဝင်ငွေတိုးပွားရေးအတွက် ကာလတိုသင်တန်းများဖြစ်သည့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာဖြစ်သော ဝါးလက်မှုထည်၊ ဂျပ်ခုတ်၊ လူသုံးကုန် အလှကုန်၊ အခြေခံသံဂဟေဆက်နှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၆၉ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)သို့ ရောက်ရှိပြီး စာတွေ့လက်တွေ့ သင်ကြားမှုဆိုင်ရာများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် တောင်သူများ နည်းပညာပြည့်ဝစွာရရှိရေးအတွက် အနီးကပ်ဆောင်ရွက်ကြရမည့် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးရာဌာနဖြစ်သည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများသာမက တောင်သူပညာပေးလုပ်ငန်းများနှင့် အကျွမ်းတဝင်ဖြစ်စေရေး၊ ဆန်းသစ်လျက်ရှိသော နိုင်ငံတကာမှ နည်းပညာသတင်းအချက်အလက်များနှင့် သုတေသနဆိုင်ရာ တွေ့ရှိချက်များကို စဉ်ဆက်မပြတ် လေ့လာတတ်စေရေးတို့အတွက်ပါ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့နယ် ဝါးဆူးကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော တောင်သူပညာပေးဆွေးနွေးပွဲတွင် တက်ရောက်လျက်ရှိသည့် တောင်သူလယ်သမားများအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၌ ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်အပေါ် ဆက်လက်ဆန်းစစ်ကြီးကြပ်မှုအနေဖြင့် ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၄**

ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို (ဒေါပုံ)၏ မေးခွန်းဖြစ်သော ပြည်ထောင်စုအစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် ပြည်သူလူထု ပိုမိုအားထားလာသော မျက်စိအထူးကုဆေးရုံကြီး (Yangon Eye Hospital) အား ဆေးရုံအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ဖြေကြားထားချက်များနှင့်ပတ်သက်၍ နောက်ဆက်တွဲ ဆက်လက်ဆန်းစစ်ကြီးကြပ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ ဦးဆောင်သော အဖွဲ့သည် မေ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မျက်စိရောဂါ အထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး ပြင်ပလူနာဌာနတွင် လူနာများ တန်းစီစောင့်ဆိုင်းရမှု အခြေအနေ၊ အတွင်းလူနာဌာန၊ ခွဲစိတ်ရန်လူနာများအား ရက်ချိန်းပေးမှုအခြေအနေ၊ ခွဲစိတ်ခန်းနှင့် ခေတ်မီတန်ဖိုးကြီး ရောဂါရှာဖွေစမ်းသပ်ရေးစက်ကိရိယာများ၏အခြေအနေ၊ စာသင်ခန်းများ၏ အခြေအနေ၊ တာဝန်ထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြု ဝန်ထမ်းများ၏ လုပ်ငန်းခွင်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာသက်သက်စိန်၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်ဝင်း၊ မေ့ဆေးဆရာဝန်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက လိုက်လံရှင်းလင်းပြောကြားပြီး လိုအပ်သော ဆွေးနွေးမှုများပြုလုပ်ကာ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (ဗဟို)နှင့် တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ အဖွဲ့ဝင်များပါဝင်သော အလုံးစုံခြုံငုံသုံးသပ်ရေးအဖွဲ့က ပြန်လည်ဆန်းစစ်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားထားချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျာမနီဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယအဆင့် ထောက်ပံ့ငွေပေးအပ်ခြင်းအတွက် ထောက်ပံ့ငွေစာချုပ်နှင့် ထပ်ဆင့်ချေးငွေစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရန် ဂျာမနီဖွံ့ဖြိုးရေးဘဏ်(KfW) မှ ဒုတိယအဆင့် ထောက်ပံ့ငွေ ယူရို ၁၀ ဒသမ ၈၅ သန်း ပေးအပ်ခြင်းအတွက် ထောက်ပံ့ငွေစာချုပ်များနှင့် ထပ်ဆင့်ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆)၌ ကျင်းပသည်။




အဆိုပါ ထပ်ဆင့်ချေးငွေများအတွက် စည်းကမ်းချက်များမှာ လုပ်ငန်းဆောင်ရွက်မည့် ဘဏ်များသို့ ငွေထုတ်ချေးရာတွင် တစ်နှစ်လျှင် အတိုးနှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၂ နှစ်နှင့် ပြန်ဆပ်ကာလ သုံးနှစ် စုစုပေါင်း ချေးငွေသက်တမ်း ၁၅ နှစ်ဖြစ်သည်။ ယင်းဘဏ်များမှ စီမံအုပ်ချုပ်မှုစရိတ်နှင့် ဘဏ်စရိတ်အတွက် ငါးရာခိုင်နှုန်း ထပ်ဆောင်း၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ တစ်နှစ်လျှင် အနည်းဆုံး အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထပ်ဆင့်ထုတ်ချေးမည်ဖြစ်သည်။

သမဝါယမဘဏ်လီမိတက်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်မှ SMEs သို့ ထုတ်ချေးမည်ဖြစ်ရာ ထပ်ဆင့်ချေးငွေ စာချုပ်များအား မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် သမဝါယမဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်) ကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်နော်အယ်ဖောနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်ကိုယ်စား ဒါရိုက်တာ (ဒါရိုက်တာအဖွဲ့ဝင်) ဒေါ်သီတာမျိုးအောင်တို့က လည်းကောင်း၊ Financing Agreement (ထောက်ပံ့ငွေ)ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် ဂျာမနီနိုင်ငံအစိုးရကိုယ်စား ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) မှ ဒါရိုက်တာ Ms. Eva Schneider တို့က လည်းကောင်း၊ Separate Agreement ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံး၊ ဂျာမနီနိုင်ငံအစိုးရကိုယ်စား ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) မှ ဒါရိုက်တာ Ms. Eva Schneider၊ သမဝါယမဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်) ကိုယ်စား ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်နော်အယ်ဖောနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်ကိုယ်စား ဒါရိုက်တာ (ဒါရိုက်တာအဖွဲ့ဝင်) ဒေါ်သီတာမျိုးအောင်တို့က လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျာမနီနိုင်ငံအစိုးရက ပထမအကြိမ်တွင် ထောက်ပံ့ငွေ ယူရို ၄ ဒသမ ၄၅ သန်း ပေးအပ်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် ထပ်မံပေးအပ်ခြင်းဖြစ်သည်။ ယင်းသို့ ပေးအပ်မှုအရ SME လုပ်ငန်းများသို့ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးပေးနိုင်မည်ဖြစ်ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ပွဲရှောင်မိသားစုဝင်များအား ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက သွားရောက်ထောက်ပံ့

**မြစ်ကြီးနား မေ ၂၄**
မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်းရှိ ဒေသအခေါ်ကဆုန့်နှင့် ဇွပ်မိုင်ကျေးရွာများမှ နယ်မြေလုံခြုံရေးအခြေအနေအရ နမ္မတီးမြို့ရှိ ခရစ်ယာန်ဘုရားကျောင်းများသို့ ခေတ္တပြောင်းရွှေ့လာသော မိသားစုများအား မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်အားပေးခဲ့ကြပြီး ဆန်ရိက္ခာ၊ ဆေးဝါးနှင့် မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နမ္မတီးမြို့ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(KBC)ဘုရားကျောင်းအတွင်းရှိ အိမ်ထောင်စု ၁၀၄ စု၊ လူဦးရေ ၄၂၇ ဦးတို့အား သွားရောက်တွေ့ဆုံအားပေးခဲ့ကြကာ ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၁၆၉ အိတ်နှင့် ခေါက်ဆွဲခြောက်ရိက္ခာ ဖာ ၄၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မိသားစုများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၉၆၇၀၀ နှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆေးဝါးများနှင့် ဆေးစိမ်ခြင်ထောင်များ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့က မိသားစုဝင်များအတွက် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် Dignity Kit ၊ Sanitary Kit ၊ Kitchen Set များနှင့် ခြင်ထောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မိသားစုဝင်များ၏ ကလေးငယ်များကို မုန့်များ လိုက်လံဝေငှကျွေးမွေးခဲ့ကြသည်။

အလားတူ တိုက်ပွဲရှောင်မိသားစုများ ခေတ္တနေထိုင်ရာ နမ္မတီးမြို့ စိန်ပေါလ်ကက်သလစ်ကျောင်းဝင်းအတွင်းရှိ အိမ်ထောင်စု ၈၆ စုနှင့် လူဦးရေ ၃၁၈ ဦး၊ ကံလှကျေးရွာ၊ ဧမာနွေလအသင်းတော်ကျောင်းဝင်းအတွင်းရှိ အိမ်ထောင်စု ၃၅ စုနှင့် လူဦးရေ ၇၆ ဦးနှင့် မြို့ဦးရပ်ကွက် စိန်ဒေါမနစ် ကက်သလစ်ကျောင်းဝင်းအတွင်းရှိ အိမ်ထောင်စု ၄၅ စုနှင့် လူဦးရေ ၂၀၃ ဦး စုစုပေါင်း အိမ်ထောင်စု ၁၆၆ စုနှင့် လူဦးရေ ၅၉၇ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၂၁၅ အိတ်နှင့် ခေါက်ဆွဲခြောက်ရိက္ခာ ဖာ ၅၀၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၅၃၇၀၀ နှင့် ဆေးဝါးနှင့် ဆေးစိမ်ခြင်ထောင်များ၊ ကြက်ခြေနီတပ်ဖွဲ့က မိသားစုသုံး ကယ်ဆယ်ရေးပစ္စည်းများကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



# စစ်ကိုင်းမြို့တွင် ဝါးအခြေခံလက်မှုထည်သင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိ

**စစ်ကိုင်း မေ ၂၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သော ဝါးအခြေခံလက်မှုထည်သင်တန်း သင်တန်းအမှတ်စဉ် (၁ / ၂၀၁၈ )ကို မေ ၂၃ ရက်မှ မေ ၇ ရက်အထိ စစ်ကိုင်းမြို့ စိန်ကုန်းရပ်ရှိ ဇည ကမ္ဘောဇ ပရဟိတ အမှတ်(၁၈) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။



"အခုဖွင့်လှစ်သင်ကြားပေးနေတာကတော့ ဝါးအခြေခံလက်မှုထည် သင်တန်းအမှတ်စဉ်(၁/၂၀၁၈) ဖြစ်ပါတယ်၊ ဝါးအခြေခံလက်မှုထည် သင်တန်းဆိုတော့ ဝါးကို အရွယ်အစား ထုထည်တူ ဝါးနှီးပြုလုပ်နည်းကို အဓိကထားပြီး သင်ကြားပေးနေပါတယ်၊ ဝါးနှီးပြုလုပ်ခြင်းအခြေခံပညာကို ပြုလုပ်နိုင်ပြီဆိုရင်တော့ ဝါးနဲ့ပြုလုပ်တဲ့ ခာတ်ပုံပေါင်ရက်လုပ်နည်း၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ခဲတံချွန်စက် စတဲ့ပစ္စည်းမျိုးစုံ ထည့်နိုင်တဲ့ ခြင်းတောင်းအငယ် ရက်လုပ်ခြင်း၊ ခြင်းအလှနဲ့ အသုံးပြုနိုင်တဲ့ လျှပ်စစ်မီးသီး၊ ခြင်းအလှ ရက်လုပ်နည်း၊ ဝါးကို အဓိကထားပြီး ပြုလုပ်ရတဲ့ ဝါးတိုင်ကပ်နာရီ ရက်လုပ်နည်းများကို အဆင့်ဆင့် တတ်မြောက်သွားအောင် သင်ကြားပေးသွားမှာ ဖြစ်ပါတယ်" ဟု သင်တန်းနည်းပြ ကိုလင်းဖြိုးအောင်က ပြောသည်။

ယခုဖွင့်လှစ်သော ဝါးအခြေခံလက်မှုထည် နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၁၈) တွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး အိမ်တွင်းလက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားပေးနေခြင်းဖြစ်သည်။ နွေရာသီကာလအတွင်း အိမ်တွင်းလက်မှုပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ သင်တန်းများ ပို့ချပေးလျက်ရှိရာ သင်တန်းကြေးမှာ အခမဲ့ဖြစ်သည့်အပြင် သင်ထောက်ကူပစ္စည်းများကိုလည်း အခမဲ့ပေးကာ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းမျိုးအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချောင်းဦးမြို့နှင့် ဝန်းသိုဒေသများတွင် ၂၀၁၇ ခုနှစ်က သင်ကြားပေးနိုင်ခဲ့ပြီး ယခုအခါ ဝါးအခြေခံပညာသင်တန်းအောင်မြင်ပြီးသူတချို့သည် အိမ်တွင်းလက်မှုပညာဖြင့် ဝင်ငွေရှာနိုင်ကြပြီဟု သင်တန်းနည်းပြ ကိုလင်းဖြိုးအောင်က ဆက်လက်ပြောကြားသည်။ **၀၀၂**

## အင်အားအသင့်အတင့်ရှိ ငလျင်များလှုပ်

**နေပြည်တော် မေ ၂၄**

ယနေ့ နံနက် ၁၀ နာရီ ၃၉ မိနစ် ၀၆ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၁၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးဝမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ) ကလေးဝမြို့နှင့် မင်းကင်းမြို့အနီးဝန်းကျင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့် ရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ပြီး ညနေ ၆ နာရီ ၅၃ မိနစ် ၃၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် ၁၀၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖြူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုများကြောင့် လူအထိအခိုက်မရှိသည့်အပြင် ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**ကြေးမုံ**

## ရခိုင်ပြည်နယ်ရှိ ရေလုပ်သားများ ပင်လယ်ကမ်းနီး ငါးလုပ်ငန်းကို ဒေသအစုအဖွဲ့ ပိုင်အဖြစ် ဆောင်ရွက်လျက်ရှိ

**ကျိန္တလီ မေ ၂၄**
ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိန္တလီမြို့နယ် ကျေးရွာ ၁၀ ရွာမှ ပင်လယ်ကမ်းနီး ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ဒေသအစုအဖွဲ့ပိုင်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျိန္တလီဒေသ ပင်လယ်ကမ်းနီး ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ဒေသအစုအဖွဲ့ပိုင်အဖြစ် ဆောင်ရွက်နိုင်ရေး ငါးလုပ်ငန်းဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့၊ ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (RCA) နှင့် (Pyoe Pin) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံ ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေနေသတ္တဝါမဆုံးရှုံးစေရေးတို့ကို အဓိကထားဆောင်ရွက်နေခြင်းဖြစ်သည်။

ကျိန္တလီဒေသသည် ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ငါးဖမ်းလုပ်ငန်းဆောင်ရွက်ရာတွင် တစ်နှစ်ထက် တစ်နှစ် ငါးဖမ်းဆီးရမိမှုနည်းပါးလာကြောင်း တွေ့ရှိရသဖြင့် ထိုသို့မဖြစ်စေရေးအတွက် စနစ်တကျ ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသထွက်ကုန်အနေဖြင့်လည်း လျော့နည်းသွားမှုမရှိခြင်း၊ ရေရှည်အသက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်နိုင်ခြင်းအပြင် သဘာဝဘေးအန္တရာယ်များကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပင်လုံပြည်ထောင်စုကျောက်တိုင်သို့ လာရောက်လေ့လာသူများဖြင့် နေ့စဉ် စည်ကား



**ပင်လုံ မေ ၂၄**
ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်ချုပ်ဆိုရာ ပြည်ထောင်စုကျောက်တိုင်သို့ နေ့စဉ်လာရောက်လေ့လာသူများ၊ အမှတ်တရဓာတ်ပုံရိုက်ကူးသူများ၊ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မေ ၂၄ ရက် နံနက်ပိုင်းက ပြည်ထောင်စုကျောက်တိုင်သို့ လာရောက်လေ့လာသူများထဲမှ တစ်ဦးနှင့် တွေ့ဆုံမေးမြန်းရာ "ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်က စိုင်းကစ်ဖြစ်ပါတယ်၊ ပင်လုံကို မရောက်ဖြစ်တာ နှစ်ပေါင်း ၂၀ လောက်ရှိပါပြီ၊ အခုလည်း ကျွန်တော်တို့အဖွဲ့ ဘုရားဖူးလေ့လာရေးခရီး ထွက်နေတာပါ။ မိုင်းရှူးမြို့နယ်ရှိ ဟိုက်ပါရေတံခွန်၊ ကျိုင်းတောင်းရေတံခွန်၊ မိုးနဲမြို့ရှိ ဘုရားစုံဖူးပြီး ဒီနေ့မှာ ပင်လုံကျောက်တိုင်ကို ရောက်ရှိလာတာပါ။ ခရီးထွက်လာတာကတော့ တစ်ပတ်လောက်ရှိနေပါပြီ၊ ဒီပင်လုံကျောက်တိုင်က ဟိုးအရင်တုန်းက ရောက်ရှိခဲ့တဲ့ အခြေအနေနဲ့ ဒီနေ့ အခြေအနေတွေက တော်တော်ကြီးပြောင်းလဲလာတာတွေ့ရပါတယ်၊ အခုလို စီစဉ်ဆောင်ရွက်ထားတော့ ဝမ်းသာဂုဏ်ယူမိပါတယ်၊ ကျွန်တော်တို့ရဲ့ နောင်လာနောက်သားတွေအတွက် သမိုင်းအမွေတွေကို တန်ဖိုးရှိရှိ ဆက်လက်ထိန်းသိမ်းကြပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# စစ်ကိုင်းမြို့ ရတနာစေတီဆင်များရှင်စေတီတော်ကြီး ပြုပြင်မွမ်းမံနိုင်ရေး သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူ

**စစ်ကိုင်း ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမိုင်းဝင်ရတနာစေတီဆင်များရှင် စေတီတော်ကြီးသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ရင်ပြင်တော်နှင့် စေတီတော်လုံးပတ် အချို့နေရာများတွင် အက်ကြောင်းများထင်ဟပ်ခဲ့ကာ အရန်စိန်ဖူးတော်နှင့် အချို့ရတနာပစ္စည်းများ မြေခဲ့ပြီး လက်ရှိလှူဒါန်းပူဇော်ထားရှိသော ရွှေသင်္ကန်းများလည်း သဘာဝအတိုင်း ညှိုးမှိန်ပြယ်လွင့်စပြုလာပြီဖြစ်ရာ ရှေးမူမပျက် အကြီးစားပြုပြင်မွမ်းမံနိုင်ရေးအတွက် သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူပွဲကို ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဆရာတော်ကြီးက မိန့်ကြားရာ သဘာဝဘေးအန္တရာယ်ခံနိုင်စေရေး ရှေးမူမပျက် အကြီးစားပြုပြင်မွမ်းမံသွားမှာဖြစ်သည့်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကြမှသာလျှင် လုပ်ငန်းအရှိန်အဟုန်မြင့်တက်လာမှာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ဟောင်းနွမ်းပျက်စီးနေသည့် သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီပုထိုးများ ပြုပြင်မွမ်းမံမှုကို မြတ်စွာဘုရားချီးမွမ်းတော်မူကြောင်း၊ ထို့ကြောင့် မြတ်စွာဘုရားချီးမွမ်းတော်မူသည့် လုပ်ငန်းများ ကြံ့ကြံ့ကြိုက်တုန်း ဆောင်ရွက်ရသည့်အခါ အားလုံးစိတ်ရော ကိုယ်ပါ ကုသိုလ်ပါဝင်ဆောင်ရွက်သွားစေလိုကြောင်း၊ ဆရာတော်ကြီးကလည်း သိန်းပေါင်းငွေကျပ် ၂၅၀၀ ကို မတည်လှူဒါန်းသွားမှာဖြစ်ပြီး ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ ဂေါပကအဖွဲ့များကလည်း ပထမအကြိမ်၊ ဒုတိယအကြိမ် အလှူငွေများလက်ခံထားရှိပြီး စုစုပေါင်းအလှူငွေကျပ်သိန်းပေါင်း ၂၀၃၀ ကျော် ရရှိထားပြီဟု သိရှိရပါကြောင်း၊ မကြာခင်အချိန်မှစ၍ နှစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိန့်ကြားသည်။

ဆက်လက်၍ ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြုပြင်မွမ်းမံသွားမည့် ခန့်မှန်းဗိသုကာ စေတီတော်ပုံများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အတည်ပြုစေတီတော်ပုံရရှိနိုင်ရန် လျှောက်ထားရာ ဆရာတော်ကြီးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ မြို့အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ တက်ရောက်ကြည်ညိုကြသည့် အဖွဲ့အစည်းများက ယခုပြုပြင်မွမ်းမံသွားမည့် စေတီတော်ပုံအား အတည်ပြုရွေးချယ်ခဲ့ကြကာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရတနာစေတီဆင်များရှင်စေတီတော်ကြီး ပြုပြင်မွမ်းမံမှုအတွက် အလှူငွေများလှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် ဆင်များရှင်စေတီတော် ဂေါပကရုံး ဖုန်း ၀၇၂-၂၁၂၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**



# စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ထားဝယ် ဧပြီ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာခဲ့မှုအပေါ် မူလပိုင်ရှင်ဒေသနေတောင်သူများထံသို့ စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားရာ ယနေ့အခမ်းအနားသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ်အတွင်း ယခင်အစိုးရအဆက်ဆက်မှ အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခဲ့သော သိမ်းဆည်းမြေများကို ပြန်လည်စိစစ်ပြီး နိုင်ငံတော်မှ အသုံးပြုရန်မလိုအပ်သည့် မြေယာများကို မူလပိုင်ရှင်(သို့)ပိုင်ဆိုင်ခွင့်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၂၄ ဒသမ ၄၁ ဧကကို ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)ဖြင့် မူလပိုင်ရှင်များနှင့် ပိုင်ဆိုင်ခွင့်ရှိသူ တောင်သူရှစ်ဦးထံ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့အစိုးရလက်ထက်မှာ ယခင်ပြီးပြတ်ခြင်းမရှိသေးသည့် အမှုကိစ္စများအပြင် ထပ်မံတိုင်ကြားထားသည့် အမှုကိစ္စများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် မေ ၅ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၆ ဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ဆေးရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် လယ်ယာမြေနှင့် အခြားမြေများ၊ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့လာသည့် စိစစ်ဖြေရှင်းရမည့်အမှု ၇၉ မှုရှိသည့်အနက် ၁၂ မှုအား ဖြေရှင်းဆောင်ရွက်ပြီးပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းမြေများကို မှန်ကန်မြန်ဆန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တာဝန်ရှိသူများက ထားဝယ်မြို့ ဗျောတော၀ရပ်ကွက် သီရိမင်္ဂလာလမ်း ကွင်းအမှတ် (၃၅)အတွင်းရှိ မူလပိုင်ရှင်ဒေသနေ တောင်သူများဖြစ်သော ဦးပိုင်အမှတ်(၉)ရှိ မြေဧရိယာ ၅ ဒသမ ၂၄ ဧကကို ဦးတင်ထွန်းအားလည်းကောင်း၊ ဦးပိုင်အမှတ်(၁၀)ရှိ မြေဧရိယာ ၄ ဒသမ ၅၄ ဧကကို ဦးကံဝင်းအားလည်းကောင်း၊ ဦးပိုင်အမှတ်(၁၂) ရှိ မြေဧရိယာ ၂ ဒသမ ၁၂ ဧကကို ဒေါ်ထွန်းရီအားလည်းကောင်း၊ ဦးပိုင်အမှတ်(၁၁)ရှိ မြေဧရိယာ ၂ ဒသမ ၂၅ ဧကကို ဦးမျိုးလွင်အားလည်းကောင်း၊ ဦးပိုင်အမှတ်(၁၃)ရှိ မြေဧရိယာ ၂ ဒသမ ၁၀ ဧကကို ဦးစိုးမြင့်အားလည်းကောင်း၊ ဦးပိုင်အမှတ်(၁၄)ရှိ မြေဧရိယာ ၁ ဒသမ ၀၇ ဧကနှင့် ဦးပိုင်အမှတ် (၁၅)ရှိ မြေဧရိယာ ၁ ဒသမ ၁၆ ဧကကို ဦးထွန်းရှိန်အား လည်းကောင်း၊ ဦးပိုင်အမှတ် (၁၆) ရှိ မြေဧရိယာ ၅ ဒသမ ၇၃ ဧက ဦးအောင်ဌေးပါနှစ်ဦးအားလည်းကောင်း ဒေသနေတောင်သူ ရှစ်ဦး စုစုပေါင်းမြေဧရိယာ ၂၄ ဒသမ ၄၁ ဧကအား ယာယီပုံစံ (၃)ဖြင့် အသီးသီးပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ❂ မြန်မာအသင်းမှ

မြန်မာအသင်းသည် ပွဲစကတည်းက ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်း၊ ထိုင်းဂိုးသမား လက်စွမ်းပြကာကွယ်နေခြင်းကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၆၅ မိနစ်တွင် ဂိုးစရခဲ့သည်။ ယင်းဂိုးကို ဘယ်တောင်ပံကစားသမား ဟိန်းထက်အောင်က ထိုင်းနောက်ခံလူများကို ကျော်ဖြတ်ကာ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ရာ ထိုင်းအတွက် အခွင့်အရေးဖြစ်သွား၍ ပွဲပြီးခါနီးတွင် ချေပဂိုးရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် ချေပဂိုးကို ပွဲပြီးခါနီး ၉၀+၂ မိနစ်တွင် ဆီရီမောင်းခိုက မြန်မာနောက်ခံလူများ လူကပ်ကစားပုံ အားနည်းမှုကို အခွင့်ကောင်းယူကာ သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဧပြီ ၂၇ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

### ❖ ကျောဖုံးမှ

အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားခဲ့မှုနှင့် လတ်တလောဆောင်ရွက်နေသည့် UEHRD လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိရာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် ပြန်လည်ဝင်ရောက်လာသူများအား NV ကတ် ထုတ်ပေးရေးလုပ်ငန်းအစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြကာ သတင်းမီဒီယာအဖွဲ့များက သိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် လှဖိုးခေါင်ကြားစခန်းသို့ရောက်ရှိပြီး ကြားစခန်းအပြီးသတ်တည်ဆောက်နေမှုများနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်သတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်ရောက်ရှိပြီး ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးအား သီးခြားစီတွေ့ဆုံကာ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့်နေ့ရက်၊ ပြန်လည်ဝင်ရောက်လာသည့် အကြောင်းရင်း၊ ဝင်ရောက်ခဲ့သည့်နေရာ၊ တစ်ဖက်နိုင်ငံတွင် နေထိုင်ခဲ့သည့်နေရာ၊ လက်ရှိနေထိုင်နေမှု၊ အလုပ်အကိုင်၊ တစ်ဖက်နိုင်ငံမှ ပြန်မလာကြသူများနှင့်စပ်လျဉ်း၍ ၎င်းတို့၏အမြင်၊ လက်ရှိအခြေအနေတွင် အနှောင့်အယှက် ရှိ၊ မရှိနှင့် NV ကတ်အပေါ် ၎င်းတို့၏ အမြင်များနှင့်စပ်လျဉ်း၍ မေးမြန်းသတင်းရယူကြသည်။

**သတင်း-မျိုးမြင့်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**



**ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးကို တွေ့ဆုံမေးမြန်းသတင်းရယူကြစဉ်။**

# မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းမည့် လိဗ်ယူနိုက်တက်အသင်း၌ အမာခံကစားသမား အားလုံးနီးပါး ပါဝင်မည်ဟုဆို

**ရန်ကုန် ဧပြီ ၂၄**

မြန်မာနိုင်ငံသို့ ခြေစမ်းပွဲလာရောက်ကစားမည့် အင်္ဂလန်ကလပ် လိဗ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက "လိဗ်ယူနိုက်တက်အသင်းနဲ့ ခြေစမ်းပွဲက ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိမယ်လို့ ထင်ပါတယ်။ ခြေစမ်းပွဲနှစ်ပွဲစလုံးကို ရုပ်သံက တိုက်ရိုက်ထုတ်လွှင့်ပြသမှာပါ။ လိဗ်ယူနိုက်တက်အသင်းနဲ့ အကျိုးတူပူးပေါင်းလုပ်ဆောင်ဖို့တွေရှိပြီး နောင်နှစ်တွေမှာလည်း ခြေစမ်းပွဲလာရောက်ကစားအောင် ကြိုးစားမှာပါ၊ ပရီမီယာလိဂ်က အသင်းတွေခေါ်ချင်ပေမယ့် ကုန်ကျစရိတ်များမှာပါ၊ စပွန်ဆာများများရမှ အဆင်ပြေမှာပါ"ဟု ပြောသည်။ AYA Bank မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က "လိဗ်ယူနိုက်တက်အသင်းက လာရောက်ကစားတဲ့အတွက် အခကြေးငွေမယူပေမယ့် သွားလာစားသောက် တည်းခိုစရိတ်အတွက် ဒီဘက်က အကုန်အကျခံပေးရပါတယ်၊ ငွေကျပ်သိန်း ၅၀၀၀ ကနေ ၆၀၀၀ ကြား သုံးစွဲရမှာပါ၊ ပရိသတ်တွေ ကွင်းလုံးပြည့်လာရောက်အားပေးမယ်ဆိုရင် တခြားစပွန်ဆာကုမ္ပဏီတွေအနေနဲ့လည်း စပွန်ဆာပေးချင်လာမှာပါ၊ ပရိသတ်တွေ အများအပြားလာရောက်အားပေးဖို့ တောင်းဆိုချင်ပါတယ်၊ ဒါကြောင့်လည်း ဝင်ကြေးတွေ လျှော့ချပေးထားတာဖြစ်ပါတယ်၊ မြန်မာဘောလုံးတိုးတက်ဖို့ နောက်ထပ်အစဉ်အမြဲပံ့ပိုးပေးနေမှာပါ"ဟု ပြောကြားခဲ့သည်။

ထို့နောက်လိဗ်ယူနိုက်တက်အသင်း အုပ်ချုပ်မှုဒါရိုက်တာ Mr.Angus Kinnear က "လာမယ့်ရာသီအတွက် ပြင်ဆင်တဲ့အနေနဲ့ လာရောက်ကစားမှာဖြစ်ပါတယ်၊ အမာခံကစားသမားတွေအားလုံးနီးပါး ပါလာမှာဖြစ်ပြီး အတိအကျကို လာရောက်ခါနီးမှ သိရမှာပါ၊ မြန်မာဘောလုံးပရိသတ်တွေ လိဗ်ယူနိုက်တက်အသင်းကို အားပေးခဲ့တယ်ဆိုတာ သိပါတယ်၊ အခုလိုမျိုး မြန်မာနိုင်ငံကို လာရောက်ခွင့်ရလို့ ဝမ်းသာပါတယ်၊ ဒီခြေစမ်းပွဲဖြစ်အောင် စီစဉ်ပေးတဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ခြေစမ်းပွဲများအဖြစ် မေ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ MNL All Star အသင်းနှင့် လိဗ်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဗ်ယူနိုက်တက်အသင်းတို့ ခြေစမ်းမည်ဖြစ်ကာ ခြေစမ်းပွဲနှစ်ပွဲစလုံးကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် ငွေကျပ် ၂၀၀၀၊ ၃၀၀၀၊ ၄၀၀၀ သတ်မှတ်ထားသည်။

**ရဲရင့်ရှိုင်း**

# ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး စည်းဝေး

စစ်တွေ မေ ၂၄

**သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၃)နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**




ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက်နေကြသူများဖြစ်ကြကြောင်း၊ ယခင်အစိုးရလက်ထက်မှစပြီး သိမ်းဆည်းခံမြေနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သလို ယခုအစိုးရလက်ထက်တွင်လည်း လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို ဒုတိယသမ္မတ(၂)ကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းကာ တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့်ဆင့်တွင်လည်း ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်နေပါကြောင်း၊ ယခုကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် နိုင်ငံတော်သမ္မတကလည်း အထူးစိတ်ဝင်စားပြီး ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းထဲတွင်လည်း အဆိုပါလုပ်ငန်းကို ဦးစားပေးထည့်သွင်းပြောကြားထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ်တွင် တာဝန်ကျေကျေဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းနေရာမှာ တာဝန်ပိုင်းထက် တစ်ဦးချင်းက စေတနာထားကာ ဆောင်ရွက်မည်ဆိုလျှင် ပိုပြီးအောင်မြင်မည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ဗဟိုကော်မတီမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၃)၏ ဒုတိယအဖွဲ့ခေါင်းဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒများကို ရှင်းလင်းပြောကြားပြီး သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၃)၏ အဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။ ဆက်လက်၍ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ငြိမ်းနှင့် ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌများက မြေယာအမှုတွဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ကော်မတီဝင်များက ပြန်လည်ညှိနှိုင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်လမ်းညွှန် အမှာစကားပြောကြားကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ပြည်နယ်ဝန်ကြီးများ၊ သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၃)၏အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်များမှ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကျိုက်ထီးရိုးတောင်တက် ကေဘယ်လ်ကား ခရီးသည် သုံးသိန်းခွဲခန့် စီးနင်းပြီးဖြစ်ဟုဆို

**ကျိုက်ထို မေ ၂၄**

ကျိုက်ထီးရိုးတောင်တက် ကေဘယ်လ်ကားသည် လုံခြုံစိတ်ချမှုမရှိခြင်း၊ အသက်အာမခံမရှိဟုဆိုသည့် လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ပျံ့နှံ့လျက်ရှိသည့် သတင်းများအပေါ် ကုမ္ပဏီက ပြန်လည်ရှင်းလင်းသည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၄ ရက်က ရသေ့တောင်စခန်း ကင်မွန်းချောင်းကျေးရွာ ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုး Cable Car Main Station တွင် ပြုလုပ်ခဲ့သည်။

ကျိုက်ထီးရိုး စေတီတော်ပေါ်တွင် သွယ်တန်းထားသော ကေဘယ်လ်ကားများတွင် အသက်အာမခံမရှိခြင်း၊ လုံခြုံစိတ်ချမှုမရှိခြင်း၊ ပါဝင်ခဲ့သည့် ပြည်တွင်း ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ ကျပ်သိန်းပေါင်း ၇၀၀၀၀ ကျော်ပေးရန် ကျန်ရှိနေခြင်းကြောင့် တရားစွဲဆိုခံနေရခြင်း စသည့် သတင်းများကို လူမှုကွန်ရက် စာမျက်နှာများနှင့် မီဒီယာအချို့မှ ဖော်ပြခဲ့ခြင်းဖြစ်သည်။

ယင်းတို့အနေဖြင့် တရားစွဲဆိုထားခြင်းအပေါ် တုံ့ပြန်သွားမည်မဟုတ်ဘဲ မြန်မာနိုင်ငံ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အသက်အာမခံထားရှိခြင်းကို ကေဘယ်လ်ကား စတင်မပြေးဆွဲမီအချိန်ကပင် IKBZ အာမခံကုမ္ပဏီနှင့် နှစ်ဦးသဘောတူ MoU စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၃၀ တွင် တရားဝင်လက်မှတ် ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Sky Asia ကုမ္ပဏီသည် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံမှ လုပ်ငန်းရှင်များ ပူးပေါင်းတည်ထောင်ထားခြင်းဖြစ်သည်။ ကေဘယ်လ်ကား တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာသန်း ၂၀ အကုန်အကျခံ ရင်းနှီးမြှုပ်နှံထားပြီး ပြင်သစ် အခြေစိုက် Poma ကေဘယ်လ်ကား ကုမ္ပဏီမှနည်းပညာဖြင့် တည်ဆောက်ထားကြောင်း Sky Asia ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr. Cho Ki Hyung က ရှင်းလင် ပြောကြားသည်။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်ပေါ်သို့ ယခင်က ခြေကျင်ခရီးသာ သွားရောက်နိုင်သော်လည်း နောက်ပိုင်းတွင် တောင်တက်ကားများဖြင့် တက်ရောက်ဖူးမြော်နိုင်ခဲ့သည်။ ယခုအချိန်တွင် ရသေ့တောင်စခန်းမှ တစ်ဆင့် စေတီတော်ပေါ်သို့ ကေဘယ်လ်ကားဖြင့် ခုနစ်မိနစ်ခန့် စီးနင်းလိုက်ပါရုံဖြင့် ရောက်ရှိနိုင်ပြီဖြစ်သည်။

တောင်တက်ကား စီးနင်းခမှာ ကင်မွန်းစခန်းမှ ဘုရားမုခ်ဦးဝအထိ အသွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ ခန့် ဖြစ်သော်လည်း ကေဘယ်လ်ကား စီးနင်းခမှာ အသွားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀ ဖြစ်ပြီး အသွားအပြန် စီးနင်းပါက ငွေကျပ် ၆၀၀၀ ဖြစ်ကြောင်း သိရသည်။ တစ်နေ့လျှင် ခရီးသည် ၃၀၀၀ ကျော် လာရောက်စီးနင်းလျက်ရှိပြီး စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ယခုအထိ ခရီးသည် သုံးသိန်းခွဲခန့် လာရောက်စီးနင်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**






# ရသေ့တောင်မြို့၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့် အဘိဓမ္မာသင်တန်း ဖွင့်လှစ်

**ရသေ့တောင် မေ ၂၄**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက် ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်ကြီး၏ ဩဝါဒဖြင့် တတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အဘိဓမ္မာသင်တန်းတို့ကို မေ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးမောင်မောင်လွင်တို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်း၌ သင်တန်းနည်းပြ ဒေါ်တိက္ခိန္ဒြိယ B.A(Bth)ITBMU နှင့် ဒေါ်အေးမူစိန် Dip-ILA တို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် အခြေခံယဉ်ကျေးလိမ္မာဘာသာရပ်နှင့် အဘိဓမ္မာဘာသာရပ်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၀ နှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။ ထို့ပြင် ညနေပိုင်းတွင် ကျန်းမာရေးဆိုင်ရာ အသိပညာများ ဟောပြောကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**




# အောင်လံမြို့၌ မြဝတီဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် မေ ၂၄**

မြဝတီဘဏ်လီမိတက်၏ (၅၇)ခုမြောက် မြဝတီဘဏ်(အောင်လံ)ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အောင်လံမြို့ တရော်ကုန်းရပ်ကွက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီဘဏ်(အောင်လံ)ဘဏ်ခွဲကို အောင်လံမြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

မြဝတီဘဏ်အနေဖြင့် စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ်စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ တစ်နှစ်လျှင် အတိုး ၁၃ ရာခိုင်နှုန်းဖြင့် ချေးငွေများ ထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများအပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ် ပြည်တော်ပြန်ပင့်ဆောင်ပူဇော်ပွဲ ခမ်းနားထည်ဝါစွာ ကျင်းပ

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၏ ဥပနာအတွင်းမှ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်အား ရွှေတိဂုံစေတီတော်တွင် ငါးရက်တိုင်တိုင် အပူဇော်ခံထားရှိရာမှ ယနေ့ညနေ ၅ နာရီတွင် ဗိုလ်တထောင်ဘုရားသို့ ပြည်တော်ပြန်ပင့်ဆောင်ခြင်းနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့အား ပြန်လည်ပင့်ဆောင်ခြင်းကို ခမ်းနားထည်ဝါစွာ ကျင်းပသည်။



အခမ်းအနားအစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ပြည်တော်ပြန်ပင့်ဆောင်ခြင်းအခမ်းအနားကို စတင်ဖွင့်လှစ်ပြီး အခမ်းအနားမှူးက ဗုဒ္ဓဆံတော်မြတ်နှင့် ရတနာနဝရတ် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ပြည်တော်ပြန် ပင့်ဆောင်ပူဇော်ရန် ရဋ္ဌပန္နယာစနဂါထာဖြင့် တောင်းပန်လျှောက်ထားခြင်း၊ နတ်ပြဟ္မာများ၊ သာသနာစောင့်နတ်မင်းများ၊ ဘုရားဒါယကာ ဒါယိကာမများက လိုက်ပါပူဇော်ရန် ဖိတ်ကြားခြင်း၊ နမောတဿ မဟာနမက္ကာရဘုရားရှိခိုးခြင်းနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အစချီ အရိယာသာဝိတ္ထိဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုခြင်း၊ ဆံတော်ရှင်မြတ်ပင့်ဆောင်ရန် မင်္ဂလာအခါတော်ချိန်ကြား၍ သာဓုသုံးကြိမ် ခေါ်ဆိုကာ ပင့်ဆောင်ယာဉ်တန်းများ စတင်ထွက်ခွာခြင်း၊ သံဃာတော်များ၊ ဘုရားဒါယကာ ဒါယိကာမများနှင့် ပရိသတ်များက ဂုဏ်တော်ကိုးပါးပါဠိနှင့် ဆံတော်မြတ်ရှိခိုးကန်တော့လွှာကို သံပြိုင်ညီညာရွတ်ဆို၍ လိုက်ပါပူဇော်ခြင်း စသည့်အစီအစဉ်များဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

ထို့နောက် ဗိုလ်တထောင်စေတီတော်သို့ရောက်ရှိရာ သာသနာ့အလံကိုင်ဥပသကာများနှင့် ဘုရားဒါယကာ ဒါယိကာမများက စေတီတော်အဝင်မုခ်ဦးနှင့် ရင်ပြင်တော်ဝဲ၊ ယာတစ်လျှောက်တွင် ဖူးမြော်ပူဇော်ခြင်း၊ အခမ်းအနားမှူးက ဆံတော်ရှင်မြတ်အား နန်းဦးတန်ဆောင်းသို့ ကြွရောက်အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားခြင်း၊ သံဃာတော်များ၊ ဘုရားဒါယကာ ဒါယိကာမများနှင့် ပရိသတ်များက ဂုဏ်တော်ကိုးပါးပါဠိနှင့် ဆံတော်မြတ်ရှိခိုးကန်တော့လွှာကို သံပြိုင်ညီညာရွတ်ဆို၍ ကြိုဆိုပူဇော်ခြင်း၊ ဆံတော်မြတ်အား ဣဒ္ဓိဒေဝနာ ဂရာဇာမင်္ဂလာဖောင်တော်ထက်မှ နန်းဦးတန်ဆောင်းရှိ ဗုဒ္ဓါသနပလ္လင်တော်မြတ်ဌာနတွင် အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားခြင်း၊ ဗုဒ္ဓပူဇာ မဟာမင်္ဂလာဆင်ယင်ခြင်း၊ အမျှဝေခြင်း၊ နတ်ပြဟ္မာများအား ပြန်လည်ပို့ဆောင်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထိုသို့ပင့်ဆောင်ပူဇော်ရာတွင် ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ပို့ဆောင်ပူဇော်ခြင်း၊ စည်တော်ရှမ်းခြင်းလမ်းတစ်လျှောက်၌ သာသနာ့အလံစိုက်ထူခြင်း၊ ပရိသတ်များက ဆီမီးများဖြင့်ပူဇော်ခြင်း၊ သံဃာတော်များက မေတ္တာဘာဝနာပရိတ်တရားရွတ်ဖတ်ခြင်း၊ ဝတ်အသင်းများက ဝတ်ရွတ်ခြင်း၊ တေးသံရှင်ရီရီသန့်က ဆံတော်မြတ်နှင့် ပတ်သက်သည့် တေးသီချင်းများဖြင့် သီဆိုပူဇော်ခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လမ်းမီးတိုင်များရှိ မီးလုံးအလုံး ၃၀၀ တပ်ဆင်ခြင်း၊ ဖောင်တော်များအား မီးလုံးများဖြင့် အလှဆင်ခြင်း၊ ဗိုလ်တထောင်ဘုရားသို့ ရောက်ရှိချိန်တွင် ဗိုလ်တထောင်ကမ်းနား၌ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကာ ကြိုဆိုပူဇော်ခြင်း၊ သီတဂူဆရာတော်ကြီးက တရားတော်များ ဟောကြားခြင်း စသည့်အစီအစဉ်များဖြင့် ခမ်းနားထည်ဝါစွာ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါပူဇော်မှုကို ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် ဒေါက်တာ ဘဒ္ဒန္တ ဣန္ဒိဝလဆရာတော်ဦးဆောင်၍ ဂိုဏ်းပေါင်းစုံမှ သံဃာတော် အပါး ၄၅၀၀၊ သီလရှင်အပါး ၅၀၀၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ကြိုဆိုပင့်ဆောင်ပူဇော်ကြသည်။

ပင့်ဆောင်ပူဇော်ရာလမ်းတစ်လျှောက်တွင် သံဃာတော်အရှင်သူမြတ်များအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဧည့်ပရိသတ်များက ရေသန့်ဘူး၊ ဓာတ်ဆားရေ၊ စနိုးတာဝါနှင့် စားသောက်ဖွယ်ရာများ၊ ဝတ္ထုငွေများ လှူဒါန်းကြပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်ရှင်မြတ်အား ဖူးမြော်ကြည်ညိုကြသည်

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ် (CO) ဓာတ်ငွေ့အန္တရာယ်ကျန်းမာရေး သတိပေးနှိုးဆော်ချက်

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော သာမန်ကျန်းမာရေးပြဿနာများ**

၁။ ချောင်းဆိုးခြင်း၊
၂။ လည်ချောင်းယားယံခြင်း၊
၃။ မျက်စိစပ်ခြင်းနှင့် မျက်ရည်ယိုခြင်း၊
၄။ နှာစေးခြင်း၊
၅။ ခေါင်းကိုက်ခြင်း။

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သောပြင်းထန်ကျန်းမာရေးပြဿနာများ**

၁။ အသက်ရှူမြန်ခြင်း၊
၂။ ရင်ဘတ်အောင့်ခြင်း၊
၃။ နှလုံးရောဂါ၊အသက်ရှူလမ်းကြောင်းရောဂါနှင့် ရင်ကျပ်ပန်းနာရောဂါ ပိုမိုဆိုးရွားစေခြင်း၊
၄။ အသက်ရှူကျပ်ခြင်း၊
၅။ ချောင်းဆိုးခြင်း၊
၆။ ပန်းနာရင်ကျပ်ထလျှင်မြည်သော ရှီရှီသံများ ထွက်ခြင်း။

**ကာဗွန်မိုနောက်ဆိုဒ် (CO) ဓာတ်ငွေ့ကြောင့်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများ**

၁။ ခေါင်းကိုက်ခြင်း၊
၂။ ဇက်ကြောတက်ခြင်း၊
၃။ အားနည်းခြင်း၊
၄။ အန်ခြင်း၊
၅။ ရင်ဘတ်အောင့်ခြင်း၊
၆။ စိတ်ရှုပ်ထွေးခြင်း။

(ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့အမြောက်အမြား ရှူမိပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်)

**ထိခိုက်ခံစားလွယ်သော အုပ်စုများ**

၁။ နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊
၂။ သက်ကြီးရွယ်အိုများ၊
၃။ ကလေးသူငယ်များ၊
၄။ ကိုယ်ဝန်ဆောင်မိခင်များ။

(ထိခိုက်ခံစားလွယ်သောအုပ်စုများတွင် ပြင်းထန်သောရောဂါလက္ခဏာများ ဖြစ်ပေါ်နိုင်ပါသည်။ မီးခိုးငွေ့ပမာဏထူထပ်လွန်းပါက ကျန်းမာသောလူများတွင်ပင် ပြင်းထန်သောရောဂါလက္ခဏာများ ခံစားရနိုင်ပါသည်)

**မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုဒ် (CO) ဓာတ်ငွေ့အန္တရာယ်အတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ**

၁။ အိမ်တွင်းလေထုညစ်ညမ်းမှု ဖြစ်စေနိုင်သော ဖယောင်းတိုင်မီးထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ထင်းမီးသွေးမီးဖို ဖိုခြင်းများ မပြုလုပ်ပါနှင့်။
၂။ မီးခိုးငွေ့ရှိသော ပတ်ဝန်းကျင်သို့ ရိုးရိုးနှာခေါင်းစည်းအပြင် ပိုမိုကောင်းမွန်သည့် N95 နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်၍ သွားလျှင်ပင် အပြည့်အဝကာကွယ်မှုမရရှိနိုင်ပါ။
၃။ ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက်များနှင့် ကျန်းမာရေးသတင်းများအား ဂရုပြုရယူ လိုက်နာဆောင်ရွက်ပါ။
၄။ လည်ချောင်းစပ်ခြင်းနှင့် ချောင်းဆိုးခြင်းများ ဖြစ်ပေါ်ပါက ရေများများ သောက်ပါ။
၅။ ထိခိုက်ခံစားလွယ်သော အုပ်စုများဖြစ်သည့် နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များတွင် အထက်ဖော်ပြပါ လက္ခဏာများဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ပြသကုသမှုခံယူပါ။
၆။ မီးခိုးလျှော့ပါးသည့် နေရာများတွင် ပြင်ပမှမီးခိုးများ မဝင်ရောက်စေရန် ပြတင်းပေါက်များ၊ တံခါးများပိတ်ထားပြီး မိမိအိမ်အတွင်း၌သာ နေရန်နှင့် အပြင်သို့သွားလာခြင်း တတ်နိုင်သလောက် လျှော့ချပါ။
၇။ မိမိအိမ်၊ ပတ်ဝန်းကျင်တွင် မီးခိုးအလွန် ထူထပ်လာပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်၍ မီးခိုးလွတ်ကင်းရာနေရာဒေသများသို့ ခေတ္တရွှေ့ပြောင်းခိုလှုံနေထိုင်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



**ပုသိမ်မြို့ အမှတ်(၃)နယ်မြေ တောရကျောင်းလမ်း သဒ္ဓမ္မသီတဂူမဟာစည် သာသနာ့ရိပ်သာ (ပြည်တွင်း၊ ပြည်ပ မဟာစည်သာသနာ့ရိပ်သာများ)၏ ဦးသျှောင် ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပုသိမ်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာသဘ မဟာထေရ် သက်တော် (၈၀) သိက္ခာတော် (၆၀)ပြည့်မွေးနေ့ ရတနာသုံးပါးပူဇော်ပွဲကို မေ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တိုင် ကျင်းပစဉ်။** ပုသိမ်လှကြည်

## တရားမဝင် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား တာချီလိတ်၌ လွှဲပြောင်းပေးရာ ၂၄၆ ဦးအထိ ရှိလာ

**တာချီလိတ် မေ ၂၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ ထိုင်းနိုင်ငံတွင် တရားမဝင် အလုပ်ဝင်ရောက်လုပ်ကိုင်နေသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမား ခုနစ်ဦးအား ယနေ့ မေ ၂၄ ရက် နံနက်ပိုင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအမှတ်(၂)တွင် လွှဲပြောင်းပေးရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပေးရာတွင် တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီ (CNCMC) နှင့် တာဝန်ရှိသူများက စိစစ်လက်ခံကာ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်နိုင်ရေး ကူညီစီစဉ်ဆောင်ရွက်ပေးသည်။

အဆိုပါ ရွှေ့ပြောင်းမြန်မာအလုပ်သမားများမှာ ၎င်းတို့၏ဆန္ဒဖြင့် ပြန်လာသူများမဟုတ်ဘဲ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်သန်းခွင့် သက်တမ်းလွန်ခြင်း၊ အထောက်အထားမရှိဘဲ နေထိုင်ခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်း စသည့် အချက်များကြောင့် ဖမ်းဆီးခံရပြီး ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်သူများဖြစ်ကြောင်း သိရသည်။

အလားတူ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား လွှဲပြောင်းပေးရာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၄ ရက်အထိ ရက်ပေါင်း ၁၁၃ ရက်အတွင်း အမျိုးသား ၁၆၉ ဦး၊ အမျိုးသမီး ၇၀ နှင့် ကလေး ခုနစ်ဦး စုစုပေါင်း ၂၄၆ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကလေးမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၄**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ကလေးမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု ရေယားကျေးရွာအနီးတွင် ဝေဖြိုးအောင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မကွေ့ကျေးရွာနေ မအေးစိုး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ မကွေ့ကျေးရွာနေ မအေးစိုး၏ဖခင်ဖြစ်သူ လှသိန်း၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဆီခဲ ၈၀ ဂရမ်ကိုလည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၂ နာရီခွဲတွင် ကလေးမြို့နယ် မြင်းမထိ ကျေးရွာအုပ်စု တောင်ကြီးခြေကျေးရွာနေ မမြတ်မူ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၊ မီးဖိုချောင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင် ဖောက်ထွင်းသူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**ညောင်လေးပင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ (၄)ရပ်ကွက်၌ မေ ၂၃ ရက် ညနေ ၄ နာရီက လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ပြစ်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီးညောင်လေးပင်မြို့ မြို့မ (၄)ရပ်ကွက် မန္တလေးလမ်းရှိ "လေလှိုင်း" လျှပ်စစ်ပစ္စည်းဆိုင်ပိုင်ရှင်က မေ ၂၂ ရက် နံနက်ပိုင်းတွင် ဆိုင်ဖွင့်မည်ပြုစဉ် ဆိုင်၏ အနောက်ဘက်သံတံခါးမှာ ပွင့်နေပြီး ဖုန်းများ၊ ဖုန်းငွေဖြည့်ကတ်များ၊ ငွေစက္ကူရောရာနှင့် လျှပ်စစ်ပစ္စည်းများ ပျောက်ဆုံးနေသဖြင့် ဆိုင်ပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ညနေ ၄ နာရီခွဲခန့်တွင် မြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ညောင်လေးပင်မြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူးဌေးဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ CCTV မှတ်တမ်းများအရ ပြစ်မှုကျူးလွန်သူနှစ်ဦး၏ပုံရိပ်များကို တွေ့ရှိခဲ့ပြီး နယ်ထိန်းတပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းရာ မေ ၂၃ ရက် မွန်းလွဲပိုင်းက လူငယ်နှစ်ဦး ဖုန်းအသစ်များ ကိုင်တွယ်သုံးစွဲနေသည်ဆိုသော သတင်းအရ တာဝန်မှူးနှင့် နယ်ထိန်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များနှင့် ဒေသခံပြည်သူများက ပြစ်မှုကျူးလွန်သူများဖြစ်သည့် နေမျိုးအောင် (၁၇)နှစ်နှင့် သန့်ဇင်အောင် (၁၆)နှစ် ညောင်လေးပင်မြို့နယ် ကြိုးကြာကွင်းကျေးရွာနေ သူတို့အား ငွေကျပ် သိန်းလေးဆယ်ကျော်တန်ဖိုးရှိ ဖောက်ထွင်းခိုးယူသွားသော ပစ္စည်းများနှင့်အတူ လက်ဝယ်တွေ့ရှိသဖြင့် ဖမ်းဆီးနိုင်ခဲ့သည်။

သို့ပါ၍ ပြစ်မှုကျူးလွန်သူများအား ညောင်လေးပင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရွှေတောင်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးမှုဖြစ်ပွား

**ရွှေတောင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ကျေးရွာအုပ်စုသုံးစုမှ ကျေးရွာ ၁၀ ရွာတွင် မေ ၂၃ ရက် ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျ၊ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် တရုတ်မှော်ကျေးရွာအုပ်စုတွင် နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး ၂၉ လုံး အမိုးလန် ပျက်စီးခဲ့သည်။ လမိုင်းကျေးရွာအုပ်စုတွင် နေအိမ်ကိုးလုံး အမိုးလန်ပျက်စီး၊ သရက်သုံးပင်ကျေးရွာအုပ်စုတွင် နေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးနှင့် စုစုပေါင်း နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး ၄၈ လုံး အမိုးလန်ပျက်စီးခဲ့ကာ လူနှင့် အိမ်မွေးတိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Harley Davidson၊ Yamaha FZ၊ Yespa Paggio မော်တော်ဆိုင်ကယ်များနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၀၃ စီး၊ သွင်းကုန် ၈၅၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၂၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၈၃၂ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၁၁၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဘီးလင်းတိုးဂိတ်အနီး TOYOTA Hiace ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Harley Davidson၊ Yamaha FZ၊ Yespa Paggio စုစုပေါင်း မော်တော်ဆိုင်ကယ် သုံးစီးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ ကားမှန်ခွဲ၍ ပစ္စည်းခိုးယူသူအား ရဲတပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၄**



ရှမ်းပြည်နယ် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ တောင်ကြီး လက်ဖက်ရည်ဆိုင်တွင် မေ ၂၃ ရက် နံနက် ၇ နာရီက ကျိုင်းတုံမြို့ ရပ်ကွက်(၂)နေ ဦးဇေယျာလင်း(၃၇) နှစ်သည် လက်ဖက်ရည်သောက်ပြီး ပြန်လည်ထွက်လာစဉ် မြကန်သာ ပန်းခြံရှေ့၌ ရပ်ထားခဲ့သည့် 9K/----- Big Horrn ယာဉ်၏ ဝဲဘက်ခြမ်း နောက်မှန်ဘေးတံခါးမှာ ကွဲအက်နေသည်ကို တွေ့ရှိသဖြင့် ယာဉ်အတွင်း စစ်ဆေးခဲ့ရာ ယာဉ်ရှေ့ခန်းတွင်ထားရှိသော အနက်ရောင် လက်စွဲအိတ်နှင့် အိတ်အတွင်းရှိ ငွေကျပ် ငါးသိန်း၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ ဝန်ထမ်းကတ်တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ Samsung Tablet တစ်လုံး၊ ရုံးသုံး စာရွက်စာတမ်းများမှာ ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ တောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

တရားခံဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ ဦးဇေယျာလင်း၏ ယာဉ်နောက်တွင် ရပ်ထားသော ယာဉ်တစ်စီးရှိ 3-View Car Black Box မှတစ်ဆင့် ပြစ်မှုကျူးလွန်သူ၏ မှတ်တမ်းဓာတ်ပုံများအား ရရှိခဲ့သည်။ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် အရှေ့မြို့ပတ်လမ်း ပလက်ဖောင်းဘေးတွင် မှတ်တမ်းဓာတ်ပုံပါ ပြစ်မှုကျူးလွန်သူ မိုင်းဆန်မြို့ ရပ်ကွက်(၃)နေ စိုင်းအွမ်(၅၂)နှစ်အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ၎င်းသည် မြို့မရပ်ကွက်ရှိ တည်းခိုခန်းတစ်ခုတွင် မကြာခဏ လာရောက်တည်းခိုပြီး တောင်ကြီးမြို့ပေါ်ရှိ လမ်းဘေးတွင် ရပ်ထားသည့် ယာဉ်များမှ နောက်မှန်များခွဲ၍ အတွင်းရှိပစ္စည်းများ ခိုးယူခြင်းကို မကြာခဏ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးသိရှိရ၍ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ဆိုင်ကယ်မှောက်၍ သေဆုံးမှုအား စစ်ဆေးရာမှ လူသတ်မှုဖြစ်နေ

**ခင်ဦး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့၌ မေ ၂၃ ရက် ည ၇ နာရီခန့်က ဆိုင်ကယ်မှောက်၍ သေဆုံးသည်ဟု ဆိုသူအား စစ်ဆေးရာမှ လူသတ်မှုဖြစ်နေကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့ မြနန္ဒာရပ်ကွက်ရှိ ကြက်မွေးမြူရေးခြံတွင် နေထိုင်သော ခင်ပွန်းဖြစ်သူ ဗိုလ်ဗိုလ်က ဇနီးဖြစ်သူ မအေးအေးဇော်မှာ ဆိုင်ကယ်မှောက်၍ ဒဏ်ရာများရရှိထားသဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးပါရန် "သုခစေတနာ" နာရေးကူညီမှုအသင်းသို့ အကူညီတောင်းသဖြင့် သွားရောက်ခဲ့ရာ မအေးအေးဇော်မှာ နေအိမ်ကြမ်းခင်းပေါ်တွင် ရိုက်နှက်ထားသော ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် မသင်္ကာ၍ သက်ဆိုင်ရာ ရဲစခန်းသို့ အကြောင်းကြားရာ မြို့မရဲစခန်းမှူး ဒု-ရဲမှူး ထွဏ်းထွဏ်းဦးနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေအိမ်သို့ သွားရောက်စစ်ဆေးပြီး အလောင်းကို ခင်ဦးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

သေဆုံးသူ မအေးအေးဇော်အား ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးရာ ဆိုင်ကယ်တိုက်ရာမှ ရရှိသောဒဏ်ရာများ မဟုတ်ဘဲ ရိုက်နှက်ထားသော ဒဏ်ရာများဖြင့် သေဆုံးကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဗိုလ်ဗိုလ် (၂၅) နှစ်အား ခင်ဦးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ရန်ကုန်တိုင်းဒေသကြီး)
၉း၀၀ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ကယားပြည်နယ် လွိုင်ကော်)
၉း၃၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီ ပိုင်ဖြိုးသု)
၁၀း၃၀ Catch Asia News
၁၀း၄၀ စိုက်ပျိုးရေးရာအဖြေရှာ "လေ့လာစရာစုံလင် စပါးဇီဝဥယျာဉ်"
၁၁း၃၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၂)
၁၃း၄၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I)(မန္တလေးမြို့) (ပထမပိုင်း)
၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (နောက်ဆုံးရင်သွေး) (အပိုင်း-၆)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆)

**ညပိုင်း**

၁၆း၃၅ "ဘောလုံးအားကစားနည်း၏ အခြေခံနည်းစနစ်များ" (ဂိုးသမား)(ပထမပိုင်း)
၁၆း၅၅ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၄၄)
၁၇း၀၅ အနုပညာခန်းရိပ်သာ "ဒေါက်တာခင်မောင်ညိုနှင့် တွေ့ဆုံမေးမြန်းခြင်း"
၁၇း၂၀ "စုံညီနွဲပျော်ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်" (ကော့သောင်းမြို့)
၁၇း၃၅ MRTV Travelouge
၁၈း၂၀ Football Magazine
၁၈း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အချစ်သည်သာ"(ပြည့်ဖြိုး၊ မာမာကြည်၊ ပန်သုမြင့်မိုရ်၊ ဒေါ်မြင့်၊နန္ဒာဝင်း၊ ဦးဇော်) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၄) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ကာကွယ်ရေးဝန်ကြီးဌာန)
- နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ တစ်နှစ်တာ (စစ်ကိုင်းတိုင်းဒေသကြီး)
-နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (နောက်ဆုံးရင်သွေး) (အပိုင်း-၇)
-သုခုမရင်ခွင် အငြိမ့်သဘင် "မန္တလေးဦးပေါစိန်နှင့်အဖွဲ့ အငြိမ့်" (မင်းသမီး-ဟန်ဝင့်ဝါ၊ လူရွှင်တော်-ပွင့်လင်း၊ ပေါစိန်၊ တက်တိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
-နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၃)
- အစီအစဉ်ပြီး၏။

# အခုနှစ်ဘောလုံးရာသီမှာ စီရိုနယ်လ်ဒိုထက် ပေါင် ၂၈ သန်းပိုမိုဝင်ငွေရရှိမယ့် မက်ဆီ

ဘာစီလိုနာအသင်းတိုက်စစ်မှူး လီယွန်နယ်မက်ဆီဟာ ပြီးခဲ့တဲ့နိုဝင်ဘာလက တစ်ပတ်လုပ်ခလစာပေါင် ၅၀၀၀၀၀ နဲ့စာချုပ်ချုပ်ဆိုခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုထက် ပေါင် ၂၈ သန်းကျော် ပိုမိုဝင်ငွေရရှိတော့မှာဖြစ်ပါတယ်။



တိုက်စစ်မှူး မက်ဆီဟာ လုပ်ခလစာ၊ အပိုဆုကြေးနဲ့ စပွန်ဆာ စာချုပ်တို့ကို ပေါင်းလိုက်တဲ့အခါ ပေါင်သန်း ၁၁၀ ရရှိမှာဖြစ်တာကြောင့် ကမ္ဘာ့ဘောလုံးလောကမှာ ဈေးအကြီးဆုံးပေးချေရသည့် ကစားသမားတစ်ဦးဖြစ်တယ်လို့ France Football ရဲ့ တွက်ချက်ဖော်ပြချက်အရ သိရပါတယ်။

အဲဒီလိုဖော်ပြချက်အရ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာ ဝင်ငွေ ပေါင် ၈၂ သန်းရရှိမယ့် အမြဲတမ်းပြိုင်ဘက် တိုက်စစ်မှူးစီရိုနယ်လ်ဒိုကို သိသိသာသာကျော်ဖြတ်ကာ ပေါင်သန်း ၁၀၀ ဆိုတဲ့မှတ်တမ်းကို ကျော်ဖြတ်ကာ ဝင်ငွေ ရရှိမယ့် ပထမဆုံး ကစားသမားလည်းဖြစ်လာမယ်လို့ ဆိုထားပါတယ်။



မက်ဆီအနေနဲ့ အခုနှစ်ဘောလုံးရာသီ အစောပိုင်းမှာ တစ်ပတ်လုပ်ခလစာ ပေါင်၅၀၀၀၀၀နဲ့ စာချုပ်ချုပ်ဆိုခဲ့ခြင်းရဲ့ ရလဒ်တစ်ခုအဖြစ် ရီးယဲလ်မက်ဒရစ် ကြယ်ပွင့် စီရိုနယ်လ်ဒိုကို ကျော်ဖြတ်ကာ ဈေးအကြီးဆုံးပေးချေရတဲ့ ကစားသမား ဖြစ်လာခဲ့တာဖြစ်ပြီး အဲဒီစာချုပ်ချုပ်ဆိုမှုဟာ ၂၀၂၁ ခုနှစ် နွေရာသီကာလအထိ သက်တမ်းရှိတဲ့ စာချုပ်လည်းဖြစ်ခဲ့ပါတယ်။ အာဂျင်တီးနားကြယ်ပွင့် မက်ဆီဟာ အပိုဆုကြေးငွေအဖြစ် ပေါင်သန်း ၈၀ ရရှိခဲ့တာဖြစ်တာကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ ဘာစီလိုနာကစားဖော်ဟောင်း နေမာတို့ကို ကျော်ဖြတ်ကာ ဝင်ငွေအများဆုံးရရှိခဲ့တာဖြစ်ပြီး တိုက်စစ်မှူး နေမာကတော့ ပြီးခဲ့တဲ့နွေရာသီ အပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့ပေမယ့် ဝင်ငွေပမာဏ ပေါင် ၇၁ သန်းနဲ့ တတိယအများဆုံးကစားသမားအဖြစ်သာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘရာဇီးကြယ်ပွင့်နေမာဟာ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့ကို မကျော်ဖြတ်နိုင်ခဲ့ပေမယ့် တိုက်စစ်မှူး ဂါရတ်ဘေးလ်ထက် ပေါင် ၃၂ သန်းပိုမိုဝင်ငွေရရှိခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ အခုနှစ်ဘောလုံးရာသီ ဘာနေဗျူးမှာချုပ်ဆိုခဲ့တဲ့ စာချုပ်နဲ့ စီးပွားရေးဆိုင်ရာ စာချုပ်တွေကနေ ပေါင် ၃၉ သန်းသာလျှင် ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာနောက်တန်းကစားသမား ဂျာရတ်ပီကေးကတော့ ပေါင် ၂၅ သန်းအသားတင်ဝင်ငွေ ရရှိခဲ့တာကြောင့် အံ့အားသင့်စွာပဲ ကမ္ဘာ့ဝင်ငွေအများဆုံးကစားသမားစာရင်းမှာ ငါးဦးမြောက်နေရာကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ပါတယ်။

နည်းပြပိုင်းကိုကြည့်မယ်ဆိုရင် မန်ယူအသင်းနည်းပြမော်ရင်ဟိုဟာ အခုနှစ်ဘောလုံးရာသီမှာ ပေါင် ၂၃ သန်း နဲ့ ကမ္ဘာ့ဘောလုံးလောကမှာ ဝင်ငွေအများဆုံးရရှိတဲ့နည်းပြတစ်ဦးအဖြစ် နံပါတ်တစ်နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မာဆယ်လိုလစ်ပီက ပေါင် သန်း ၂၀ ဖြင့်လည်းကောင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဆီမြုနီက ပေါင် ၁၉ သန်းဖြင့်လည်းကောင်း၊ ရီးယဲလ်မက်ဒရစ်နည်းပြဇီဒန်းက ပေါင် ၁၈ သန်းဖြင့်လည်းကောင်း၊ မန်စီးတီးအသင်းကို ပရီမီယာလိဂ်ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြဂွါဒီယိုလာက ပေါင် ၁၇ ဒသမ ၅ သန်းဖြင့်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိတယ်လို့ သိရပါတယ်။

# ဂျွန်စတုန်းအား မန်စီးတီး ရောင်းချမည်

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာဟာ နောက်တန်းကစားသမား ဂျွန်စတုန်းကို ကမ္ဘာ့ဒုတိယဈေးအကြီးဆုံး ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့ပေမယ့် အခုနွေရာသီအပြောင်းအရွှေ့ကာလမှာ အဲဒီကစားသမားကို ရောင်းချဖို့ အသင့်ရှိနေပြီလို့ ပြောခဲ့ပါတယ်။

နောက်တန်းကစားသမား ဂျွန်စတုန်းဟာ အဲဗာတန်အသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ၂၀၁၆ ခုနှစ်အတွင်းမှာ ပေါင် ၄၇ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာတော့ အသင်းကနေ ထွက်ခွာခွင့်ပြုတော့မယ်လို့ ဆိုခဲ့ပါတယ်။ နောက်တန်းကစားသမား ဂျွန်စတုန်းဟာ အဲဗာတန်အသင်းကနေ မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့ချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ဇန်နဝါရီလကတည်းက ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ကာ ဒဏ်ရာပြဿနာကြုံတွေ့မှုနဲ့အတူ အခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ်မှာ ၂၇ ပွဲသာလျှင် ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။


© Getty Images

နည်းပြဂွါဒီယိုလာအနေနဲ့ ဂျွန်စတုန်းကို ရောင်းချပြီး ကွင်းလယ်နဲ့ နောက်တန်းနှစ်နေရာစလုံးကစားနိုင်တဲ့ကစားသမားတစ်ဦးနဲ့ တောင်ပံကစားသမားတစ်ဦးကို နွေရာသီအပြောင်းအရွှေ့ကာလမှာ ခေါ်ယူဖို့လည်း စီစဉ်နေပါတယ်။

ဂျွန်စတုန်းဟာ နိုဝင်ဘာလအတွင်းက တံကောက်ကြောဒဏ်ရာရရှိခဲ့တာကြောင့် တစ်လကျော်ကြာအနားယူခဲ့ရပြီး ရာသီမကုန်မီ ပြန်လည်ကစားနိုင်လိမ့်မယ်လို့ နည်းပြဂွါဒီယိုလာမျှော်လင့်ခဲ့ပေမယ့် ဒဏ်ရာမသက်သာခဲ့တာကြောင့် မတ်လကတည်းက အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ခဲ့ရတာပါ။

နောက်တန်းကစားသမား ဂျွန်စတုန်းကို လွန်ခဲ့တဲ့နှစ်နှစ်က တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိမှာ ဂျွန်စတုန်းရဲ့ မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်းဟာ လေးနှစ်ကျန်ရှိနေသေးတယ်လို့လည်း သိရပါတယ်။

မန်စီးတီးအသင်းက ဂျွန်စတုန်းနေရာမှာ အစားထိုးဖို့ ဆော်ပေါ်လိုနောက်တန်းကစားသမား မီလီတိုးကို ပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ဂျွန်စတုန်းကိုလည်း အာဆင်နယ်အသင်းနဲ့ လီဗာပူးအသင်းတို့က ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# နည်းပြသစ်အတွက် ပေါင်သန်း ၅၀ သာ အာဆင်နယ် သုံးစွဲမည်

အာဆင်နယ်အသင်းသည် နည်းပြ အာစင်ဝင်းဂါးမှာ နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် နည်းပြသစ်ရှာဖွေလျက်ရှိပြီး အသစ်ခန့်အပ်မည့် နည်းပြသစ်အတွက် ပေါင်သန်း ၅၀ သာသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းနည်းပြဟောင်း အင်းနရစ်မှာ အာစင်ဝင်းဂါးနေရာတွင် အစားထိုးနိုင်မည့် ဦးစားပေးနည်းပြအဖြစ် ရေပန်းစားနေပြီး အာဆင်နယ်အသင်းကမူ အင်းနရစ်အပြင် ဂျိုအာချင်လို၊ မက်အယ်လ်လီဂရီနှင့် ပက်ထရစ်ဗီယဲရာတို့ကိုလည်း ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် နည်းပြသစ်ခေါ်ယူမှုအတွက် ပေါင်သန်း ၅၀ သာအသုံးပြုမည်ဟု ဆိုခဲ့ခြင်းမှာ ပြီးခဲ့သည့်နှစ်က ကစားသမားနှစ်ဦးခေါ်ယူမှုအတွက် များပြားသည့် သုံးစွဲမှုပြုခဲ့ရခြင်းကြောင့်ဖြစ်ကြောင်းလည်းသိရသည်။

ယင်းမှာ ပြီးခဲ့သည့်နှစ်က လာကာဇက်နှင့် အူဘာမေယန်တို့ကို ခေါ်ယူခဲ့ရာတွင် စုစုပေါင်း ပြောင်းရွှေ့ကြေးပေါင် ၁၁၂ သန်းအထိ အသုံးပြုခဲ့ရခြင်းဖြစ်သည်။

ဝီရှင်းယား၊ ရမ်ဆေးနှင့် ဒန်နီဝဲလ်ဘက်တို့ကလည်း ၎င်းတို့၏ အာဆင်နယ်အသင်းနှင့် အနာဂတ်ကို ဆုံးဖြတ်ရန်အတွက် အာစင်ဝင်းဂါးနေရာတွင် အစားထိုးမည့် နည်းပြဘယ်သူဖြစ်လာမလဲဆိုသည့် သတင်းကို စောင့်မျှော်နေကြောင်းလည်းသိရသည်။




# ဘောလုံးလောက သတင်းတိုများ

- ❖ စပါးအသင်းမှ စပိန်တိုက်စစ်မှူး လော်ရန်တီသည် အသင်းမှ ထွက်ခွာရန်ရှိနေပြီး အသင်းဟောင်း ဘီဘာအိုအသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။
- ❖ မန်စီးတီးအသင်းသည် နာပိုလီအသင်းမှ အီတလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- ❖ ဘန်လေအသင်းသည် ဝက်စ်ဘရွန်းအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဂျေးရိုဒရီဂွက်ဇ်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ❖ လက်စတာစီးတီးအသင်းသည် ပေါ်တိုညာနောက်ခံကစားသမား ရီကာဒိုပီရဲရာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

# အပူလွန်ကဲ သတိမြဲဖို့

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)




ယခုလို နွေရာသီတွင် အပူချိန်ပြင်းထန်ခြင်းကို နှစ်စဉ်ကြုံတွေ့ရတတ်သည်။ ပြင်ပအပူချိန် လွန်ကဲခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်သည်ကို လူတိုင်းသတိပြုသင့်သည်။

လူ၏ခန္ဓာကိုယ် ကလာပ်စည်းများသည် သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ကောင်းမွန်သော ဇီဝကမ္မအခြေအနေ(Optimal Physiological Status)ရှိဖို့လိုသည်။ လုံလောက်သော အရည်နှင့် ဓာတ်ဆားမျှခြေ (Fluid and Electrolyte Balance)၊ အချဉ်အခါးမျှခြေ(Acid Base Balance)စသည့် အခြေအနေများ လိုအပ်သည့်အပြင် သင့်တင့်မျှတသော အပူချိန် (Optimal Temperature)ရှိဖို့လည်း အရေးကြီးသည်။

လူ၏ဦးနှောက်ရှိ ဟိုက်ပိုသားလမတ်စ် (Hypothalmus) တွင် ခန္ဓာကိုယ်အပူချိန်ကို ထိန်းချုပ်သောဗဟိုဌာန (Thermoregulation Center) ရှိသည်။ ထိုနေရာတွင် အပူချိန်ကိုအာရုံခံနိုင်သော နာ့ဆဲလ်များ(Thermo – sensitive neurons)ရှိ၍ လိုအပ်သောအချိန်တွင် ခန္ဓာကိုယ်အနှံ့အပြားရှိ ချွေးဂလင်းများ (Sweat Glands) ကို ချွေးထွက်စေရန် လှုံ့ဆော်ပေးသည်။ထို့ပြင် အရေပြားရှိ အပူချိန်လက်ခံ နာ့ဆဲလ်များ (Thermoreceptor neurons)များမှ သတင်းပို့ချက်များကိုလည်း အပူချိန်းထိန်းချုပ် ဗဟိုဌာနက လက်ခံသည်။ ခန္ဓာကိုယ်အပူလွန်ကဲလျှင် အပူဆုံးရှုံးစေသောစနစ် (Heat Loss Mechanism)ဖြင့် ခန္ဓာကိုယ်အပူလျော့စေ၍အအေးလွန်ကဲလျှင် အပူရရှိစေသောစနစ် (Heat Gain Mechanism) ဖြင့် ခန္ဓာကိုယ်ကို ပြန်လည်နွေးထွေးလာစေသည်။ ဤနည်းဖြင့် ကိုယ်ခန္ဓာအပူချိန်ကို ၉၇ ဒသမ ၅ နှင့် ၉၉ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်တွင်ထိန်းထားသည်။

ပြင်ပအပူချိန် (Environmental Temperature) မြင့်တက်လာသောအခါ အရေပြား အာရုံခံနာ့ဆဲလ်များမှ ဦးနှောက်ဗဟိုဌာနသို့ သတင်းပို့သဖြင့် အရေပြားအောက်ရှိသွေးကြောများ ကျယ်လာပြီး ချွေးထွက်ခြင်းကိုဖြစ်စေသည်။ ထွက်လာသောချွေးများ အငွေ့ပျံခြင်း (Evaporation)ဖြင့် အရေပြားအပူချိန်ကို လျော့စေသည်။ အရေပြားရှိ သွေးပြန်ကြောများမှ နှလုံးသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ကိုယ်တွင်းအပူချိန် (Core Temperature) ကျလာသည်။ ချွေးထွက်ခြင်းသည် ပူသောအချိန် ကိုယ်အပူချိန်ကိုကျစေသော အဓိကအကြောင်းရင်းဖြစ်သည်။ ကိုယ်အပူချိန်ကို လျော့စေသော အခြားနည်းများမှာ အပူဖြာထွက်ခြင်း(Radiation)၊အပူစီးထွက်ခြင်း (Convection)၊အပူကူးပြောင်းခြင်း(Conduction)တို့ဖြင့်လည်း ခန္ဓာကိုယ်အပူချိန်ကျစေနိုင်သည်။

အပူဖြာထွက်ခြင်းဖြစ်ရန်မှာ လက်ရှိခန္ဓာကိုယ် အပူချိန်ထက်နည်းသောနေရာ(ဥပမာ-အရိပ်ထဲ)တွင် ခန္ဓာကိုယ်မှ အပူများဖြာထွက်ခြင်းဖြစ်သည်။အပူစီးထွက်ခြင်းဆိုသည်မှာ အရေပြားအပေါ်ကပ်လျက် လေလွှာသို့မဟုတ် ရေလွှာဖြတ်သန်းသွားသောအခါ ကိုယ်ခန္ဓာမှ အပူများကိုသယ်ဆောင်သွားခြင်းဖြင့် အပူလျော့ရခြင်းဖြစ်သည်။ အပူကူးပြောင်းခြင်းဆိုသည်မှာ အေးသောလေ သို့မဟုတ် ရေနှင့် တိုက်ရိုက်ထိတွေ့သဖြင့် အပူများကူးပြောင်း၍ ကိုယ်ခန္ဓာအပူလျော့ခြင်းဖြစ်သည်။ အေးသောရေနှင့် ထိတွေ့ခြင်းသည် လေအေးနှင့် ထိတွေ့ခြင်းထက် ၂၅ ဆ ပို၍မြန်မြန်အေးသည်။

အပူလွန်ကဲမှုများကို ခန္ဓာကိုယ်က အထက်ပါနည်းလေးနည်းဖြင့်ထိန်းညှိ၍ ကျန်းမာရေးထိခိုက်မှုမရှိအောင် လုပ်ဆောင်နိုင်စွမ်းရှိပေသည်။ သို့သော်ပြင်ပအပူချိန် အလွန်အမင်းမြင့်တက်သောအခါတွင် လည်းကောင်း၊ ခန္ဓာကိုယ်၏ အပူထိန်းသိမ်းသည့်စနစ်အားနည်းသည့်အခါတွင်လည်းကောင်း စိုးရိမ်ရသည့်အခြေအနေများ ဖြစ်ပေါ်လာတတ်ပါသည်။ ယင်းတို့မှာ (၁) အပူလွန် ခြေကုန်လက်ပန်းကျခြင်း (Heat Exhaustion) နှင့် (၂) အပူလေဖြတ်ခြင်း (Heat Stroke)တို့ဖြစ်ပါသည်။

Heat Exhaustion တွင် ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ခံတွင်းပျက်ခြင်း၊ နေမကောင်းဟုခံစားရခြင်း၊ ချွေးအဆမတန်ထွက်ခြင်း၊ အရေပြားဖျော့တော့ စေးထိုင်းအေးစက်နေခြင်း၊ လက်မောင်း၊ ခြေထောက်နှင့် ဝမ်းဗိုက်တွင်ကြွက်တက်ခြင်း၊ အသက်ရှူခြင်းနှင့် သွေးခုန်နှုန်းမြန်ခြင်း၊ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်ဒီဂရိတ် သို့မဟုတ် ယင်းနှင့် အထက်တွင်ရှိခြင်း၊ ရေအလွန်အမင်းငတ်ခြင်းတို့ဖြစ်သည်။ ထိုလက္ခဏာများသည် လူကြီးနှင့်ကလေးတွင် တူလေ့ရှိသော်လည်း ကလေးများတွင် အရုပ်ကြိုးပြတ်သကဲ့သို့ ဖြစ်နေပြီး အိပ်ငိုက်နေမည်။ အထက်ပါလက္ခဏာများ ပေါ်လာလျှင် ခန္ဓာကိုယ်ကို အမြန်ဆုံးအေးအောင်လုပ်ဖို့ လိုပါသည်။

(၁)အေးသည့်နေရာကို အမြန်ဆုံးရွှေ့ပါ။ (၂) လဲလျောင်းစေ၍ခြေထောက်အနည်းငယ်မြှင့်ထားပါ။ (၃) ရေများများသောက်ပါ။ အခြားရေဖြည့်ပေးသော ဖျော်ရည်များလည်းရပါသည်။ (၄)အရေပြားကိုအေးအောင်လုပ်ပါ၊ ရေအေးဖြင့် ဖျန်းခြင်း၊ ရေပတ်တိုက်ခြင်းများပြုလုပ်ပြီး ပန်ကာလေခံပါ၊ ချိုင်းကြားနှင့် လည်ပင်းတွင် ရေပတ်တိုက်ခြင်းများလည်း အကျိုးရှိပါသည်။ အထက်ပါလုပ်ဆောင်ချက်များကိုလုပ်လျှင် မိနစ် ၃၀ အတွင်းပြန်ကောင်းလေ့ရှိပါသည်။

အကယ်၍မိနစ် ၃၀ ခန့်ကြာသော်လည်း မသက်သာလျှင်၊ ကိုယ်ပူပြီး ခြောက်သွေ့နေလျှင် ကိုယ်ပူသော်လည်း ချွေးမထွက်လျှင်၊ ကိုယ်အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်(၁၀၄ ဒီဂရီဖာရင်ဟိုက်)နှင့် အထက်ဖြစ်လျှင်၊ အရေပြားနီရဲခြောက်သွေ့၍ ပူနေလျှင်၊ အသက်ရှူတို၍မြန်နေလျှင်၊ ကယောင်ကတမ်းဖြစ်လာလျှင် ဝက်ရူးပြန်သကဲ့သို့တက်လျှင်၊ သတိလစ်မေ့မြောသွားလျှင် အပူလေဖြတ်သည့် လက္ခဏာများဖြစ်သဖြင့် အလွန်စိုးရိမ်ရပါသည်။ ဆေးအကူအညီ အမြန်ဆုံးရယူခြင်း(ဥပမာ-ဆေးရုံကား ဖုန်းဆက်ခေါ်ခြင်း၊ တောရွာဖြစ်လျှင် ဆေးဝန်ထမ်း၊ ကျန်းမာရေးဆရာမ၊ သူနာပြု ဆရာဝန်ပင့်ခြင်း၊ ခေါ်ခြင်း)ဆောင်ရွက်၍ဆေးရုံတင်ရပါမည်။

**အပူလေဖြတ်ခြင်းဖြစ်နိုင်ခြေများသောသူများ**

(၁) လေအေးပေးစက်၊ ပန်ကာစသည်မရှိသော၊ လေဝင်လေထွက်မကောင်းသော၊ လေကောင်းလေသန့် မရသော အခန်းများတွင်နေရသူများ၊

(၂) ရေလုံလောက်စွာ မသောက်ရသောသူများ၊ နာတာရှည်ရောဂါသည်များ၊ အရက်အလွန်အကျွံသောက်သူများ။

(၃) အပူညွှန်းကိန်း(Heat Index)မြင့်သောနေရာတွင် နေသူများ။
အပူညွှန်းကိန်းဆိုသည်မှာ ခံစားရသော အပူချိန်နှင့် စိုထိုင်းဆကို အချိုးချတိုင်းတာသော တန်ဖိုးတစ်ခုဖြစ်သည်။ အပူညွှန်းကိန်း ၆၀ ရာခိုင်နှုန်းအထက်ရှိသော နေရာများတွင် ချွေးငုပ်စေသဖြင့် ကိုယ်ခန္ဓာက ကိုယ့်ဘာသာ အေးအောင် မလုပ်နိုင်တော့ပါ။ အပူညွှန်းကိန်း ၉၀ ရာခိုင်နှုန်းအထက်ဆိုလျှင် (အထူးသဖြင့် အပူလှိုင်းဖြတ်သောအခါ) အပူကြောင့်ဖြစ်သော ကျန်းမာရေးချို့ယွင်းမှု(Heat – Related illness)ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ပါသည်။ အပူညွှန်းကိန်းကို မိုးလေဝသဌာနမှ အခါအားလျော်စွာ ထုတ်ပြန်၍ အများပြည်သူ သိရှိအောင် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ကြေညာပေးသင့်ပါသည်။

(၄) မြို့ပြနေထိုင်သူများ။
မြို့ပြတွင် လေထုညစ်ညမ်းမှုနှင့် လေထုစုပုံငြိမ်သက်မှု (Stagnant atmorspheric condition)ကြောင့် အပူစုဝေးမှုအကျိုး(Heat Island Effect)ဖြစ်ပေါ်နေတတ်ခြင်းသည် အပူလွန်ရောဂါများကိုဖြစ်စေသည်။ နေ့ဘက်တွင် ကွန်ကရစ်နှင့်အုတ်များသည် အပူကို စုပ်ယူထားပြီး ညဘက်တွင် အပူပြန်ထုတ်သဖြင့် ညဘက်အပူချိန် မြင့်တက်မှုကိုလည်း ဖြစ်စေသည်။

(၅) အသက်(၄)နှစ်အောက်နှင့် အသက်(၆၅)နှစ်အထက်။
ကလေးများတွင် အပူထိန်းချုပ်စနစ် ကောင်းစွာမဖွံ့ဖြိုးသေးသဖြင့်လည်းကောင်း၊အသက် (၆၅) နှစ် အထက်တွင် ခန္ဓာကိုယ်အပူထိန်းချုပ်စနစ် ဟောင်းနွမ်း ချို့ယွင်းသောကြောင့် လည်းကောင်း အပူလွန်ရောဂါဖြစ်နှုန်း ပိုမြင့်ပါသည်။

(၆) ကျန်းမာရေးအခြေအနေ။
နှလုံး၊ အဆုတ်၊ ကျောက်ကပ်ရောဂါရှိသူများ၊ ဝလွန်းခြင်း၊ ပိန်လွန်းခြင်း၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ စိတ်ရောဂါ၊ ဆစ်ကဲလ်ဆဲလ် သွေးနီဥရောဂါ (Sickle cell Triat)၊ အရက်စွဲရောဂါ၊ နေလောင်ခြင်းနှင့် အဖျားရောဂါရှိသူများတွင်လည်း အပူလွန်ရောဂါဖြစ်နိုင်သည်။

(၇) ဆေးဝါးများ။
ဘာမီတွန်ကဲ့သို့သော ဓာတ်မတည့်ရောဂါ ပျောက်ဆေးများ(Anti Histamines)၊ ပိန်ဆေးများ၊ ဆီးဆေးများ၊ အိပ်ဆေးစိတ်ငြိမ်ဆေးများ၊ စိတ်ကြွဆေးများ၊ ဝက်ရူးပြန်ရောဂါကုဆေးများ၊ နှလုံးနှင့် သွေးတိုးရောဂါကုဆေးများ၊ စိတ်ရောဂါကုဆေးများ၊ မူးယစ်ဆေးများ (ကိုကင်းနှင့်မက်အက်ဖီတမင်း) အနက် အချို့သည် အပူလွန်ရောဂါဖြစ်နှုန်းကို မြင့်စေသည်။

(၈) ကိုယ်လက်လှုပ်ရှားမှု။
အားကစားလုပ်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း၊ နေပူထဲလယ်ကွင်းထဲတွင် တောင်သူလယ်သမားများ လုပ်ငန်းလုပ်ခြင်း၊ အလုပ်ကြမ်းသမားများ၊ ထင်းခွေ တောတက်သူများသည် အပူလွန်ကဲမှုဒဏ်ဖြစ်ရန် အလားအလာများကြသည်။

**အပူဒဏ်မှကာကွယ်ခြင်း**

ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်၊ ပူပြင်းသောရာသီ/နေ့၊ အပူညွှန်းကိန်းမြင့်သောအချိန်များတွင်

(၁) ရေနှင့်အရည် သစ်သီးဖျော်ရည် များများသောက်ရမည်။ တစ်နေ့လျှင် ရေဖန်ခွက် ရှစ်ခွက် အနည်းဆုံးသောက်သင့်သည်။ ရေအပြင် ဓာတ်ဆားဖျော်ရည်(ဥပမာ သီးစုံဓာတ်ဆား၊ ဘီပီအိုင် ဓာတ်ဆားစသည်များ) များပါသောက်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် ချွေးထဲတွင် ရေသာမက ဆားဓာတ်များပါ ပါဝင်သဖြင့် ရေသာမက ဓာတ်ဆားများပါသောက်ရခြင်းဖြစ်သည်။ အကယ်၍ ချွေးထွက်လွန်ခြင်းတွင် ဓာတ်ဆားများ ဆုံးရှုံးသောအခါ ကြွက်တက်ခြင်းမှသည် နှလုံးရပ်ခြင်းအထိဖြစ်နိုင်သည်။ (၂) ရေချိုးရာတွင် ကိုယ်ခန္ဓာအေးအောင် ချိုးရမည်။ အထူးသဖြင့် အပြင်မထွက်မီ ရေကိုအေးအောင်ချိုးထားမှ အပူချိန်လွန်ကဲခြင်းကို ကာကွယ်နိုင်မည်။ (၃)ချောင်ချိ၍ ပေါ့ပါးသော အရောင်ဖျော့ဖျော့ အဝတ်များကို ဝတ်ရမည်။ အရောင်ရင့်လျှင် အပူကိုစုပ်ယူမှု ပို၍ အထူးသဖြင့် အနက်ရောင်၊ အမည်းရောင်သည် အပူစုပ်ယူမှုအများဆုံးဖြစ်၍ အဖြူရောင်သည် အပူစုပ်ယူမှု အနည်းဆုံးဖြစ်သည်။ (၄) နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း နေအပူရှိန် အမြင့်ဆုံးဖြစ်သဖြင့် ထိုအချိန်ပြင်ပမထွက်တာ အကောင်းဆုံးဖြစ်သည်။ (၅) အရက်အလွန်အကျွံမသောက်ရ၊ အရက်သည် ကယ်လိုရီမြင့်သောအရည်ဖြစ်၍ ကိုယ်ခန္ဓာ အပူချိန်ကို တက်စေသည်။ (၆) လေ့ကျင့်ခန်းနှင့် ကိုယ်လက်လှုပ်ရှားမှု၊ အလုပ်ကြမ်းများ ပြင်းပြင်းထန်ထန်မလုပ်သင့်၊ ကိုယ်လက်လှုပ်ရှားမှုပြုသောအခါ ကြွက်သားများသည် စွမ်းအင်လိုသည်။ စွမ်းအင်ရရှိရန် အောက်စီဂျင်နှင့်အက်ဒီနိုစင်းထရိုင်ဖော့စဖိတ်( ATP) ကို ပေါင်းသည်။ ထိုသို့ပေါင်းစပ်မှုတွင် ဘေးထွက်ပစ္စည်းအနေနှင့် အပူထွက်ပေါ်လာသည်။ (၇)ရောဂါအခံရှိသူများ၊ ကလေးနှင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများကိုစောင့်ကြည့်ပါ။ ရေဓာတ်မချို့တဲ့အောင်၊ အပူလျော့အောင် ပြုစုစောင့်ရှောက်ပါ။ (၈) အဝိုင်းပတ်/ဘေးကာကြီးသော ဦးထုပ်၊ ခမောက်၊ ထီးစသည်များဆောင်းခြင်းဖြင့် အပူဒဏ်သာမက၊ အနီအောက်ရောင်ခြည်၊ ခရမ်းလွန်ရောင်ခြည်နှင့်နေလောင်ခြင်း (Sun burn) တို့ကို ကာကွယ်နိုင်သည်။ လေဝင်လေထွက်ကောင်းသော ဦးထုပ်ဆိုလျှင် ပိုကောင်းပါသည်။ (၉) SPF 30 နှင့်အထက်ရှိသော နေရောင်ကာလိမ်းဆေးကိုလိမ်းပါ။(SPF=Sun Protection Factor)။ (၁၀) ဆီးကို စစ်ဆေးပါ၊ ဆီးအရောင်ရင့်နေလျှင် ရေဓာတ်ချို့တဲ့ခြင်းကိုပြသည်။ ရေလုံလောက်အောင် ထပ်သောက်ခြင်းဖြင့် ဆီးအရောင်ဖျော့စေသည်။ (၁၁) ကိုယ်အလေးချိန် ချိန်ထားခြင်းဖြင့် ချွေးထွက်ခြင်းကြောင့် ဆုံးရှုံးရသောရေပမာဏကို တွက်ချက်နိုင်သည်။ (၁၂) ကဖိန်းနှင့် အရက်ပါသော အရည်/ဖျော်ရည်များကို လုံးဝမသောက်ပါနှင့်။ ယင်းတို့သည် ရေဓာတ်ဆုံးရှုံးမှုကိုဖြစ်စေသဖြင့် အပူဒဏ်ကို ပို၍ဆိုးစေပါသည်။ (၁၃) ဆားဆေးပြားများ (Salt Tablets)ကို ဆရာဝန်မညွှန်ကြားဘဲ မသောက်ပါနှင့်။ ရေများများ၊ သစ်သီးဖျော်ရည်များ၊ ဓာတ်ဆားရည်များသောက်ခြင်းသည်သာ အလွယ်ဆုံးနှင့် အန္တရာယ်အကင်းဆုံးဖြစ်ပါသည်။ (၁၄) အလွန်ပူသောအချိန်တွင် တချို့လူများသည် အေးရင်ပြီးရောဆိုသည့် သဘောနှင့် ရေစိုအဝတ်များဝတ်ခြင်း၊ ရေစိုအခင်းများခင်း၍ အိပ်ခြင်း၊ ရေစိုအဝတ်များ ပတ်ပတ်လည်တွင် လှန်းခြင်းများ လုပ်လေ့ရှိကြသည်။ ဤအပြုအမူများသည် စိုထိုင်းဆ(Humidity)ကို မြင့်မားစေ၍၊ ချွေးထွက်ခြင်း၊ အငွေ့ပျံခြင်းတို့ကိုနှောင့်ယှက်သဖြင့် လူ့ခန္ဓာကိုယ်၏ သဘာဝအရ အေးအောင်လုပ်သော ဇီဝကမ္မဖြစ်စဉ် နှောင့်နှေးခြင်း၊ ရပ်တန့်ခြင်း၊ ချွေးငုပ်ခြင်းကိုဖြစ်စေသဖြင့် ခဏတာအေးသည်ဟုထင်ရသော်လည်း ရေရှည်တွင် ကိုယ်အပူချိန်မြင့်တက်၍ အပူလေဖြတ်ကာ အသက်သေဆုံးသည်အထိ ဖြစ်နိုင်၍ ရှောင်ကြဉ်သင့်ပါသည်။ (၁၅)အလွန်ပူသောအချိန်တွင် အရိပ်လည်းရ၊ နေမရှိန်သောနေရာ၊ လေတိုက်သောနေရာ၊ စိုထိုင်းဆနည်းသော နေရာတွင် ချွေးတစိုစိုနှင့် ငြိမ်သက်စွာနေမည်ဆိုလျှင် ကိုယ်အပူချိန်ကျ၍ တဖြည်းဖြည်း အေးနိုင်ပါသည်။ (၁၆)လေမတိုက်ပါက ယပ်တောင်၊ ပန်ကာ၊ လေအေးပေးစက်များ သုံးနိုင်ပါသည်။ (၁၇) ချွေးစိုနေသော အဝတ်များကို ခြောက်သွေ့သော အဝတ်များနှင့် လဲပေးသင့်သည်။ စိုစွတ်နေသော အဝတ်များသည် ချွေးအငွေ့ပျံခြင်းကိုတားဆီးသည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ ပူပြင်းသောနွေရာသီတွင် ဖြစ်ပွားတတ်သော အပူလွန်ရောဂါများမှကင်းဝေးစေရန်အတွက် ဖော်ပြပါ ဆောင်ရန်ရှောင်ရန်များကို သတိမူလိုက်နာကျင့်သုံးခြင်းဖြင့် ပူပြင်းသောကာလကို ကျန်းကျန်းမာမာ ဖြတ်သန်းနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်လာစေရန် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေး

**ချမ်းအေးသာစံ ဧပြီ ၂၄**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကနှင့်အစိုးရကဏ္ဍတို့မှ သက်ဆိုင်သူများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော ဗဟုသုတများမျှဝေရန်၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်၊ မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်လာစေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) တို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာများရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးဖွံ့ဖြိုးရေး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးမြို့အခြေပြု အိမ်နီးချင်းတရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများနှင့် စီးပွားရေးဆက်နွယ်မှုများ၊ ဧရာဝတီမြစ်အခြေပြု အရှေ့မြောက်ဒေသစီးပွားရေးစင်္ကြံဖွံ့ဖြိုးရေး အလားအလာများအား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

မန္တလေးတိုင်းဒေသကြီးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သောလုပ်ငန်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄၈ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၄၉၅၇၁၄၂ ဒသမ ၈၇၄ သန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၆၀ ရင်းနှီးမှု အမေရိကန်ဒေါ်လာ ၃၂၄၄ ဒသမ ၉၉၅ သန်းရှိသည်။

**သီဟကိုကို(မန္တလေး)**

# မကွေးမြို့၌ လေကြောင်းလူငယ်အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**မကွေး ဧပြီ ၂၄**
မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် လေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၈)သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးနှင့်အတူ ပြုပြင်ပြောင်းလဲမှုများ တိုးတက်လာသည်နှင့်အမျှ နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများဖြစ်သည့် လူငယ်မောင်မယ်များ ခေတ်စနစ်နှင့်အညီ ရင်ပေါင်တန်းလိုက်ပါပြီး တိုးတက်နေသည့် ပညာရပ်များကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာသွားကြဖို့လိုကြောင်း ပြောကြားသည်။

တပ်မတော်(လေ)အနေဖြင့် လေကြောင်းကင်းထောက်သင်တန်းများကို ၁၉၅၄ခုနှစ်မှ လည်းကောင်း၊ လူငယ်(လေကြောင်း)သင်တန်းများကို ၁၉၆၀ ပြည့်နှစ်မှလည်းကောင်း၊ လေကြောင်းမျိုးဆက်သစ် သင်တန်းများကို ၁၉၉၄ ခုနှစ်မှ လည်းကောင်း၊ လေကြောင်းရဲညွှန့်လောင်းသင်တန်းများကို ၁၉၉၈ ခုနှစ် မှ လည်းကောင်း စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၀၁၇ခုနှစ်အထိ သင်တန်းသား သင်တန်းသူပေါင်း ၅၅၇၄ ဦးတို့အား အောင်မြင်စွာ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း မကွေးလေတပ်စခန်းဌာနချုပ် လေတပ်စခန်းဌာနချုပ်မှူးက ပြောသည်။

သင်တန်းတက်ရောက်ခွင့်ရသည့် လူငယ်မောင်မယ်များသည် Radio Control/Remote Control လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ လေယာဉ်တည်ဆောက်မှုအခြေခံသဘောတရား၊ လေယာဉ်စက်အုံတည်ဆောက်မှု အခြေခံများ၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှု အခြေခံများ၊ အခြေခံစစ်ပညာစသော ဘာသာရပ်များ၊ ကွန်ပျူတာနှင့်လေယာဉ်ငယ်လက်တွေ့ပျံသန်းလေ့ကျင့်ခြင်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်ထိ ရက်သတ္တလေးပတ်ကြာ မကွေးလေတပ်စခန်းဌာနချုပ်တွင် သင်ကြားပို့ချပေးမည်ဖြစ်သည်။

လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူ ဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရှိစေရန်၊ လူငယ်များ၏ ဝါသနာပါရာ အလေ့အကျင့်များကိုမြှင့်တင်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းအားဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လူထုဗဟိုပြုစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး

**စေတုတ္တရာ ဧပြီ ၂၄**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်သည် ယမန်နေ့က စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ လူထုဗဟိုပြု စီမံကိန်းမှ ဝန်ထမ်းများအား လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တွေ့ဆုံခဲ့ကြောင်း သိရသည်။



တွေ့ဆုံပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ သိကောင်းစရာများ၊ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများကိုလည်း အလေးထားလိုက်နာရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူထုဗဟိုပြု စီမံကိန်းမှ ဝန်ထမ်းများက လုပ်ငန်းများ အောင်မြင်မှုရရှိစေရန် ပူးပေါင်းညှိနှိုင်းကာ အပြန်အလှန် ထိန်းကျောင်း ဆောင်ရွက်သည်ကို တွေ့မြင်ရသဖြင့် ဂုဏ်ယူပါကြောင်းနှင့် အခက်အခဲများရှိပါကလည်း ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ကြောင်း ပြောကြားပြီး ဝန်ထမ်းများက လုပ်ငန်းနှင့်ပတ်သက်ပြီး လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယခုကျင်းပသည့် တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး လူထုဗဟိုပြု စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်နှင့် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းခွဲမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မေသူလွင်(မကွေး-ကိုယ်ပွား)**

# လူထုဗဟိုပြုစီမံကိန်းရုံး (CDD) တွင် စည်းရုံးရေးမှူးသင်တန်းဖွင့်

**မဘိမ်း ဧပြီ ၂၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (CDD) ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် စီမံကိန်း (ပထမ)နှစ်စက်ဝန်းအဖြစ် စတင်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက် နံနက်ပိုင်းက မဘိမ်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး (CDD) တွင် စည်းရုံးရေးမှူးများအတွက် သင်တန်းအမှတ်စဉ် (၁)ကို ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

မဘိမ်းမြို့နယ် စီမံကိန်းတာဝန်ခံဦးဆမ်သိန်း (ဦးစီးအရာရှိ)က သင်တန်းဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ လူထုဗဟိုပြုစီမံကိန်း၏ ကျား/မ တန်းတူညီမျှရေးနှင့် လူထုအားလုံးပူးပေါင်းပါဝင်ရေး အစရှိသည့် အဓိကသဘောတရားများကို ဆွေးနွေးပြီး လက်တွေ့ဆောင်ရွက်နိုင်ရန်၊ စီမံကိန်းလက်စွဲပါ လမ်းညွှန်ချက်များကိုနားလည်စေရန်၊ ကျေးရွာ ပထမအကြိမ်အစည်းအဝေး (မိတ်ဆက်ခြင်း၊ PRA/PSA, စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း) တို့ကို စီစဉ်စည်းရုံးကူညီပေးနိုင်ရန်၊ ကျေးရွာဒုတိယအကြိမ်အစည်းအဝေး (VDP, CMT, ရွေးကောက်ပွဲ) ကျေးရွာအုပ်စု ပထမအကြိမ်အစည်းအဝေးကို စီစဉ်စည်းရုံးကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် မြို့နယ်မှ အခြားစီမံကိန်းဝန်ထမ်းများနှင့် အဖွဲ့အလိုက် အတူတကွ လုပ်ငန်းဆောင်ရွက်တတ်စေရန် ရည်ရွယ်ပို့ချခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို သင်တန်းဆရာများအဖြစ် မဘိမ်းမြို့နယ် စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက သင်ကြားပေးလျက်ရှိပြီး သင်တန်းတွင် သင်ကြားပို့ချခြင်းအပိုင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ဖြင့် ဧပြီ ၂၃ ရက်မှ မေ ၁ ရက်ထိ ကိုးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅ ဦးတက်ရောက်ကြောင်းသိရသည်။ **မြတ်သူရိန်**



# နိုင်ငံခြားသားခရီးသွားများ ရေလမ်းခရီးမှ ဝင်ရောက်

**မြင်းမူ ဧပြီ ၂၄**
ပြည်တွင်းသို့ လာရောက်လည်ပတ်လျက်ရှိသော နိုင်ငံခြားသား ခရီးသွားအများစုမှာ ယခုအခါ ဧရာဝတီမြစ်ကြောင်းမှ ရေလမ်းခရီးဖြင့်ဝင်ရောက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ ဧရာဝတီမြစ်ဆိပ်ကမ်းမှ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုရာသီအချိန်သည် မြစ်ရေနည်းပါးသည့် အချိန်ဖြစ်ပြီး သင်္ဘောကြီးများ မြစ်ကြောင်းမှစုန်ဆင်းပြီး ခရီးသွားလာရန် ခက်ခဲခြင်း၊ ထိုဆိပ်ကမ်းမှ တစ်ဆင့် လိုရာခရီးကို မော်တော်ယာဉ်ကြီးများဖြင့် လွယ်ကူစွာ သွားလာနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောများ မြင်းမူမြို့ ဆိပ်ကမ်းကို ဆိုက်ကပ်ခြင်းဖြစ်ကြောင်း ရေကြောင်းဌာနမှ သိရသည်။

နိုင်ငံခြားသားခရီးသွားများသည် မြင်းမူမြို့သို့ ရောက်ရှိစဉ် အနေးယာဉ်(ဆိုက်ကား)များဖြင့် ဧရာဝတီမြစ်ကမ်းလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြခြင်း၊ မြို့မဈေးအတွင်းဝင်ရောက်၍ မြန်မာ့ရိုးရာအစားအစာများအား ဝယ်ယူစားသုံးခြင်း၊ ဒေသခံတောလေ့ ခေါင်းရွက်လာသူများနှင့် အတူ ဓာတ်ပုံရိုက်ကူးခြင်း၊ ဝါးတောင်များသို့ သွားရောက်ကာ အိမ်အမိုးကတ်ရက်လုပ်ခြင်း၊ အိမ်အကာ ထရံများရက်လုပ်ခြင်း၊ ဝင်းထရံ ရက်လုပ်ခြင်းများအား စိတ်ဝင်စားစွာ လေ့လာကြခြင်းများ ပြုလုပ်ကြကြောင်း၊ အနေးယာဉ်(ဆိုက်ကား)များနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခြင်းများ ပြုလုပ်ပြီး မိမိတို့သွားလိုရာများသို့ မော်တော်ယာဉ်များဖြင့် ခရီးဆက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# ကယားပြည်နယ်အတွင်း မြေသိမ်းဆည်းခံရမှုများနှင့် ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် မေ ၂၄**

ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၁၈) အား မေ ၂၃ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ၊ ကယားပြည်နယ် ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီကတိုင်ကြားစာများနှင့် ပတ်သက်ပြီး ဆောင်ရွက်မှုအနေဖြင့် ဗဟိုမှ လွှဲပြောင်းပေးသည့် တိုင်ကြားစာ ၁၁ စောင်အနက် ကိုးစောင်မှာ စိစစ်ပြီးဖြစ်ရာ နှစ်စောင်မှာ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ပြည်နယ်ကော်မတီသို့ တိုက်ရိုက်တိုင်ကြားစာ ၁၉ စောင်ရှိပြီး ရှစ်စောင်စိစစ်ပြီးဖြစ်ရာ ၁၁ စောင်ကျန်ရှိကြောင်း၊ စုစုပေါင်း အမှုတွဲ ၃၀ ရှိကြောင်း၊ ကျန်ရှိသည့် အမှုတွဲ တစ်ခုချင်းအလိုက် အတွင်းရေးမှူးက ရှင်းလင်းတင်ပြသွားမည်ဖြစ်ရာ တက်ရောက်လာသူများမှ မူဘောင်များနှင့်အညီ ဆွေးနွေးပြီး ဘုံသဘောတူညီချက် ရယူတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခလရ (၂၅၀) မှ အသုံးမပြုသော ပိုလျှံစွန့်လွှတ်မြေ ၁၉၄ ဧက အနက် ၈၂ ဧကသာ တောင်သူ ၄၈ ဦး လက်ဝယ်သို့ ယာယီပုံစံ (၃) ဖြင့် ပေးအပ်နိုင်ခဲ့ပြီး မြေပြင် အရှုပ်အရှင်း မပြီးပြတ်သေးသည့် မြေဧရိယာ ၁၁၂ ဧက အတွက် အရှုပ်အရှင်းကင်းရှင်းသွားပါက ပေးအပ်နိုင်မည်ဖြစ်ရာ အလားတူ အားနည်းချက် မဖြစ်ပေါ်စေရေး မတင်ပြမီကပင် ငယ်စာရင်း တိတိကျကျပြုစု၍ အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လယ်ယာမြေနှင့်အခြားမြေ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက တိုင်ကြားစာများနှင့် ပတ်သက်ပြီး အမှုတွဲတစ်ခုချင်းအလိုက် အသေးစိတ် ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ရာ တက်ရောက်လာကြသော လယ်ယာမြေနှင့်အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင် အသီးသီးက ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကယားပြည်နယ် ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် အချက်တစ်ချက်ချင်းအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးပြီး မည်သူမဆို မိမိထံ အချိန်မရွေး တင်ပြနိုင်ကြောင်း၊ အစိုးရနှင့် လွှတ်တော်အနေဖြင့်ဟန်ချက်ညီညီ အပြုသဘောဆန်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မိမိအနေဖြင့် အစဉ်အမြဲ ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် အခမဲ့ မျက်စိခွဲစိတ်ကုသပေးခြင်း နှင့် မျက်မှန်တပ်ဆင်ပေး

**ပဲခူး မေ ၂၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း တိုင်းဒေသကြီး (၄)၊ ပဲခူးမြို့နှင့် ဂျင်ဗောဓိတရားကျင့်ကြံမှုမှ အလင်းရောင်ပေးပို့ခြင်းပရဟိတအဖွဲ့တို့ပူးပေါင်း၍ ပဲခူးမြို့ မျက်စိဆေးရုံ၌ မေ ၂၄ ရက် နံနက် ၈ နာရီက မျက်စိအခမဲ့ခွဲစိတ်ကုသပေးခြင်းနှင့် မျက်မှန်တပ်ဆင်ပေးခြင်း အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက ကုသ၍ရသည့် မျက်စိဝေဒနာရှင်များ မျက်စိပြန်လည်အလင်းရရှိနိုင်စေရန်၊ မျက်မမြင်မှုကြောင့် လူ့ဘဝဆုံးရှုံးမှု မရှိစေရန်၊ လူ့ဘဝ အသက်ရှင်နေစဉ်အတွင်း မျက်စိအလင်းပြန်လည်ရရှိလာနိုင်ပြီး မိမိတို့၏ဘဝ၊ ပတ်ဝန်းကျင်နှင့် နိုင်ငံအတွက် အကျိုးရှိသည့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင် နိုင်စေရန်နှင့် မြို့နယ်အလိုက် မျက်စိဝေဒနာရှင်များအား ကုသပေးနိုင်ရန် မိမိတို့အစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအေးငြိမ်းနှင့် ဒေသဆိုင်ရာ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးတို့က မျက်စိခွဲစိတ်ပြီးလူနာများ လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်များအား မှာကြားခဲ့ကြပြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဆရာဝန်ကြီးများက မျက်စိခွဲစိတ်လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ ခွဲစိတ်ပြီး လူနာများအား မျက်မှန်တပ်ဆင်ပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အခမဲ့မျက်စိကျန်းမာရေး စစ်ဆေးကုသမှုလုပ်ငန်းအား အစိုးရအဖွဲ့နှင့်အတူ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီး(၄) ပဲခူးမြို့မှ မျက်စိအထူးကု ဆရာဝန်ကြီး၊ ဒုတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ)ဒေါက်တာကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဂျင်ဗောဓိတရားကျင့်ကြံမှု အလင်းရောင်ပေးပို့ခြင်း ပရဟိတအဖွဲ့တို့ပူးပေါင်း၍ မတ်လအတွင်းကဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရေတာရှည်မြို့အတွင်းရှိမြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ပေါက်ချောင်းကျေးရွာအုပ်စု၊ ကြံသနွယ်ကျေးရွာအုပ်စု၊ ပိတောက်ခင်ကျေးရွာအုပ်စု၊ ဆင်ငွေကျေးရွာအုပ်စု၊ ကျွဲရိုင်းပြင် ကျေးရွာအုပ်စု၊ ဝါးရုံးတောကျေးရွာအုပ်စုတို့မှ ပြည်သူများနှင့် တောင်ငူမြို့နယ် ကေတုမတီ မြို့သစ်မှ ပြည်သူများ စုစုပေါင်း မျက်စိဝေဒနာရှင် ၈၀၈ ဦး လာရောက်ပြသခဲ့ရာ ခွဲစိတ်ကုသရန်လိုအပ်သော အတွင်းတိမ်နှင့် ရေတိမ်လူနာ ၁၁၉ ဦးအား မေ ၂၃၊ ၂၄၊ ၂၅ ရက်တို့တွင် ခွဲစိတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဂျင်ဗောဓိတရားကျင့်ကြံမှုမှ အလင်းရောင်ပေးပို့ခြင်းပရဟိတအဖွဲ့မှ တာဝန်ရှိသူများ၊ မျက်စိဝေဒနာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကျေးရွာ ၁၀ ရွာ ရွေးချယ်

**ဟင်္သာတ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေးစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်ရန် ကျေးရွာ ၁၀ ရွာကို မေ ဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရွေးချယ်ခဲ့ကြောင်း သိရသည်။

ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခိုင်ချိုလွင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ကျေးရွာရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက VDP ကျေးရွာ ၁၀ ရွာကိုရွေးချယ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# သံဖြူဇရပ်တွင် လူငယ်အနာဂတ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**သံဖြူဇရပ် မေ ၂၄**

'လူငယ်အနာဂတ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ မေ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါလွင်က ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် အမှတ် (၃၈) မူးယစ်တပ်ဖွဲ့စုမှူးရဲမှူး သန်းဝင်းရွှေ၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးဝင်းကျော်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇင်ဘိုဦး၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးသိန်းထွန်း၊ ဝေါလ်ဇီးရှင်းမှ မြို့နယ် စီမံချက်မန်နေဂျာ ဦးတင်မောင်လတ်၊ ဆေးဖြတ်သူကူညီရေးပရဟိတအဖွဲ့မှ ဦးဝင်းငွေးတို့က လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့နည်းကျဆင်းရေး၊ တားဆီးကာကွယ်ရေးနှင့် ဥပဒေဖြင့် အရေးယူဆောင်ရွက်မှုများ၊ မူးယစ်ဆေးသုံးစွဲသူများအတွက် ဆေးဖြတ်ကုသရေးနှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ရေး ဆောက်ရွက်ပေးနေမှုများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသည့်ပြည်သူများက မြို့နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို မေးခွန်းများ မေးမြန်းရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်းတို့က ပြန်လည်ဖြေကြားသည်။

ယခုကဲ့သို့ ပြည်သူ့စကားဝိုင်းကျင်းပခြင်းကြောင့် လူငယ်လူရွယ်ထုအတွင်း မူးယစ်ဆေးသုံးစွဲမှု ဆိုးကျိုးနှင့်အန္တရာယ်တို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိကာ လူငယ်တို့၏ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်သူ ပြည်သူများထံမှ ကြားသိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



# ပင်လယ်ပြင်သို့ ရေငန်ပုစွန်သားပေါက် ၁၀ သိန်းခန့်မျိုးစိုက်ထည့်

**လောင်းလုံး မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ မေ ၂၃ ရက် နံနက် ၉ နာရီက လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာရှိ သဘာဝပင်လယ်ပြင်အတွင်းသို့ ရေငန်ပုစွန် သားပေါက်ကောင်ရေ ၁၀ သိန်းခန့် မျိုးစိုက်ထည့်ကြသည်။

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ရွှေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန္ဒီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရွာသူရွာသားများ စုပေါင်း၍ငါးမျိုးများ စိုက်ထည့်ကြကြောင်းသိရသည်။ **စိုးထွန်း(ပြန်/ဆက်)**

ကြေးမုံ
ဧပြီ ၂၅၊ ၂၀၁၈

# မန်းရွှေစက်တော် လှေတင်တံတားအနောက်ထိပ်က ကြိုလင့်နေသော ရွှေသမင်ကလေးများ

ဖွဲ့ထက်ရှင်



အပူရှိန်ပြင်းသည့်နေရောင်ကို အန်တု၍ အရွက်ခါပြီး ရိုးတံကျဲကျဲတွင် တက်သစ်စ ရွက်သစ်များ စိမ်းစိမ်းနုနု တချို့အပင်များအား တွေ့မြင်ရသည်။ လမ်းဘေး ဝဲယာ တစ်လျှောက်တွင် ကြိုးကြားကြိုးကြား 'တောမီးရှို့တာတွေ့ရှိပါက သစ်တောဥပဒေနှင့် အရေးယူမည်' ဟူသော ဆိုင်းဘုတ်များကို တွေ့မြင်ရသည့် မန်းရွှေစက်တော်သွားရာလမ်း၌ ဖြစ်သည်။

မန်းရွှေစက်တော် လှေတင်တံတားကြီးကို ကျော်လိုက်သည်နှင့် အသွားလမ်း၏ ညာဘက်တွင်ရှိသော ရွှေသမင်ခြံကို တွေ့မြင်ရမည် ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရက ရွှေစက်တော်သွား(တောလား)ကို တောကြက်တွန်မြူး၊ ကျေးငှက်ကူး၍ သံကြူးပြိုင်စည်၊ စက်ရိပ်လည်လျက် နေခြည်ဝင်မြောက်၊ ဆည်းစျာရောက်သော်မျောက်က ကြိုးခွေ၊ ဒေါင်း အိုးဝေနှင့် သံခြေကြွေးကြော်၊ ဖိုမခေါ်လျက်တောက်ကျော်တွန်သွား၊ ငှက်ငန္ဒားလည်း တောဖျားမြိုင်ချောက်၊ ပင်ရိပ်အောက်တွင် သေသောက်ကြူးငှက်၊ သေတလျက်တည့်။ တောင်ထက်ကျူးမြည်၊ ဝန်တင်သည်လည်း ထိုးမည်စောင်စောင်၊ တောကောင်ပျော်မွေ့ ဓလေ့ဖိုးခေါင်၊ ခေါ်ယောင်ဖန်များတောလုံးကြားအောင်၊ ကျားကရုတ်ရုတ် သံကြုတ်ကြုတ်နှင့်၊ သစ်ကျုတ်ပြေးလွှား ကြောင်ဖားပြေးခုန်၊ စွေ့ယုန်ပြေးသန်းနွှယ်တန်းကိုလျှောက်၊ သစ်တောက်ငှက်တော် သံကြော် ဆက်ရက်၊ မြီးယှက်ဖားဖား ခွေးကျားခွေးရွှေ ဝံပုလွေနှင့် ချေကလည်းဟောက်၊ တောက်သည့်သမင် တောဝန်းကျင်၌၊ ဆင်ကကျိုးကျည်ပျော်ဘွယ်စည်သည်၊ လေပြည် ပျံ့ပျံ့ပျူးပျူးတည်းဟူ၍ စပ်ဆိုခဲ့သည်။

ဗုဒ္ဓစက်တော်ရာနှစ်ဆူ ကိန်းဝပ်စံပယ်ရာ မန်းရွှေစက်တော်ဘေးမဲ့တောကို ၁၉၄၀ ပြည့်နှစ် ဇွန် ၂၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး မင်းဘူး (စကု) မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ် အထူးသဖြင့် (မုန်းချောင်း၊ မန်းချောင်း)ကြား မြို့နယ်လေးခု ပါဝင်တည်ထောင်ထားသည်။

အကျယ်အဝန်းအားဖြင့် ဘေးမဲ့တောအဓိကနယ်မြေ ၁၇၉ ဒသမ ၂၅ စတုရန်းမိုင်နှင့် ဘေးမဲ့တော ကာကွယ်တောနယ်မြေ ၁၀၀ ဒသမ ၆ စတုရန်းမိုင် စုစုပေါင်း ၂၇၉ ဒသမ ၈၅ စတုရန်းမိုင်ရှိပြီး ဝက်ဝံ၊ ကျား၊ ကျားသစ်၊ မျောက်၊ ချေ၊ တောဝက်၊ တောကြောင်၊ ရွှေသမင်နှင့် ငှက်အမျိုးပေါင်း ၁၀၃ မျိုးအပြင် ကြယ်လိပ် (သို့မဟုတ်) ဆီကျိုလိပ် (သို့မဟုတ်) ပင့်ကူလိပ်တို့ကို တွေ့ရှိရသည်ဟု မန်းရွှေစက်တော် ဂေါပကအဖွဲ့ဝင် တစ်ဦးက ဆိုသည်။

မြန်မာအမည်မှာ ရွှေသမင်ဟုခေါ်ဝေါ်၍ အင်္ဂလိပ်အမည်မှာ BROW ANTLERED DEER ဟု ခေါ်ဆိုကြသည်။ ဖေဖော်ဝါရီလမှ ဧပြီလထိ မိတ်လိုက်ကြပြီး သမင်မများသည် ရှစ်လကိုယ်ဝန်လွယ်ထားကာ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သားပေါက်ကြပြီးလျှင် တစ်ခါသားပေါက်လျှင် တစ်ကောင်နှုန်းသာ သားပေါက်၍ သက်တမ်းမှာ အနှစ် ၂၀ မှ ၂၅ နှစ် မျှသာဖြစ်သည်။ ယင်းရွှေသမင်များသည် မကွေးတိုင်းဒေသကြီး ရွှေစက်တော် ဘေးမဲ့တောနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောတို့တွင် တွေ့ရှိရသည်။

> ❝
> ရွှေသမင်လို့ ဘာကြောင့်ခေါ်ရသလဲဆိုရင်
> ဒီသမင်တွေက အခြားသမင်တွေနဲ့မတူဘူး…
> မိုးရွာလာရင် အရောင်အသွေးက သူတို့ရဲ့ကျောပေါ်မှာ
> ရွှေရောင်အစက်အပြောက်ကလေးတွေပါတယ်…
> နေရောင်အောက်မှာ ကြည့်လိုက်ရင်
> ရွှေအိုရောင်သမ်းနေတယ်…
> ❞

မန်းရွှေစက်တော် ရွှေသမင်ထိန်းသိမ်းရေး ဝန်ထမ်းတစ်ဦးက "ကျွန်တော်က ရွှေသမင်ထိန်းသိမ်းရေးခြံကို ရောက်တာ နှစ်နှစ်ရှိပြီ၊ ဒီနှစ်မှာ ရွှေသမင်က ခြောက်ကောင်တိုးတယ်၊ သမင်မတွေနဲ့ သားငယ်တွေက စုပေါင်းနေပြီး သမင်ထီးက သီးခြားနေတယ်၊ ယခုလက်ရှိ ရွှေသမင်ပေါင်း အကောင် ၂၀ ရှိတယ်၊ ဟိုတလောတုန်းက ကျန်းမာရေးကြောင့် ရွှေသမင်တစ်ကောင် ဆုံးသွားတယ်"ဟု ပြောသည်။

မန်းရွှေစက်တော်ရှိ ရွှေသမင်ဘေးမဲ့တောဥယျာဉ်ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ၂ ဒသမ ၄ ဧက အကျယ်အဝန်းဖြင့် စတင်တည်ခဲ့ပြီး အထီးငါးကောင်၊ အမ ရှစ်ကောင်၊ လွှဲပြောင်းကောင်ရေ အထီးတစ်ကောင်နှင့် အမတစ်ကောင်ရှိခဲ့သည်။ ယခုလက်ရှိအခြေအနေတွင် အထီး ခြောက်ကောင်၊ အမ ၁၄ ကောင်ရှိပြီး ငါးကောင်တိုးသည်ဟု သိရသည်။

သမင်ဖိုများသည် တစ်ကောင်တည်း နေထိုင်စားသောက်သော်လည်း မိတ်လိုက်ချိန်တွင် အဖိုအမ တွဲလျက် ရေမသောက်ဘဲနှင့် ရက်အကြာကြီးနေနိုင်၍ တစ်နှစ်လျှင်တစ်ကြိမ်မျှ ဦးချိုချလေ့ရှိ၏။ စားသောက်သော အစားအစာများမှာ ဆီးဖြူ ဖန်ခါး၊ ဆီးသီး၊ ကန်စွန်းရွက်များဖြစ်ပြီး ယခုအခါ ခြံလှောင်စနစ်ဖြင့် နိုင်ငံတော်မှ စမ်းသပ်မွေးမြူရာ အောင်မြင်လျက်ရှိကြောင်း ၎င်းထံမှ သိရှိရသည်။

"အခု မန်းရွှေစက်တော်ကို လာရောက်ဖူးမြော် ဝင်ရောက်ကြည့်ရှုကြတဲ့ ဘုရားဖူးတွေက ပန်းသီး၊ နာနတ်သီး၊ ဖရဲသီးစတာတွေ ဝယ်လာပြီး ကျွေးကြတာ အစာမရွေးတော့ဘူး အကုန်စားတယ်" ဟု ဆက်ပြောသည်။

ရွှေစက်တော်ဘေးမဲ့တောအတွင်းတွင် မှီတင်းနေထိုင်ကြသော တိရစ္ဆာန်များမှာ မြန်မာ့ရွှေသမင်၊ ချေ၊ တောခွေး၊ မျောက်၊ ဆတ် အစရှိသော နို့တိုက်သတ္တဝါ ၁၄ မျိုး၊ မြွေ၊ ဖွတ်၊ လိပ်အစရှိသော တွားသွားသတ္တဝါ ၃၆ မျိုး၊ လိပ်ပြာ မျိုးစိတ် ၃၉ မျိုး၊ ငှက်အမျိုးပေါင်း ၁၁၃ မျိုးတို့ရှိပြီး ပေါက်ရောက်သော သစ်ပင်များမှာ သန်း၊ ဒဟတ်၊ ထနောင်း၊ သစ်ရာ၊ အင်ကြင်း စသည်ဖြင့် သစ်အမျိုးပေါင်း ၆၀ ကျော်၊ မျှစ်ဝါး၊ သိုက်ဝါးတို့လည်း ပေါက်ရောက်သော ရွှေစက်တော်ဘေးမဲ့တောနှင့် ဆက်စပ်သည့် ဧရိယာများတွင် သစ်ကြံပိုးခေါက်၊ ကရဝေး၊ မုဆိုးငရုတ်၊ ဝံအူ အစရှိသော ဟင်းခတ်အမွှေးအကြိုင်များနှင့် ဘယဆေးပင်များအပြင် ရှားပါးလှသော တစ်ခိုင်လုံးရွှေသစ်ခွပင်များနှင့် အခြားသစ်ခွပင်များလည်း ပေါက်ရောက်သဖြင့် တွေ့ရှိရသည်ဟု မန်းရွှေတော်ပြခန်း၌ တင်ပြထားသည်။

"ရွှေသမင်လို့ ဘာကြောင့်ခေါ်ရသလဲဆိုရင် ဒီသမင်တွေက အခြားသမင်တွေနဲ့မတူဘူး၊ မိုးရွာလာရင် အရောင်အသွေးက သူတို့ရဲ့ ကျောပေါ်မှာ ရွှေရောင်အစက်အပြောက်ကလေးတွေပါတယ်၊ နေရောင်အောက်မှာ ကြည့်လိုက်ရင် ရွှေအိုရောင်သမ်းနေတယ်၊ အနေအထိုင်မှာလည်း တန်ဖိုးရှိရှိ ကျစ်ကျစ်လျစ်လျစ်နေတာတွေ့ရတယ်" ဟု သမင်ခြံထိန်းသိမ်းရေးဝန်ထမ်းက ပြောပြသည်။

သမင် (Deer) မျိုးစိတ်များမှာ ကမ္ဘာအနှံ့အပြားတွင်တည်ရှိ၍ သမင်မျိုးစိတ်ပေါင်း ၄၃ မျိုးရှိပြီး မြန်မာနိုင်ငံတွင် သမင်မျိုးစိတ် ရှစ်မျိုးရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံရှိ ရွှေသမင်ကောင်ရေပျံ့နှံ့မှု အခြေအနေအရ ၁၉၇၀ ပြည့်နှစ်ခန့်က အပူပိုင်းဇုန်ရှိ မြို့နယ်ပေါင်း ၃၄ မြို့နယ်တွင် သမင်ကောင်ရေ ၄၀၀၀ ခန့်ရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၏ မှတ်တမ်းအရ ၂၂၀၀ ခန့်ကျန်ခဲ့သည်။ ၁၉၉၇ ခုနှစ် သစ်တောဦးစီးဌာန၏ ပြန်လည်ဆန်းစစ်ချက်အရ မြို့နယ်ပေါင်း ၂၃ မြို့နယ်တွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ် သစ်တောဦးစီးဌာန၏ မှတ်တမ်းအရ မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှတ်တမ်းအရ စလင်းမြို့နယ်တွင်သာကျန်သည်ဟု သိရသည်။

၎င်းရွှေစက်တော်ဘေးမဲ့တောမှ နိုင်ငံတော်အတွက် စီးပွားဖြစ် မဟုတ်သည့်တိုင် မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် ရေနံ၊ ကျောက်မီးသွေး၊ လချေးကျောက်များနှင့် လမ်းခင်းကျောက်များအား တူးဖော်ရရှိသေးသည်။ လူသားတို့သည် ပရဆေးဖော်စပ်ရန်၊ အသားစားသောက်ရန် အကြောင်းအမျိုးမျိုးပြ၍ စည်းကမ်းမဲ့စွာ ပစ်ခတ်ဖမ်းဆီး သတ်ဖြတ်ကြသဖြင့် အဖိုးတန် ရှားပါးတိရစ္ဆာန်များသည် လည်းကောင်း၊ ထင်းခုတ်၊ သစ်ခုတ်၊ ယာခုတ်၊ မီးသွေးဖုတ်၊ တောမီးရှို့စသည်အလုပ်များ ပြုလုပ်ကြသဖြင့် ယခုအခါ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် နေ့ညမပျက် ဘေးမဲ့တောများနှင့် ကာကွယ်တောများအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကာကွယ်စောင့်ရှောက်ရာတွင် ရွှေသမင်နှင့်ကြယ်လိပ်တို့က အလွန်အင်မတန် ရှားပါးနေပြီဖြစ်သည်ဟု စာရေးဆရာ ဂျေမောင်မောင်ပြူးစ်က ဆိုသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၂၀၁၃ ခုနှစ်က သမင်စာရင်း ကောက်ယူချက်အရ သမင်ကောင်ရေ ၁၅၀၀ ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၁၃ ခုနှစ် သမင်စာရင်း ကောက်ယူချက်အရ သမင်ကောင်ရေ ၁၂၀၀ ခန့်ရှိသည်ဟု တင်ပြထားသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးသည်လည်း မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၅ ရက်နေ့မှ ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပပြီးစီးသွားပြီဖြစ်သော်လည်း မန်းရွှေစက်တော် လှေတင်တံတားအနောက်ထိပ်မှရွှေသမင်ကလေးများက ကြိုလင့်နေကြတော့မည်ဖြစ်သည်။ ။

## စိုးရိမ်နေတဲ့မိသားစုဝင်တွေကို တုံ့ပြန်လိုက်တဲ့ ပဲရစ်ဂျက်ဆင်

ပေ့ါပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်အပေါ် သူ့ရဲ့ဆွေမျိုးတွေက စိုးရိမ်မှုတွေရှိနေကြောင်း မီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပြီးတဲ့နောက် ပဲရစ်ဂျက်ဆင်က သူ့အတွက် မစိုးရိမ်ဖို့ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် တုံ့ပြန်ပြောကြားခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပဲရစ်ဂျက်ဆင်ဖော်ပြခဲ့တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်က ဗီဒီယိုနဲ့ ရေးသားဖော်ပြခဲ့တဲ့စာသားအချို့ဟာ ပဲရစ်ဂျက်ဆင်ရဲ့ဆွေမျိုးတွေကို စိတ်ပူစေခဲ့တာဖြစ်ပါတယ်။ ပဲရစ်က ပြီးခဲ့တဲ့လအတွင်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ နယူးယောက်မှာရှိတဲ့ မိုးမျှော်တိုက်အစွန်းမှာ လမ်းလျှောက်နေတဲ့ ဗီဒီယိုနဲ့အတူ သေလုမြောပါးဖြစ်နေပြီလို့ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလိုဖော်ပြခဲ့တာကြောင့် ဆွေမျိုးတွေက ပဲရစ်ဂျက်ဆင်ကို စိတ်ပူခဲ့ကြပါတယ်။

ဒီအကြောင်းဟာ မီဒီယာစာမျက်နှာပေါ်ရောက်လာခဲ့ချိန်မှာတော့ အသက် ၂၀ အရွယ်ရှိပြီဖြစ်တဲ့ ပဲရစ်ဂျက်ဆင်က ဆွေမျိုးတွေအနေနဲ့ သူ့ကို စိတ်မပူစေလိုကြောင်း၊ ဆွေမျိုးတွေနဲ့ အမြဲတမ်းဖုန်းပြောဖြစ်ကြပြီး အလည်အပတ်လည်း အတူတူထွက်လေ့ရှိတာကြောင့် သူ့အတွက် မစိုးရိမ်ကြစေလိုကြောင်း ပြီးခဲ့တဲ့ တနင်္လာနေ့က အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် တုံ့ပြန်ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



## ဆံပင်ရှည်ကြီးရဲ့ လျှို့ဝှက်ချက်ကို ထုတ်ဖော်လာတဲ့ ဖန်ဘင်းဘင်း

တရုတ်မင်းသမီးတစ်ဦးဖြစ်ပြီး နိုင်ငံတကာရုပ်ရှင်တွေမှာပါ ပါဝင်ခွင့်ရခဲ့သူ မင်းသမီး ဖန်ဘင်းဘင်းက ပိုးသားလိုနူးညံ့ပြီး အလွန်ရှည်နေပြီဖြစ်တဲ့ သူ့ရဲ့ဆံပင်နဲ့ပတ်သက်ပြီး လျှို့ဝှက်ထိန်းသိမ်းနည်းကို လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖန်ဘင်းဘင်းဟာ လှပတဲ့ဆံပင်ရှည်ကြီးကို ပိုင်ဆိုင်ထားသူ မင်းသမီးတစ်ဦးအဖြစ်လည်း လူသိများပါတယ်။ ဒီလိုဆံပင်ရှည်ကြီးကို ကောင်းမွန်လှပအောင် သူ့အနေနဲ့ ထိန်းသိမ်းပုံကိုလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဖန်ဘင်းဘင်းရဲ့အဆိုအရ သူဟာ ဆံပင်ရှည်ကြီးကို တစ်ပတ်မှာတစ်ကြိမ်သာ လျှော်လေ့ရှိကြောင်းလည်း သိရပါတယ်။

တစ်ခါတစ်ရံ ဆံပင်ကိုမလျှော်ဖြစ်ဘဲ အကြာဆုံးနေခဲ့မိတာကတော့ ဆယ်ရက်ခန့်အထိ ရှိခဲ့ဖူးကြောင်းလည်း မင်းသမီးက ဆိုပါတယ်။ ဖန်ဘင်းဘင်းက ဆံပင်ကို မကြာခဏလျှော်ခြင်းကြောင့် သဘာဝအတိုင်းထွက်ရှိတဲ့ အဆီတွေ ခန်းခြောက်တတ်ပြီး ဆံသားခြောက်သွေ့မှုတွေဖြစ်နိုင်တာကြောင့် ဆံပင်အမြစ်ကို အားလျော့စေကြောင်း၊ ဒါကြောင့် သူ့အနေနဲ့ တစ်ပတ်တစ်ကြိမ်သာ ခေါင်းလျှော်ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

## ခက်ခဲတဲ့အချိန်တွေမှာ ဟီးချော့က ကူညီခဲ့ကြောင်း ဟာန်နီ ဖွင့်ဟ

တောင်ကိုရီးယား အမျိုးသမီးတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “EXID”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟာန်နီက သူ့ဘဝရဲ့ ခက်ခဲပင်ပန်းခဲ့တဲ့ အချိန်တွေမှာ ကေပေ့ါပ်အမျိုးသားတေးဂီတအဖွဲ့ဖြစ်တဲ့ “Super Junior”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟီးချော့က ကူညီမှုတွေပေးခဲ့ကြောင်း လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ရင်ဖွင့်ခဲ့တာဖြစ်ပါတယ်။

ယင်းအစီအစဉ်မှာ ဟာန်နီက ဟီးချော့ဟာ သူ့အတွက်တော့ တကယ်ကိုကောင်းမွန်တဲ့ မိတ်ဆွေဖြစ်ကြောင်း၊ သူ့ကိုငွေရေးကြေးရေးအရ တိုက်ရိုက်ထောက်ပံ့တာမျိုးတွေမရှိခဲ့ပေမယ့် ခက်ခဲတဲ့အချိန်တိုင်းမှာတော့ သူ့ဘက်မှာ ရပ်တည်ပေးခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။ အစီအစဉ်တင်ဆက်သူက ဟီးချော့ဟာ အချစ်ရေးနဲ့ပတ်သက်ပြီး ကောလာဟလတွေကို ပိတ်ပင်တားဆီးဖို့အတွက် သူ့ရဲ့ မိန်းကလေးမိတ်ဆွေတွေများစွာနဲ့ တွဲသွားလေ့ရှိသူဖြစ်ကြောင်းနဲ့ ဟာန်နီနဲ့လည်း အတူတွဲကာ ရုပ်ရှင်ကြည့်တာတွေ၊ အတူစားသောက်လည်ပတ်တာမျိုးတွေ ကြားသိခဲ့ရကြောင်းလည်း ပြောကြားခဲ့ပါတယ်။





## ဂျော်ဒန်ကို အလည်အပတ်သွားမယ့် မင်ဟို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးအဖြစ်မှသည် အောင်မြင်တဲ့ ဇာတ်ဆောင်တစ်ဦးအဖြစ်ပါ ဆက်လက်လျှောက်လှမ်းနေတဲ့ မင်ဟိုဟာ ဂျော်ဒန်ကို အလည်အပတ်ခရီးစဉ်သွားရောက်မှာဖြစ်ပါတယ်။ ဒီလိုသွားရောက်ခဲ့ရတာဟာ သူ့ရဲ့ ရုပ်သံအစီအစဉ်ရိုက်ကူးရေးဖြစ်တာကြောင့် အဖွဲ့သားတွေအားလုံးလိုက်ပါသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်မှာ မင်ဟိုရဲ့ ဂျော်ဒန်ခရီးစဉ်နဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ စွန့်စားခန်းခရီးစဉ်တစ်ခုဖြစ်ပြီး မှတ်တမ်းတင်ရိုက်ကူးသွားမှာလည်းဖြစ်ပါတယ်။ မင်ဟိုနဲ့အတူ ကမ်ဂူရာ၊ လီဆယ်ဟောင်းနဲ့ သမိုင်းဆရာတစ်ဦးဖြစ်သူ ဆိုးမင်ဆပ်တို့လည်း အတူလိုက်ပါသွားကြမှာဖြစ်ပြီး နယ်စပ်ဖြတ်ကျော်သွားရောက်မှု စွန့်စားခန်းကို ရိုက်ကူးထုတ်လွှင့်သွားမယ့် အစီအစဉ်လည်း ဖြစ်ပါတယ်။

ယခုတစ်ကြိမ်ဟာ မင်ဟိုအတွက် အစီအစဉ်မှာ ပါဝင်ခဲ့တဲ့ တတိယအကြိမ်မြောက်စွန့်စားခန်းဖြစ်လာမှာပါ။ ယခင်က ပေ့ါပ်ကြယ်ပွင့်ဟာ ပြင်သစ်၊ ဂျာမနီနယ်စပ်နဲ့ မက္ကဆီကို၊ အမေရိကန်နယ်စပ်တို့ကို ဖြတ်ကျော်သွားရောက်ခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## ကိတ်မစ်ဒယ်လ်တန် တတိယမြောက် ရင်သွေးလေးဖွားမြင်

ဗြိတိန်ရဲ့ တော်ဝင်ရင်သွေးတစ်ဦးကို လတ်တလောမှာ ဖွားမြင်ခဲ့ပြီဖြစ်ပါတယ်။ ကမ်းဘရက်ချ်မြို့စား မင်းသား ဝီလျံနဲ့ မြို့စားကတော် ကိတ်မစ်ဒယ်လ်တန်တို့ရဲ့ တတိယမြောက် ရင်သွေးလေးကို ပြီးခဲ့တဲ့ တနင်္လာနေ့ နံနက်ပိုင်းက ကြိုဆိုခဲ့ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော မွေးဖွားခဲ့တဲ့ ရင်သွေးလေးဟာ သားယောကျ်ားလေးဖြစ်ပြီး ဒေသစံတော်ချိန် ၁၁ နာရီ ၁ မိနစ်မှာ ဖွားမြင်ခဲ့ကာ ကိုယ်အလေးချိန်ကတော့ ရှစ်ပေါင်နဲ့ ခုနစ်အောင်စရှိတယ်လို့ ကင်းစတန်းနန်းတော်ရဲ့ တရားဝင်တွစ်တာစာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

တတိယမြောက် ရင်သွေးလေးမွေးဖွားခဲ့ချိန်မှာ မင်းသား ဝီလျံလည်း အတူရှိနေပါတယ်။ ဒါ့အပြင် အသက်လေးနှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား ဂျော့ဂ်ျနဲ့ နှစ်နှစ်အရွယ် မင်းသမီးလေး ရှားလော့တို့လည်း အတူရှိနေကြကြောင်းလည်း သိရပါတယ်။ လတ်တလောအချိန်အထိတော့ တတိယမြောက် ရင်သွေးလေးအတွက် အမည်ရွေးချယ်ပြီးခြင်းမရှိသေးကြောင်းလည်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။

ရင်သွေးလေးဖွားမြင်ပြီးနောက် နန်းတော်ကို



ပြန်လည်ရောက်ရှိလာတဲ့ မင်းသား ဝီလျံနဲ့ ကိတ်မစ်ဒယ်လ်တန်တို့က လူထုကို အတူတကွ တွေ့ဆုံနှုတ်ဆက်ရင်း မင်းသားလေးနဲ့ ပထမဆုံးအကြိမ် မိတ်ဆက်ပေးခဲ့ကြောင်းလည်း သိရပါတယ်။

## Avengers: Infinity War အထူးပွဲပြသ

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ တိုက်ခိုက်ရေး ဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်တဲ့ “Avengers”ရဲ့ ရုပ်ရှင်သစ်အတွက် အစမ်းရုပ်ရှင်ကို လတ်တလောမှာ ထုတ်လွှင့်ပေးခဲ့ပြီးနောက် လတ်တလောမှာတော့ အထူးပွဲတစ်ရပ်ပြသပေးခဲ့ပါတယ်။ မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးကို တာဝန်ယူဖန်တီးခဲ့တဲ့ “Avengers: Infinity War” ကို ပြီးခဲ့တဲ့ တနင်္လာနေ့က ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ပြသလိုက်တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

လတ်တလော ထုတ်လွှင့်ပေးခဲ့တဲ့ ရုပ်ရှင်မှာ ဇာတ်လမ်းတွဲရဲ့ ပါဝင်နေကျဇာတ်ကောင်တွေပါဝင်ထားတာကို တွေ့ရပါတယ်။ ဒီရုပ်ရှင်သစ်ကိုတော့ လာမယ့် သောကြာနေ့မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## ကြည့်ရှုသူအများဆုံး ကေပေ့ါပ်တေးဗီဒီယိုဖြစ်လာတဲ့ DNA

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ “BTS”ဟာ လတ်တလောမှာတော့ စံချိန်သစ်တစ်ရပ် တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့တေးသီချင်း “DNA”ရဲ့ တေးဗီဒီယိုဟာ ကေပေ့ါပ်တေးဗီဒီယိုတွေအနက် ကြည့်ရှုသူအများဆုံးဖြစ်လာခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၂ ရက်မှာတော့ “DNA”ဟာ ကြည့်ရှုသူအများဆုံးတေးဗီဒီယိုဖြစ်လာခဲ့ပြီး ယခင်ကတော့ “BIGBANG”ရဲ့ တေးသီချင်း “Fantastic Baby”က ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်ချိုးထားတာဖြစ်ပါတယ်။ စတင်ထုတ်လွှင့်ပြီးနောက် ခုနစ်လကျော်အကြာမှာ “DNA”ဟာ ကြည့်ရှုသူပရိသတ် သန်း ၃၅၀ ကျော်ခဲ့တာဖြစ်ပြီး ကြိုက်နှစ်သက်ကြောင်းဖော်ပြခဲ့သူ ငါးသန်းကျော်ခဲ့ပြီဖြစ်တယ်လို့လည်း သိရပါတယ်။

## လေကြောင်းလူငယ်အခြေခံသင်တန်း(တောင်ကြီးစခန်း)ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဧပြီ ၂၄**
ရှမ်းပြည်နယ်(တောင်ပိုင်း) အစိုးရအဖွဲ့နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) နမ့်စန်လေတပ်စခန်းဌာနချုပ်တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သော လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၈)(တောင်ကြီးစခန်း) ဖွင့်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက အရှေ့ပိုင်းစစ်ဌာနချုပ် သံလွင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လေကြောင်းသိပ္ပံပညာရပ်ကို ကိုယ်တိုင်ဆည်းပူး လေ့လာသင်ယူကြရမှာဖြစ်သလို လေယာဉ်လိုက်ပါစီးနင်းခြင်း၊ ရဟတ်ယာဉ်သရုပ်ပြပျံသန်းခြင်းနဲ့ Remote Control လေယာဉ်ငယ်ကို သရုပ်ပြပျံသန်းခြင်း၊ Radio Control/Remote Control လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်မှု ပြိုင်ပွဲအပြင် ရန်ကုန်မြို့ရှိ ဗဟုသုတရစေမည့် နေရာများကို လေ့လာရေးသွားရောက်ခွင့်ရကြမှာဖြစ်ပါကြောင်း၊ အခြေခံသင်တန်းတက်ရောက်ပြီး ထူးချွန်ထက်မြက်သူများအနေဖြင့် အခြေခံသင်တန်းထက်မြင့်မားသည့် ဘာသာရပ်တွေကို သင်ကြားပို့ချခွင့်ရမှာဖြစ်တဲ့အပြင် တကယ့်လေယာဉ်တွေပေါ်မှာ ကိုယ်တိုင်ပါဝင်မောင်းနှင်ပျံသန်းရမှာဖြစ်ကြောင်း၊ နောင်တစ်ချိန်မှာ လေကြောင်းပျံသန်းမှုဆိုင်ရာ ပညာရှင်များဖြစ်အောင်မျှော်မှန်းပြီး ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ ပညာ၊ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တကောင်းမွန်မြင့်မားတဲ့ နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သင်တန်းသား၊သင်တန်းသူများအား ကျပ်သိန်း ၃၀ လှူဒါန်းရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နမ့်စန်လေတပ်စခန်းဌာနချုပ် အုပ်စုမှူး ဗိုလ်မှူးကြီးမင်းထင်ထံ ပေးအပ်လှူဒါန်းပေးခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊နမ့်စန်လေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



## သင်္ကြန်ကာလပြီးသွားသော်လည်း ဇလုံတောင်တော်ဘုရားသို့ ဘုရားဖူးသူများပြား

**ဗန်းမောက် ဧပြီ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်ဘုရားသို့ သင်္ကြန်ကာလပြီးသွားသော်လည်း ရပ်နီးရပ်ဝေးမှမိသားစုလိုက် ဘုရားဖူး၊ အပန်းဖြေခရီးများလာရောက်သဖြင့် စဉ်ဆက်မပြတ် စည်ကားလျက်ရှိသည်။

အဆိုပါစေတီတော်မြတ်မှာ ဗန်းမောက်မြို့မှ ၁၄ မိုင် လေးဖာလုံခန့်အကွာ၊ တောတောင်များအလယ်ကျောက်တောင်၊ ကျောက်သားပေါ်တွင်တည်ထားခြင်း၊ ကျောက်မဏ္ဍပ်စေတီဘုရားတွင် ထူးခြားထင်ရှားသည်မှာ ကျောက်ဆန်အိတ်၊ ကျောက်လင်ဗန်း၊ ကျောက်ကြေးစည်၊ ကျောက်မောင်း၊ ကျောက်ပန်းကန်ပြားများရှိပြီး မြန်မာနိုင်ငံတွင်တန်ခိုးကြီးပြီးထင်ရှားသည့်အတွက် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများ ပွင့်လင်းရာသီတွင် လာရောက်ဖူးမြော်ကြခြင်းဖြစ်သည်။

"ကျွန်တော်တို့က ရန်ကုန်ဘက်ကနေလာကြတာပါ၊ လာလည်ချင်တာတော့ကြာလှပါပြီ၊ ဒါပေမယ့် ခရီးကလည်းဝေးလွန်းတော့ မလာဖြစ်ကြဘူး၊ ဒီနှစ်တော့ ကလေးတွေဆယ်တန်းစာမေးပွဲပြီးတာနဲ့ သူတို့ကလည်း ဇလုံတောင်ကို သွားချင်တယ်ဆိုတာနဲ့ လိုက်ပို့တာပါ၊ ဒီရောက်တော့မှ တစ်နိုင်ငံလုံး ဒေသအစုံက လာရောက်တဲ့သူတွေနဲ့ အတော်စည်ကားနေတာကိုတွေ့ရပါတယ်"ဟု ရန်ကုန်မြို့မှ ဦးကျော်ဇင်လတ်က ပြောသည်။

ဗန်းမောက်မြို့မှ ဇလုံတောင်တက် ကားဂိတ်သို့ ခြောက်မိုင်၊ ထိုမှတစ်ဆင့်တောင်တော်သို့ ရှစ်မိုင်လေးဖာလုံ ကွာဝေးပြီး CBT လုံးချင်းငှားတဲစခန်းမှ ကားငှားရမ်းကာ သွားရောက်နိုင်သည့်အပြင် ခြေကျင်ခရီးဖြင့်လည်း တက်ရောက်နိုင်ကြောင်း သိရသည်။

"ဖွင့်တာကတော့ တောင်တက်လမ်းတွေ၊ ရေမြောင်းတွေ ပြုပြင်ပြီးစီးသွားပါက နိုဝင်ဘာလဆန်းပိုင်းမှ စတင်ဖွင့်တာပါ၊ အခုလိုဆယ်တန်းတွေဖြေပြီးတဲ့ အချိန်ဆို အလွန်စည်ပါတယ်၊ ဒီနှစ်ထူးခြားတာကတော့ ဇလုံတောင်တော်ဘုရား တစ်တောင်လုံးရွှေရောင်လွှမ်းခဲ့တာတွေကို ဘုရားဖူးတော်တော်များများတွေ့မြင် ဖူးမြော်ခဲ့ကြရတာတွေကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ထားတဲ့ခွေတွေလည်းရှိပါတယ်"ဟု တောင်တက်ကားအသင်းမှ ဒေသခံတစ်ဦးက ပြောသည်။

**ကျော်စွာ(ဗန်းမောက်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဘာဝတောကျွန်ဧက၉၀၀၀ကို ငါးနှစ်ဆက်တိုက် ထိန်းသိမ်းနည်းဖြင့် လုပ်ဆောင်ပေးသွားမည်

**မုံရွာ ဧပြီ ၂၄**
အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော ရွှေဘိုခရိုင်၊ မုံရွာနှင့် ယင်းမာပင်ခရိုင်အတွင်းရှိ သဘာဝတောကျွန် ဧက ၉၀၀၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ပြီး ငါးနှစ်ဆက်တိုက်ထိန်းသိမ်းနည်းစနစ်ဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"သဘာဝတောကျွန်များထိန်းသိမ်းတဲ့ လုပ်ငန်းကိုလုပ်မယ့် နေရာတစ်ခုကို အရင်က နှစ်နှစ်ပဲလုပ်တယ်၊ အခုနောက်ပိုင်းမှာ ငါးနှစ်ဆက်တိုက်ထိန်းတဲ့နည်းစနစ်ကိုသုံးခဲ့တယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဧက ၉၀၀၀ ကို သဘာဝတောထိန်းခဲ့တယ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာလည်း ဧက ၉၀၀၀ ကို ဒုတိယနှစ်အနေနဲ့ ပြန်ပြီးထိန်းနေတယ်၊ ဒုတိယနှစ်မှာတော့ အဲဒီထိန်းသိမ်းတဲ့အခါမှာ ပင်မစခန်းဆောက်ပြီး စောင့်တယ်၊ အစောင့်တဲဆောက်ပြီးတော့ စောင့်တဲ့လုပ်ငန်းတွေ မပါတော့ဘူး၊ နမူနာစာရင်းကောက်ယူတာ တစ်နေရာရွှေ့ပြီး ကောက်တယ်၊ ဓမ္မတာမျိုးဆက်လုပ်ငန်းတွေလုပ်တယ်၊ အစောင့်ချထားတဲ့ အပိုင်းတွေကိုဆက်ပြီး လုပ်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဘလွင်ဦးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သဘာဝတောကျွန်များထိန်းသိမ်းခြင်းအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ ကန့်ဘလူကြိုးဝိုင်းအတွင်း ဧက ၂၀၀၀ အားလည်းကောင်း၊ ရေဦးမြို့နယ် ရွာငယ်ကြိုးပြင်ကာကွယ်တော ဧက ၂၀၀၀အား လည်းကောင်း၊ တန့်ဆည်မြို့နယ် ရွာမုံတောင်ကြိုးပြင် ကာကွယ်တော ဧက ၂၀၀၀ အားလည်းကောင်း၊ မုံရွာခရိုင် မုံရွာမြို့နယ်အတွင်းရှိ ကျောက္ကာရွှေမြင်တင်(အဆိုပြု)ကာကွယ်တော ဧက ၁၀၀၀ အားလည်းကောင်း၊ ယင်းမာပင်မြို့နယ်ဖိုလ်ဝင်တောင်ကြိုးဝိုင်းအတွင်းရှိ ဧက ၁၀၀၀ အားလည်းကောင်း၊ ပုလဲမြို့နယ် ခင်းအေးကြိုးဝိုင်းအတွင်းရှိ ဧက ၁၀၀၀ အား လည်းကောင်း စုစုပေါင်း ဧက ၉၀၀၀ အား ဒုတိယနှစ်ထိန်းသိမ်းခြင်းအဖြစ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ဒေသထွက်ရာသီသီးနှံများ တရုတ်နိုင်ငံသို့တင်ပို့ရောင်းချ

**မန္တလေး ဧပြီ ၂၄**
မန္တလေးတိုင်းဒေသကြီးဒေသထွက်စိုက်ပျိုးရေးသီးနှံများအား မူဆယ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မန္တလေးမြို့သစ်သီးဝလံပွဲရုံများနှင့်ကုန်သည်များထံမှသိရသည်။

နေ့စဉ်မန္တလေးသစ်သီးပွဲရုံများမှ မူဆယ် ၁၀၅ မိုင်သစ်သီးပွဲရုံများသို့ ပို့ဆောင်ပြီး ဖရဲသီး(အဖြူ)၊ ဖရဲသီး(အစေ့မဲ့)၊ ဖရဲသီး(အကျား)၊ သခွားမွှေး (ပိုက်ကွက်)၊ သခွားမွှေး(ရွှေ)၊ ထိုင်ဝမ်သခွားမွှေးတို့ကို တရုတ်နိုင်ငံဈေးကွက်သို့ တစ်ကီလိုဂရမ်လျှင် အနိမ့်ဆုံးဈေး ၁၉၈ ကျပ်မှအမြင့်ဆုံးဈေး ၃၉၇ ကျပ်ဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

ကျောက်ဆည်ခရိုင်ရှိ သခွားမွှေးစိုက်ခင်းများတွင် သခွားမွှေးသီး (ပိုက်ကွက်)၊ သခွားမွှေးသီး(ရွှေ)၊ ထိုင်ဝမ်သခွားမွှေးသီးများ ဧပြီလဆန်းမှစတင်ပြီး လှိုင်လှိုင်ထွက်လျက်ရှိရာ အလုံးကြီးများအား တရုတ်ဈေးကွက်သို့တင်ပို့ပြီး အလုံးသေးနှင့်ဈေးကွက်မဝင်သောဖရဲသီးနှင့်သခွားမွှေးသီးများအားရန်ကုန်-မန္တလေးလမ်း၊ မန္တလေး-စစ်ကိုင်းသွားမြို့ပတ်ကမ်းနားလမ်းနှင့်မန္တလေး-ပြင်ဦးလွင်လမ်းတို့တွင် ရောင်းချကြသည်။

တရုတ်နိုင်ငံဈေးကွက်သို့ ပုသိမ်ကြီးနှင့် ကျောက်ဆည်မြို့နယ်ထွက် ထိုင်ဝမ်ဆီးသီးများ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ သာစည်မြို့နယ်များမှထွက်ရှိသော စပျစ်သီးများလည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန် ထရန်စဖော်မာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ ဧပြီ ၂၄**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ပြည်သူများ ဓာတ်အားပြည့်ဝစွာရရှိစေရန်နှင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် သပြေဝ ဓာတ်အားခွဲရုံမှ ဝန်ဇင်းဓာတ်အားခွဲရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းကြိုးများ ပြောင်းလဲတပ်ဆင်ခြင်းနှင့် ရပ်ကွက်/ ကျေးရွာများသို့ ဓာတ်အားပေးလျက်ရှိသည့် ဝန်ဇင်းဓာတ်အားခွဲရုံ၏ ထရန်စဖော်မာအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယုမော်(အင်ဂျင်နီယာ)က ပြောကြားခဲ့သည်။



မိတ္ထီလာမြို့ကို ဓာတ်အားပေးထားသော ၃၃ ကေဗွီ သပြေဝ-ဝန်ဇင်းဓာတ်အားလိုင်းသည် ၁၁ မိုင် ရှည်လျားပြီး ယခင်က ဓာတ်အားလိုင်းကြိုးများမှာ 95mm² ဖြစ်ပြီး ယခုအခါ နှစ်စဉ်ဓာတ်အားလိုင်းသုံးစွဲမှု များပြားလာသည့်အတွက် သုံးစွဲသည့်ဝန်အား ဒဏ်ခံနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေး၊ ဓာတ်အားပြည့်ဝစေရေးအတွက် ဓာတ်အားလိုင်းကြိုး 95mm² မှ 180mm² ဖြင့် ပြောင်းလဲတပ်ဆင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ အဓိကဓာတ်အားပေးထားလျက်ရှိသော 33/11KVA(10+10)MVA ဝန်ဇင်းခွဲရုံ၏ (10)MVA ထရန်စဖော်မာ (၁)သည် ဝန်အားပြည့်(Full Load)ဖြစ်နေပါသဖြင့် (20)MVAဖြင့် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၂၂ ရက်က တပ်ဆင်ပြီးစီးပြီဖြစ်သည်။ အဆိုပါ ထရန်စဖော်မာ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းပြီးစီး၍ မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ယခင်ကထက် ပိုမိုသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**မယ်စဲ့ ဧပြီ ၂၄**
တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေနှင့် အညီ ရွေးချယ်ခန့်ထားသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်က အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့်အညီ သိရှိနားလည်တတ်ကျွမ်းဆောင်ရွက်နိုင်စေရန်နှင့် ပြည်သူများကို စနစ်တကျဝန်ဆောင်မှုပေးနိုင်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝက၊ ကျန်းမာရေး၊ စာရင်းစစ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကော်မရှင်၊ စီမံကိန်း၊ စိုက်ပျိုးရေး၊ သစ်တော၊ လျှပ်စစ်၊ ပညာရေး၊ စည်ပင်စသည့်ဌာန ၁၃ ခုကသင်တန်းပို့ချသည်။

သင်တန်းသားစုစုပေါင်း ၂၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ဖြစ်ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အစရှိပြီးဆို... အဆုံးရှိတယ်

မေလဲ့သင်း




အာဆင်နယ်ဆိုတာနဲ့ ဘောလုံးပရိသတ်တွေ အားလုံး မျက်စိထဲတွဲလျက်မြင်နေခဲ့တာက နည်းပြအာစင်ဝင်းဂါးရဲ့ ပုံရိပ်။ ကွင်းဘေးစည်းကနေ အသင်းရဲ့ကစားဟန်ကို တည်ငြိမ်မှု အပြည့်နဲ့ စောင့်ကြည့်နေတတ်တဲ့ ပုံရိပ်ဟာ နှစ်ပေါင်း ၂၀ကျော်ကြာ မြင်တွေ့ခဲ့ရပြီး အာဆင်နယ် အိမ်ကွင်း ဟိုက်ဘူရီကနေ လက်ရှိ အမ်းမရိတ်စ်ကိုသာ ပြောင်းလာတယ်။ ဝင်းဂါးကတော့ အာဆင်နယ်နဲ့ ယှဉ်တွဲပါလာခဲ့တာဖြစ်ပါတယ်။ သူအောင်မြင်မှု အထွတ်အထိပ် ရောက်နေတဲ့ ကာလမှာ ရီးယဲလ်မက်ဒရစ်လို အသင်းကြီး တွေက လစာအမြောက်အမြားနဲ့ ကမ်းလှမ်းမှုတွေ ရရှိခဲ့ပေမယ့် အာဆင်နယ်ကနေ ထွက်ခွာမသွားခဲ့သူဖြစ်ပါတယ်။ ခုတော့ ဝင်းဂါးနဲ့ အာဆင်နယ်အသင်း တစ်ခန်းရပ်ဖို့ အကြောင်းဖန်လာခဲ့ပါပြီ။

## ဧပြီလအတွက် အလှုပ်ခတ်ဆုံး သတင်းဖြစ်ပြီ

၁၉၉၆ အောက်တိုဘာ ၁၂ ရက် အက်ဝုဒ်ဝဲ့ကွင်း ဘလက်ဘန်းနဲ့ ကစားတဲ့ပွဲမှာ အာဆင်နယ်နည်းပြဘဝကို စတင်ခဲ့တဲ့ ပြင်သစ်လူမျိုးနည်းပြကြီး အာစင်ဝင်းဂါးနဲ့ အာဆင်နယ်သမိုင်း ရပ်တန့်ဖို့ ကြေညာချက်ဟာ ၂၀၁၈ ခုနှစ် ဧပြီ ၂၀ ရက်မှာ ထွက်လာခဲ့ပါတယ်။အာဆင်နယ် အသင်းအနေနဲ့ နည်းပြဝင်းဂါးနဲ့ စာချုပ်တစ်နှစ်ကျန် နေသေးပေမယ့် လက်ကျန် သက်တမ်းကုန်တဲ့အထိ ကိုင်တွယ်ခွင့်မပေးတော့ဘဲ ရာသီကုန် နည်းပြဝင်းဂါးနဲ့ လမ်းခွဲမယ်လို့ ကြေညာခဲ့တာက တစ်နည်းအားဖြင့် ဆိုရရင် နည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်တာပါပဲ။

အာဆင်နယ်အသင်းဟာ ဝင်းဂါးကိုင်တွယ်ခဲ့တဲ့ ၂၂ နှစ်တာကာလမှာ အကြိမ် ၂၀ ဆက်တိုက် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ နှစ်ဘောလုံးရာသီက ချန်ပီယံလိဂ်ဝင်ခွင့် ပထမဦးဆုံး အကြိမ် ဆုံးရှုံးခဲ့သလို ဒီနှစ်ဘောလုံးရာသီမှာလည်း ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၆)နေရာအထိ ရောက်ရှိနေကာ နှစ်ရာသီဆက်တိုက် ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ရဖို့ သေချာနေပါပြီ။ ပြီးခဲ့တဲ့ ဧပြီ ၁၅ ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပြီးနောက်မှာတော့ အာဆင်နယ် အသင်းဘုတ်အဖွဲ့ဝင်တွေက နည်းပြဝင်းဂါးကို ထုတ်ပယ်ပြီး နည်းပြသစ်တစ်ဦးကို ခန့်အပ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

## ခရွန်ကီရဲ့ ယုံကြည်ကိုးစားမှု ပျောက်ဆုံးခဲ့ခြင်းနောက်

နည်းပြအပြောင်းအလဲ အလွန်လျင်လျင်မြန်မြန်ဖြစ်တတ်တဲ့ ပရီမီယာလိဂ်မှာ ဆယ်စုနှစ်တစ်ခုကျော်ကြာ ပရီမီယာလိဂ်ဖလားလက်မဲ့ရာသီတွေကို အလီလီဖြစ်ခဲ့တာတောင် ဝင်းဂါးကို စာချုပ်သက်တမ်းတွေ ထပ်ထပ်တိုးပြီး နည်းပြအဖြစ်ထားရခြင်းက အာဏာရှင်ဆန်ဆန် သိမ်းပိုက်ထားတယ်လို့ ရှုမြင်ပြီး အာဆင်နယ်ပရိသတ် အများစုက ဆန္ဒပြမှုတွေ မကြာခဏဆိုသလိုပြုခဲ့တာပါ။ ဒီလိုဆန္ဒပြမှုကို အိမ်ကွင်း အဝေးကွင်းမရွေးလုပ်ဆောင်ခဲ့သလို လမ်းမတွေပေါ်"ဝင်းဂါးထွက်တော့" "အာဏာရှင်ဆန်ဆန် သိမ်းပိုက်ထားမှု အလိုမရှိ"စသဖြင့် ဆိုင်းဘုတ်တွေကိုင်ဆောင်ပြီး ဝင်းဂါးဆန့်ကျင်ရေးတွေ ဆက်တိုက်လုပ်ဆောင်ခဲ့ကြတာပါ။

ဒါပေမယ့် အသင်းဥက္ကဋ္ဌ ခရွန်ကီကတော့ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာတဲ့ ပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ကို နှစ်စဉ်နှစ်တိုင်း မလွဲချော်အောင် ဆောင်ရွက်ပေးနိုင်မှု အားကောင်းပြီး လူငယ်ကစားသမားလေးတွေကို မြေတောင်မြှောက်ပေးမှု ကောင်းမွန်တဲ့ ဝင်းဂါးရဲ့ အရည်အချင်းတွေကို သဘောကျတာကြောင့် ပရိသတ်တွေ ဆန့်ကျင်မှုကို လျစ်လျူရှုပြီး ခေါင်းမာမာနဲ့ ဝင်းဂါးဘက်က ရပ်ပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ခဲ့ပေမယ့် အက်ဖ်အေဖလားဖိုင်နယ်မှာ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးကို အနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့တာကြောင့် စာချုပ်သက်တမ်းကုန်ဆုံးမယ့် ဝင်းဂါးကို နှစ်နှစ်စာချုပ် ထပ်တိုးပြီး နောက်ထပ်အခွင့်အရေး တစ်ကြိမ်ထပ်ပေးခဲ့ပြန်ပါတယ်။

ဒီစာချုပ်ဟာ ပရိသတ်တွေရဲ့ ဆန္ဒနဲ့ လုံးဝဆန့်ကျင်နေခဲ့ပေမယ့် ခရွန်ကီရဲ့ ထောက်ခံချက်နဲ့အတူ ဝင်းဂါးအနေနဲ့ အာဆင်နယ်အသင်းကို ဆက်လက်ကိုင်တွယ်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒီနှစ်အာဆင်နယ်မှာ ဆန်းချက်ဇ်လို အဓိကကစားသမားထွက်သွားခဲ့ပေမယ့် အာဆင်နယ်ဘုတ်အဖွဲ့ဝင်တွေက ဝင်းဂါးလိုချင်တဲ့ ကစားသမားအများစုကို ရအောင်ခေါ်ယူပေးခဲ့သလို အိုဇေးလ်ကိုလည်း ကလပ်အသင်းရဲ့သမိုင်းတစ်လျှောက် စံချိန်တင်လစာတိုးပေးပြီး ဆက်ထိန်းပေးခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဝင်းဂါးရဲ့ အာဆင်နယ်က ခုထိရလဒ်ပိုင်း အတက်အကျကြမ်းနေဆဲဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ဖို့ကလည်း သေချာနေပြီဆိုတဲ့ အနေအထားမှာ ခရွန်ကီရဲ့ ဝင်းဂါးအပေါ်ထားရှိတဲ့ ယုံကြည်ခြင်းတွေ ပျောက်ဆုံးသွားခြင်းနဲ့အတူ အခုလို အကျိုးဆက်အထိ ဖြစ်လာခဲ့တာဖြစ်ပါတယ်။

## သမိုင်းကြောင်းရှိခဲ့သူ

ဝင်းဂါးအနေနဲ့ ၂၀၀၄ခုနှစ်နောက်ပိုင်း အာဆင်နယ်အသင်းကို လောက်လောက်လားလားအောင်မြင်မှု ရရှိအောင် စွမ်းဆောင်မပေးနိုင်ခဲ့ပေမယ့် သူ့ရဲ့ ပထမ ၁၀ နှစ်တာကာလကတော့ ရွှေရောင်လွှမ်းခဲ့တယ်လို့ ဆိုရမှာပါ။ အဲဒီထဲမှာမှ ၁၉၉၈နဲ့ ၂၀၀၂ခုနှစ်တွေမှာ ပရီမီယာလိဂ်ဖလားအပြင် အက်ဖ်အေဖလား အောင်မြင်မှုတွေကို ရယူပေးနိုင်ခဲ့ပြီး တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်နဲ့ ပရီမီယာလိဂ်ဖလားဆွတ်ခူးခဲ့တာဟာ သမိုင်းအဖြစ် ကျန်ရစ်တော့မှာပါ။

ဝင်းဂါးလက်ထက် ၂၂ နှစ်တာ ကာလအတွင်း အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ဖလား သုံးကြိမ်၊ အက်ဖ်အေဖလား ခုနစ်ကြိမ်၊ လိဂ်ဖလား သုံးကြိမ် ရရှိခဲ့ပါတယ်။ အာဆင်နယ်အမှုဆောင်ချုပ် အိုင်ဗန်ဂက်ဇီဒက်တော့ နှစ်ပေါင်း ၂၀ ကျော်ကြာရှိခဲ့တဲ့ ဝင်းဂါးနေရာ နည်းပြသစ် အစားထိုးခန့်အပ်ရေးက ကလပ်အသင်း အတွက် အလွန်ကြီးမားတဲ့ စိန်ခေါ်မှုလို့ အမည်တပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဝင်းဂါးဖန်တီးပေးခဲ့တဲ့ ဒီအောင်မြင်မှုတွေက အာဆင်နယ်အသင်းရဲ့ ၁၄ နှစ်ကြာ ပရီမီယာလိဂ်ဖလားလက်မဲ့ရာသီ ဖြတ်သန်းရမှုကို ဖာထေးပေးနိုင်ခြင်းတော့ မရှိခဲ့ပါဘူး။

## ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ

၁၉၉၆ခုနှစ် အောက်တိုဘာလအတွင်း နာမည်မရှိတဲ့ ဝင်းဂါးကို အာဆင်နယ်နည်းပြအဖြစ် ခန့်အပ်လိုက်တာကြောင့် အင်္ဂလန်မီဒီယာတွေက "အာစင်ဆိုတာ ဘယ်သူလဲ" ဆိုပြီး စာလုံးမည်းတပ်ကာ ဖော်ပြခဲ့ကြပါတယ်။ ဝင်းဂါးဟာ အာဆင်နယ်အသင်းကို မကိုင်တွယ်မီ ဂျပန်ကလပ် နာဂိုရာအသင်းကို ၁၉ လကြာ ကိုင်တွယ်ဖူးပြီး အဲဒီအချိန်က ဝင်းဂါးရဲ့ ပုံရိပ်ဟာ ဘောလုံးလောကအတွင်း သိမ်နုပ်နေခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်ရဲ့ ရှယ်ယာရှင်လည်းဖြစ်၊ တစ်ရာသီစာ လက်မှတ်ဝယ်ယူထားသူလည်းဖြစ်တဲ့ ဒါရန်းအပ်စတိန်းက အဲဒီတုန်းက အခြေအနေကို ပြန်ပြောခဲ့ရာမှာ "ပရိသတ် အများစုလိုပဲ ကျွန်တော်လည်း သူ့နာမည်ကို မကြားဖူးဘူးဗျ၊ အဲဒီအချိန်တုန်းက ဥရောပတိုက်တစ်ဝန်း ဖြစ်နေတဲ့ ဘောလုံးသတင်းတွေ၊ ဘောလုံးပွဲတွေကို အခုလို ၂၄ နာရီ လွှင့်ပေးတဲ့ ရုပ်သံလိုင်းတွေကလည်း မရှိသေးဘူးလေ၊ ပြီးတော့ သူက အဲဒီအချိန်က ဂျပန်မှာ နည်းပြအဖြစ် ကျင်လည်ခဲ့သူဆိုတော့ သူ့ရဲ့ ပုံရိပ်က နိမ့်ပါးတာပေါ့" လို့ မှတ်ချက်ချခဲ့ပါတယ်။

ဒ့ါအပြင် အဲဒီအချိန်တုန်းက ပရီမီယာလိဂ်ကလပ်အသင်းတွေကို အင်္ဂလိပ်လူမျိုးတွေကသာ ကိုင်တွယ်ကြတာများပြီး နိုင်ငံခြားသားတွေဟာ အတော်မျက်နှာငယ်ခဲ့ရတဲ့ အနေအထားကြုံခဲ့ရတဲ့ အနေအထားဖြစ်နေတဲ့ ကာလပါ။ ဝင်းဂါးလက်ထက် အာဆင်နယ်မှာ နှစ်ရာသီကြာ ကစားခဲ့တဲ့ မာတင်ကီယွန်ကတော့ " သူက အတော်ဆက်ဆံရေး ပြေပြစ်တဲ့သူပါဗျာ၊ သူက ပြောချင်ရင် တိုက်ရိုက်ပြောတာမျိုး မလုပ်ဘဲ ကလေးသံလို လုပ်ပြီး အဖေတို့ မသောက်ကြပါနဲ့ ဒါမျိုး လုပ်တာဗျ" လို့ ဝင်းဂါးနဲ့ ပတ်သက်တဲ့ အမှတ်တရကို ပြန်ပြောင်းပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ဝင်းဂါးရောက်လာပြီးနောက် အာဆင်နယ်အသင်းရဲ့ကစားဟန်က ဖျော်ဖြေမှု ဆန်လာသလို နှစ်နှစ်အကြာမှာ ပရီမီယာလိဂ်ဖလားကိုပါ ဆွတ်ခူးပြနိုင်ခဲ့တာကြောင့် နိုင်ငံခြား သားနည်းပြတွေနဲ့ ပရီမီယာလိဂ်တို့ အသားကျစေရေးဟာ ဝင်းဂါးခေတ်မှာ စခဲ့တယ်လို့တောင် သတ်မှတ်လို့ရပါတယ်။

အာဆင်နယ်ကစားသမားဟောင်း ဗန်ပါစီက "အာဆင်နယ်ပရိသတ်တွေဟာ ဝင်းဂါးပေးခဲ့တဲ့ အောင်မြင်မှုတွေကို အခုအချိန်မှာ မေ့သွားကြပါပြီ၊ ဝင်းဂါး မကိုင်တွယ်ခင် အာဆင်နယ်က ပျင်းရိဖို့ကောင်းတဲ့ အာဆင်နယ်ဖြစ်ပြီး သူရောက်လာမှ ကမ္ဘာပေါ်မှာ ဖျော်ဖြေမှု အပေးနိုင်ဆုံးအသင်းတွေထဲက တစ်သင်းဖြစ်လာခဲ့တာပါ၊ ဒီအချက်ကို ခင်ဗျားတို့ မမေ့ကြပါနဲ့" လို့ အာဆင်နယ်ပရိသတ်တွေကို သတိပေးစကားဆိုခဲ့ပါတယ်။

ပြောရရင် အာဆင်နယ်က ဝင်းဂါးကြောင့် အသင်းကြီး တစ်သင်းအဖြစ် နှစ်ပေါင်း၂၀ကျော်ကြာ ရပ်တည်နိုင်ခဲ့သလို ဂျပန်မှာ မထင်မရှား နည်းပြအဖြစ်ကနေ တစ်ကမ္ဘာလုံးသိကြတဲ့ နည်းပြကြီး ဝင်းဂါးအဖြစ် ရောက်ရှိခဲ့တာဟာ ပရီမီယာလိဂ်ကလပ်အာဆင်နယ်ကို ကိုင်တွယ်ခွင့်ရခဲ့တာကြောင့်ဖြစ်ပါတယ်။

## လက်နဲ့ထိရင်ရွှေ

ဝင်းဂါးဟာ အာဆင်နယ်အသင်းအောင်မြင်မှုကို စတင်တည်ဆောက်ခဲ့ရာမှာ ဂိုးသမား ဆီးမင်း၊ ခံစစ်သမားတွေဖြစ်တဲ့ ကီယွန်၊ တိုနီအဒမ်၊ စတိဗ်ဘိုး၊ လိဒ်စ်ဆန်၊ နီဂယ်ဝင်တာဘန်တို့ကို အခြေပြုခဲ့တဲ့ နောက်တန်းခံစစ်ကို လုံခြုံအောင် အားပြုခဲ့တာကြောင့် ဂရေဟမ်ခေတ် (စတီးလုပ်ငန်းများထွန်းကားခဲ့သောခေတ်) လို့ အင်္ဂလန်မီဒီယာတွေက သမုတ်ခဲ့ကြပါတယ်။

အဲဒီနောက် ဗီအဲရာ၊ ပီတစ်၊ ပီရက်ဇ်၊ မာ့ခ်အိုဘာမာတို့ကို ခေါ်ယူ၊ အွန်နရီ၊ အနယ်လ်ကာတို့လို လူငယ်ကစားသမားတွေကို ဈေးချိုချိုနဲ့ ခေါ်ယူဖြည့်တင်းနိုင်ခဲ့ပါတယ်။ ၁၉၉၇ခုနှစ် ဖေဖော်ဝါရီလမှာ အသက်(၁၇)နှစ်သာ ရှိသေးတဲ့ အနယ်လ်ကာကို ပီအက်စ်ဂျီကနေ ပေါင် ငါးသိန်းနဲ့ ခေါ်ယူပြီး ၁၉၉၉ခုနှစ်မှာ ရီးယဲလ်အသင်းကို ပေါင် ၂၂ ဒသမ ၃ သန်းနဲ့ ပြန်ထုတ်ရောင်းခဲ့တာကြောင့် အာဆင်နယ်အနေနဲ့ လူငယ်ကစားသမားတွေ ခေါ်ယူမှုကနေ အမြတ်အစွန်းများစွာ ရရှိခဲ့ပါတယ်။ ဝင်းဂါးဟာ လူငယ်ကစားသမားတွေကို နေရာပေးဖို့ ဝန်မလေးသလို ပြန်ထုတ်ရောင်းရာမှာလည်း နှောင့်နှေးသူမဟုတ်ဘူးဆိုတာ ရေးယက်စ်၊ နာဆရီ၊ အနယ်လ်ကာတို့ကို ရောင်းချခဲ့တဲ့ အစဉ်အလာကိုကြည့်ရင် ထင်ထင်ရှားရှားမြင်ရမှာပါ။ ဒါပေမယ့် ဝင်းဂါးရောင်းချခဲ့တဲ့ ကစားသမားတွေ အများစုဟာ အခြားအသင်းတွေကို ရောက်ရှိသွားချိန်မှာ အာဆင်နယ်မှာ ရရှိခဲ့တဲ့ ခြေစွမ်းထက် ပိုကောင်းလာခြင်း မရှိတာကို တွေ့ရတာကြောင့် ဒီနေရာမှာ ဝင်းဂါးဟာ မန်ယူနည်းပြ မော်ရင်ဟိုထက် အများကြီးသာပါတယ်။

## အာဆင်နယ်ရဲ့ သမိုင်းတစ်လျှောက် အကောင်းဆုံးနည်းပြ

ဝင်းဂါးနဲ့ ခေတ်ပြိုင်ဖြစ်ခဲ့တဲ့ မန်ယူဂုရုကြီးဆာအဲလက်စ် ဖာဂူဆန်ကတော့ ဝင်းဂါးဟာ အာဆင်နယ်အသင်းကို ပြောင်းလဲပေးနိုင်ခဲ့ရုံမက ပရီမီယာလိဂ် ဘောလုံးစာမျက်နှာကို ပြောင်းလဲပေးနိုင်တဲ့ နိုင်ငံခြားသား နည်းပြလို့ အမည်တပ် ချီးကျူးခဲ့ပါတယ်။

ဝင်းဂါးနဲ့ လမ်းခွဲမယ်လို့ ကြေညာချက်ထွက်လာအပြီးမှာ လေ့ကျင့်ရေးကွင်းကို ရောက်လာတဲ့ အာဆင်နယ် ကစားသမားတွေအားလုံး ကြက်သေသေသွားခဲ့ပြီး လေ့ကျင့်ရေးမဆင်းတော့ဘဲ ပြန်ထွက်ခွာသွားခဲ့ကြပါတယ်။ မာတီဆက်ကာက အနိမ့်အမြင့် အတက်အကျကြမ်းကြမ်းတွေ ကြုံနေရတဲ့ ကာလမှာ ဝင်းဂါးက သူ့ရဲ့ စွမ်းဆောင်ရည်နဲ့ အသင်းကို ကျဆင်းမသွားအောင် ထိန်းကျောင်းနိုင်သူဖြစ်ပြီး ဝင်းဂါးထွက်ခွာမယ့် ကိစ္စရပ်ဟာ အင်မတန် ဝမ်းနည်းစရာကောင်းတယ်လို့ ထင်မြင်ချက်ပေးခဲ့ပါတယ်။

အာဆင်နယ်နဲ့အတူတောက်ပခဲ့တဲ့ အွန်နရီက " သူ့ရဲ့ ဂန္ထဝင်မြောက်မှုတွေက တို့ထိလို့ မရဘူးဗျ၊ အခြားအသင်းရဲ့ ပရိသတ်တွေ၊ မန်နေဂျာတွေအားလုံးက သူအသင်းကို ဘယ်လိုပြောင်းလဲပေးခဲ့သလဲဆိုတာကို ကောင်းကောင်းသဘောပေါက်တယ်ဗျ"လို့ မှတ်ချက်ပြုလိုက်ခြင်းဖြင့် အာဆင်နယ်ပရိသတ်တွေကို သွယ်ဝိုက်ဝေဖန်သွားခဲ့ပါတယ်။

## ဝင်းဂါးနေရာ ဆက်ခံမယ့်သူ ဘယ်သူဖြစ်မလဲ

အာဆင်နယ်အသင်းကတော့ လာမယ့်ရာသီတာဝန်ယူသွားမယ့် နည်းပြကို အမြန်ဆုံးကြေညာသွားမယ်လို့ ဝင်းဂါးနဲ့ လမ်းခွဲမယ့်သတင်းနဲ့ တစ်ဆက်တစ်စပ်တည်း ထုတ်ပြန်ကြေညာထားပါတယ်။ နည်းပြလောင်းစာရင်းမှာ ဂျိုအာချင်လိုအစ အင်းနရစ်အဆုံး လက်ရှိအသင်းလက်မဲ့ဖြစ်နေတဲ့ နည်းပြတွေအပြင် စာချုပ်ရှိနေတဲ့ နည်းပြတွေ ပါဝင်နေပါတယ်။ ဒ့ါအပြင် အသင်းခေါင်းဆောင်ဟောင်း ဗီအဲရာ၊ အွန်နရီတို့လို ကစားသမားဟောင်းတွေကလည်း ဘွတ်ကီဒိုင်တွေရဲ့ အမည်ပေးစာရင်းမှာ ပါဝင်နေပါတယ်။ အာဆင်နယ်ဟာ ရေရှည်စီမံကိန်းချတတ်တဲ့ အသင်းဖြစ်တာကြောင့် အသက်လည်းငယ်ရွယ်သေးသလို လက်ရှိမှာ ဘယ်အသင်းကိုမှ တာဝန်ယူထားခြင်းမရှိတဲ့ အင်းနရစ်က ထိပ်ဆုံးကပြေးနေပါတယ်။

## နိဂုံး

လောကရဲ့ ဖြစ်မြဲဓမ္မတာသဘောအရ အစရှိပြီဆို အဆုံးသတ်ဆိုတာ နှေးတာနဲ့ မြန်တာသာကွာပြီး အချိန်တစ်ခုကျရောက်လာစမြဲပါပဲ။ အများစုက ဒီသဘောတရားကို နားလည်ထားပြီးသားဖြစ်နေကြပေမယ့် ဒီအစလေးကိုပဲ ရှည်နိုင်သမျှ ဆက်ရှည်ဖို့ ကြိုးစားဆွဲဆန့်ကြရင်း အဆုံးသတ်ခြင်းမရောက်ခင်ကာလက ရောက်ရှိမလာအောင် အားကုန်ရုန်းတတ်ကြပြန်တယ်။ ဒါပေမယ့် ဒီစတင်ခဲ့တဲ့ အရာတွေအားလုံးဟာ အချိန်တစ်ခုအရောက်မှာတော့ အဆုံးသတ်သွားကြပြီး အစနဲ့ အဆုံးကြားကာလမှာ အောင်မြင်မှုတွေ၊ ကျရှုံးမှုတွေနဲ့ ယှဉ်ပါးရင်း ဘဝဆိုတဲ့ခရီးကြမ်းကြီးကို ရင်ဆိုင်ကြရပါတယ်။ အခုတော့ နည်းပြကြီး ဝင်းဂါးရဲ့ အာဆင်နယ်နဲ့ အဆုံးသတ်မယ့် ကာလရောက်ရှိဖို့ အလှည့်ကျလာခဲ့ပါပြီ။

# (၃၅)နှစ်ပြည့်မင်္ဂလာဆုတောင်း

ကျေးဇူးကြီးမားလှပါသော ချစ်ဖေဖေ ဦးခင်မောင်ဝင်း(အထွေထွေမန်နေဂျာ (ငြိမ်း)၊ ပင်မရေနံ၊ မန်တော)နှင့် ချစ်မေမေ ဒေါ်ခင်ဆွေ(အထကပြ-ငြိမ်း)တို့၏ ၂၅-၄-၂၀၁၈ ရက်တွင်ကျရောက်သည့် (၃၅)နှစ်ပြည့် မင်္ဂလာရတုမှသည် နှောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သောသမီးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ ရရှိနိုင်ကြပါစေ။

**သမီးကြီး - အေးအေးဟန်(ခ)သီရိ**
**သမီးလတ် - ခင်ချိုရီ(ခ)ငယ်ငယ်**
**သမီးငယ် - ခိုင်ခင်ရီ(ခ)ချစ်စု**


CM နေချင်းပြန် ဘုရားဖူးခရီးစဉ်
ကျိုက်ထီးရိုး
ကျောက်စိမ်းဘုရား
မြဝတီ-မဲဆောက်
မော်လမြိုင်-ကျိုက္ခမီ-စက်စဲ
အမှတ် (၁၁၉)၊ ၁ဝလမ်းအပေါ်၊ လသာမြို့နယ်
09442140334,09784217677

Asia Dragon (အာရှနဂါး)
ချောင်းသာ ◆ ငွေဆောင်
ကျိုက်ထီးရိုး ◆ မြဝတီ
09 300 300 30 , 09 300 300 90


## ကြေးပိဋကတ်တော် လှူဒါန်းနေကြပါသည်။

တစ်ပိဋကဓရ ဘာဇာဝင်္ဂ ကြေးပိဋကတ်တော် တစ်အုပ်လုံး အလှူရှင်
၂၀.၅.၂၀၀၀နေ့က ကွယ်လွန်သွားသော
**သားကိုအောင်အောင်အား ရည်စူး၍**
ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ တမ္ဘာအေးဘုရားလမ်းနေ
**မိခင်ကြီး ဒေါ်ခင်မြဝင်းမိသားစု မှ**
တစ်ပိဋကဓရ ဘာဇာဝင်္ဂ
ကြေးပိဋကတ်တော်(၁)အုပ်လုံးနှင့်
ကြေးသေတ္တာ(၁)လုံး၊ စုစုပေါင်း တန်ဖိုး
**ကျပ်သိန်း (၃၀)နှင့် (၁)သောင်းကျပ်ကို**
၁၁.၆.၂၀၁၇နေ့က ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ
လာရောက်လှူဒါန်းရာ
သာဓုအစီ ကြေးစာရေးထွင်း ပူဇော်ပြီးစီးပါသဖြင့်
သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် အသိပေးပါသည်။



ဆက်သွယ်လှူဒါန်းရာဌာန - ဓမ္မလာတိုက်တော်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ တမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့ဂေါင်ရွာ)၊ ကြေးတောရရပ်ကွက်၊ မတင်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၅၃၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁။





ကိုကျော်နိုင် CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အံ့စာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

ရွှေမြင့်မိုရ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို
ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-450093119
09-263119919
09-777565619

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


## "ဟဂ်ျ"ခရီးစဉ်ဝန်ဆောင်မှုတင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် ဟဂ်ျစေလွှတ်ရေးကြီးကြပ်မှုကော်မတီ၊ ဟာဂျီလောင်း(၃၅၀) ဦး ဟဂ်ျခရီးစဉ် ဝန်ဆောင်မှုလုပ်ငန်းအတွက် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး အသိအမှတ်ပြု(မော်နာဇင်ကတ်)ရရှိထားသည့် ခရီးသွားကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး(အမှတ်-၁၈၄၊ ၃-လွှာ)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၈၁၄၆တွင် ၂၅-၄-၂၀၁၈ရက်မှ ၂-၅-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ပြီးချိပ်ပိတ်၍ ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် (၁၂)နာရီတိတိ နောက်ဆုံးထား၍ တင်ကြရမည်ဖြစ်ပြီး မွန်းတည့် (၁၂)နာရီ ကျော်လွန်ပြီးတင်ပါက လက်ခံမည်မဟုတ်ဘဲ မွန်းလွဲ (၂း၀၀)နာရီတွင် အထက်ပါရုံးတွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်တွင် တင်ဒါဖွင့်လှစ်စိစစ်ရွေးချယ်အတည်ပြုပေးမည်ဖြစ်ပါသည်။

၂၀၁၈ခုနှစ် ဟဂ်ျစေလွှတ်ရေးကြီးကြပ်မှုကော်မတီ၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ် အဆုံးအဖြတ်ဖြစ်ပါသည်။ (သတ်မှတ်အချိန် ကျော်လွန်မှ ရောက်လာသော တင်ဒါများနှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ပြည့်စုံမှု မရှိသောတင်ဒါများကို လက်ခံစိစစ်ရွေးချယ်မည်မဟုတ်ပါ)

**၂၀၁၈ခုနှစ် ဟဂ်ျစေလွှတ်ရေးကြီးကြပ်မှုကော်မတီ**


## 'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'

ALL ADULTS MUST BE ABLE TO DRIVE
နယူးအာရှ(NEW ASIA)အပါတ်စဉ်(၂၂၂)
အခြေခံယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းသင်တန်းကျောင်း
၂၀၁၈၊ မေလ (၃)ရက်နေ့ဖွင့်မည်။
❋ Air-con ရေခဲသေတ္တာပြုပြင်ထိန်းသိမ်းသင်တန်း(၁လပြတ်)
❋ အခြေခံယာဉ်မောင်းစက်ပြင်သင်တန်း၊ ၁လ-ပုံမှန်သင်တန်း
❋ စက်ပြင်အထူး(သီးသန့်) သင်တန်း (၂လပြတ်)
❋ လျှပ်စစ်နှင့်မိုဘိုင်း ဂဟေဆက်သင်တန်း (၁လအပြတ်)
နယ်ဝေးဘော်ဒါရှိသည်။
နည်းပြဆရာ/ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြား လိုပါကသီးခြား စီစဉ်ပေးပါသည်။
ဆက်သွယ်ရန် - အမှတ် ၉၅၃၊ ရွှေနင်းဆီလမ်း၊ ဂမုံပွင့် (မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ်။
Ph- 09 43198384, 09 43171697, 09 43157424, 09 43198381
သင်တန်းခွဲ - အမှတ်(၁၄၈)၊ ခရေပင်လမ်းမကြီး၊ သုံးရာသီမှတ်တိုင်အနီး၊ မင်္ဂလာဒုံမြို့နယ်။
Ph-09 43144310, 09 260736397, 09 795743297
သင်တန်းခွဲ - အမှတ် ၅၂၊ မကွေးလမ်း၊ တံတားဖြူ၊ ဂရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09 31339152, 09 261436057, 09 420138573




## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ကျင်ဟန် (သနပ်ပင်)**

**အသက် (၉၈) နှစ်**

ရီရှင်းကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးကြည်လင်နှင့် ဒါရိုက်တာ ဒေါ်လှလှတို့၏ချစ်လှစွာသောမွေးသမိခင်သည် ၂၂-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်-ဒေါ်ခင်စန်းရီ**
**နှင့် ဒါရိုက်တာအဖွဲ့မိသားစု**
**Yee Shin Co.,Ltd**
**Five Oceans Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့်**

**အသက် (၉၂) နှစ်**

Myanmar Business Executives Association ၏အသင်းဝင် ဒေါ်တင်တင်ညို (MD, Tin Tin Nyo & Associates Audit Firm)၏ မိခင် ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၈ ရက်နေ့ ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Business Executives Association (MBE)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းသန်း**

**အသက် (၈၅) နှစ်**

**တာဝန်ခံအယ်ဒီတာ(ငြိမ်း)၊ သတင်းဌာန၊ MRTV**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ(ငြိမ်း) ဦးထွန်းသန်းသည် ၂၂-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ဆွေ (ခ) ဒေါ်ခင်ရီ**

**အသက် (၈၃) နှစ်**

ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုးတို့၏မိခင် ဒေါ်ခင်ခင်ဆွေ(ခ) ဒေါ်ခင်ရီ အသက်(၈၃)နှစ်သည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဝန်ထမ်းမိသားစုများ**
**အမျိုးသားပြတိုက်(နေပြည်တော်)**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ဆွေ (ခ) ဒေါ်ခင်ရီ**

**အသက် (၈၃) နှစ်**

ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုးတို့၏မိခင် ဒေါ်ခင်ခင်ဆွေ(ခ) ဒေါ်ခင်ရီ အသက်(၈၃)နှစ်သည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဝန်ထမ်းမိသားစုများ**
**အမျိုးသားပြတိုက်(ရန်ကုန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ (၈၃)နှစ်**

**အထက်တန်းပြ (ငြိမ်း)**

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ်(၃၃၂၆)နေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုး၊ ရန်ကုန်မြို့နေ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေးတို့၏ချစ်လှစွာသောမိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့်ကျော်စွာတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ဆွေ(ခ) ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ပါမောက္ခချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ (၈၃)နှစ်**

**အထက်တန်းပြ(ငြိမ်း)**

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ် (၃၃၂၆)နေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုး၊ ရန်ကုန်မြို့နေ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေးတို့၏ချစ်လှစွာသောမိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့်ကျော်စွာတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ဆွေ(ခ) ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အနုပညာဦးစီးဌာန**

### ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်ပဂ္ဂီချို**

**အသက်(၇၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ တောပြာကြီးကျေးရွာနေ (ဦးအေးချို-နော်ဘဲလာ)တို့၏သမီးထွေး၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရှမ်းကုန်းကျေးရွာနေ (ဦးစိုးတင်-ဒေါ်ပိန်)တို့၏ သမီးချွေးမ၊ (ဒေါ်ပရီတီ)၊ ဒေါ်ပန်စီ၊ (ဒေါ်ပရင်းမရိုစ်)၊ (ဒေါ်ပေါ်လီချို)၊ Rev.ဦးသန်းထွန်းမြတ်-ဒေါ်ဖောဝါး၊ (ဒေါ်စိန်နု)၊ ဒေါ်မြင့်ရီတို့၏ ညီမ၊ ဦးအောင်မြိုင်-ဒေါ်သိန်းဥတို့၏ အစ်မ၊ ဦးကျော်ဇေယျထွန်း-ဒေါ်ဥမ္မာမြတ်သွင်၊ ဦးမြတ်သူတို့၏ ချစ်လှစွာသောမိခင်၊ ခင်မြတ်စန္ဒီ(ခ)တုံတုံ၏ ချစ်လှစွာသောဘွားဘွား၊ ဦးမြသွင်၏ ချစ်လှစွာသော ဇနီးသည် ၂၃-၄-၂၀၁၈(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၄-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း

**ဒေါ်ခွန်သဲ (ခ) Pi Mang Khun**

**အသက် (၆၂) နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက်၊ ဘန်ဂလိုလမ်း၊ မိုးဇလရုံးအနီးနေ ဦးမောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ သြစတြေးလျနေ ဦးသောင်းလျှန်ဘွေး-ဒေါ်ဝုန်ငိုက်လွန်၊ ရန်ကုန်မြို့နေ ဦးဗန်ဇထန်း-ဒေါ်အေးသီတာသိမ့်(ခ)လုလု၊ ဒေါ်ရှသဝင်း - ဦးမင်းသန်းထိုက်၊ မဆောင်းငယ်ငယ်(ခ)ဆာရာတို့၏ချစ်လှစွာသောမိခင်၊ ရန်ကုန်မြို့၊ (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံခရစ်ယာန်အသင်းတော်(DCA)၏ သင်းအုပ်ဆရာကြီး ဦးဖိလစ်ကျင်ဆွန်းနန်-ဒေါ်မန်နွမ်းကျိန်တို့၏ခမည်းခမက် ဒေါ်ခွန်သဲ (ခ) Pi Mang Khun သည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေ နေ့) နံနက် ၁၀း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံရေဝေးဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ဒဂုံခရစ်ယာန်အသင်းတော်-DCA၊ သဃ်န်းကျွန်းကြီးမှတ်တိုင်-မင်္ဂလာဒုံ၊ ပိတောက်ကွေ့မှတ်တိုင်-တောင်ဒဂုံနှင့် ဇမာနွေလအသင်းတော် ရှေ့-ဆူးလေပန်းခြံတို့မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## လွမ်းဆွတ်သတိရခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဆရာ ဦးရွှေထွန်းမောင် ကွယ်လွန်ခဲ့သည်မှာ ၂၅-၄-၂၀၁၈ရက်တွင် (၁၁)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သော်လည်း တပည့်ကျွန်တော် ခင်မောင်အေးမှာ ယနေ့တိုင် သတိရလွမ်းဆွတ်လျက်ရှိပါကြောင်း။

**ခင်မောင်အေး**
**အင်ဂျင်နီယာချုပ် (မြို့ပြ)၊ (တည်ဆောက်ရေး)**
**အဆောက်အဦ ဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒေါ်မြမြဝင်း(ခ)မငယ် (၅၄)နှစ်**

**မေမြို့**

ချစ်ရသောမငယ် မင်းခွဲခွာခဲ့တာ ၂၅-၄-၂၀၁၈ရက်ဆိုရင် တစ်နှစ်ပြည့်ခဲ့ပြီပေါ့။ နေ့စဉ်နဲ့ အမျှ တစ်ရက်မှ မေ့မရဘူးမငယ်ရေ၊ မင်းအတွက် နေ့တိုင်း တစ်ရက်မပျက်ဘူး နေ့တိုင်းကောင်းမှု အမြဲပြုလုပ်ပေးပါတယ်။ မင်းဆင်မြန်းခဲ့သော ရွှေနားကပ်တစ်ရန်ကို ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးဘုရားမှာ လှူဒါန်းခဲ့ပါတယ် မငယ်ရေ ကောင်းရာဘုံဘဝကနေ သာဓု၊ သာဓု၊ သာဓု ခေါ်ယူပါကွာ။

**မင်းချစ်သော - ဦးအုန်းရွှေ (နိုင်ငံခြားရုပ်ရှင်)**
**သမီး - မအိမွန်ကျော်**
**သား - မောင်မျိုးလှိုင်ဝင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ (၈၃)နှစ်**

**အထက်တန်းပြ(ငြိမ်း)**

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ် (၃၃၂၆)နေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုး၊ ရန်ကုန်မြို့နေ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေးတို့၏ချစ်လှစွာသောမိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့်ကျော်စွာတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ဆွေ(ခ) ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ (၈၃)နှစ်**

**အထက်တန်းပြ (ငြိမ်း)**

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ် (၃၃၂၆)နေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုး၊ ရန်ကုန်မြို့နေ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေးတို့၏ချစ်လှစွာသောမိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့်ကျော်စွာတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ဆွေ(ခ) ဒေါ်ခင်ရီသည် ၂၂-၄-၂၀၁၈(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးရန်မျိုးအောင်(ကနောင်)**

**အသက်(၆၁)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ပုံနှိပ်)(ငြိမ်း)**

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

သူငယ်ချင်း ဦးရန်မျိုးအောင် (၈၀-၈၃ စက်မှု) ဒုတိယညွှန်ကြားရေးမှူး(ပုံနှိပ်)(ငြိမ်း) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ၂၁-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်(၈၀-၈၃)ခုနှစ်များအတွင်းမှ**
**စက်မှုအင်ဂျင်နီယာသူငယ်ချင်းများ**

### အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးလှမောင်(ခ)ဦးမောင်ကျော်အေး (စစ်တွေ)**

**မန်နေဂျင်းဒါရိုက်တာ၊ အောင်ဇေကမ္ဘာ ကုမ္ပဏီလီမိတက်**

**အသက် (၅၈) နှစ်**

၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသော ဦးလှမောင်၏နောက်ဆုံးခရီးစဉ်နှင့် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ ပြုလုပ်သော ရက်လည်ဆွမ်းကျွေးခြင်းတို့တွင် အစစအရာရာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြပါသော ရပ်နီး/ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများ၊ လူမှုကူညီရေးပရဟိတအသင်းအဖွဲ့များ၊ ဓမ္မမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တရားဓမ္မများကို ချီးမြှင့်ပေးပါသော ဆရာတော်ကြီးများနှင့် နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သတင်းစာများ၌ ဝမ်းနည်းကြေ ကွဲခြင်း ကြော်ငြာများ ထည့်သွင်းပေးကြသူများအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**မဲဇလီမြောက်ကျောင်း ပဓာနနာယကဆရာတော်**

**ဘဒ္ဒန္တပဏ္ဍဝံသ**

**သိက္ခာတော်(၈၄) ဝါ၊ သက်တော်(၁၀၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကျော်လှကြီး၊ စံပြကျေးရွာ(ခမည်းတော် ဦးဖိုးအောင်-မယ်တော် ဒေါ်ဖွားရှင်)တို့၏သားတော်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ကျောင်းလမ်း၌ သီတင်းသုံးနေထိုင်တော်မူသော သက်တော်ရှည် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသသည် (၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း ၇ရက်) ၂၁-၄-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မဲဇလီမြောက်ကျောင်းမှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) **တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြင့်(သံတွဲ)**

**အသက်(၉၂)နှစ်**

**လူထုပညာရေးမှူးဟောင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ယုဇနမြခွာညိုအိမ်ရာ၊ မြခွာညိုလမ်းသွယ်(၂)၊ အိမ်အမှတ်(၁၂)နေ [ဦးမောင်မောင်(ဒုထောင်ပိုင်-ငြိမ်း)]၏ဇနီး၊ ဦးသိန်းဦး(ခ)သံလွင်ဦး၊ ဦးသိန်းသန်း(အကျဉ်းဦးစီးဌာန-ငြိမ်း)-ဒေါ်ဝေဝေစန်း၊ ဒေါ်သုဓမ္မစာရီ(ရွှေစက်တော်)၊ ဒေါ်အေးအေးသန်း၊ ဦးအောင်ဆန်း-ဒေါ်ခင်ဝင်းစိန် (ILBC)၊ ဗိုလ်မှူးကြီးစောရန်နိုင်-ဒေါ်ဝိုင်းဝိုင်းရီ၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်မိုးအောင်-ဒေါ်တင်တင်ညို(Tin Tin Nyo & Associate Audit Firm)တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၅း၂၅နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြင့်(သံတွဲ) လူထုပညာရေးမှူးဟောင်း**

**အသက် (၉၂) နှစ်**

သံတွဲမြို့၊ ရွှေလှေကျေးရွာနေ (ရာဇဝတ်အုပ်ကြီး ဦးအောင်ထွန်းဇံ-ဒေါ်သိန်းရင်)တို့၏ သမီးထွေး၊ (ဦးကျော်သန်း)၊ (ဦးကျော်ခန့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရောဝဏ်လမ်း၊ မြခွာညိုအိမ်ရာ(ယုဇနဝင်း)၊ မြခွာညိုလမ်းသွယ်(၂)၊ အမှတ်(၁၂)နေ [ဦးမောင်မောင်(ဒုတိယထောင်ပိုင်-ငြိမ်း)]၏ဇနီး၊ ဦးသိန်းဦး(ခ)သံလွင်ဦး၊ ဦးသိန်းသန်း(အကျဉ်းဦးစီးဌာန-ငြိမ်း)-ဒေါ်ဝေဝေစန်း၊ ဒေါ်သုဓမ္မစာရီ(ရွှေစက်တော်)၊ ဒေါ်အေးအေးသန်း၊ ဦးအောင်ဆန်း-ဒေါ်ခင်ဝင်းစိန်(ILBC)၊ ဗိုလ်မှူးကြီးစောရန်နိုင်-ဒေါ်ဝိုင်းဝိုင်းရီ၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်မိုးအောင်(MY Industrial Ingredients Co., Ltd)-ဒေါ်တင်တင်ညို (Tin Tin Nyo & Associates Audit Firm)တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ခင်မြင့်(သံတွဲ)သည် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၅း၂၅ နာရီတွင် Grand Hanthar ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက် ၅ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ**

**အသက်(၉၂)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ (ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)နှင့်ဇနီး ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးအေး (ဘဲလ်ဂရိတ်မြို့)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဝင်းကြည်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ် (၃၆၆)နေ ဒေါ်ယဉ်ယဉ်နု၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းကြည် [ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်း ရာသက်ပန်အသင်းဝင်၊ အသင်းဝင်အမှတ်(၀၀၀၁၅)]သည် ၁၇-၄-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် တကွ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ကြေးတိုင်နှင့်မြေစာရင်းမိသားစု**
**လူမှုရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ရေကန်၊ဇရပ် ဒါယိကာမကြီး**

**ဒေါ်ခင်အေးဆွေ(ခ)ဒေါ်ဝင်းဝင်း**

**အထက်တန်းပြ(ငြိမ်း)၊ အထက(၁) ရေစကြို**

ဆရာမကြီး ဒေါ်ခင်အေးဆွေ အသက် (၇၄)နှစ်သည် ၂၀-၄-၂၀၁၈ (သောကြာနေ့)တွင် ထိုင်းနိုင်ငံ Bangkok Bumrungrad International Hospital ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ထမ်းများ၊ ချမ်းသာကွန်ကရစ်ကုမ္ပဏီ(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ**

**အထက်တန်းပြ (ငြိမ်း)**

**အသက် (၈၃) နှစ်**

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ၊ မန္တလေးလမ်း၊ အမှတ် (၃၃၂၆)နေ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်-ဒေါ်ခင်စိုးစိုးတို့၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ အထက်တန်းပြ(ငြိမ်း)သည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်အောင်မြင့်နှင့် ဇနီးဒေါ်ခင်ပြုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ**

**အသက်(၉၂)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ညောင်လေးပင်မြို့နေ ဒေါက်တာဦးမြင့်သန်း (ဥက္ကဋ္ဌ၊ ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်း)နှင့် ဒေါ်စုစုမွှေးတို့၏ မိခင်ကြီး အသက်(၉၈)နှစ် ဒေါ်ကျင်ဟန်(သနပ်ပင်) ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆရာဝန်များအဖွဲ့**
**ညောင်လေးပင်မြို့နယ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးကျော်အိ(ခ)ဦးစောရီ (၉၄)နှစ်**

**ပြည်မြို့**

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ တရုတ်တန်းလမ်း၊ အမှတ်(၆၈၇)နေ (ဒေါ်ရှပ်ကွီ)၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းစိန်-ဒေါ်ခင်လေးဝင်း၊ ပြည်မြို့နေ ဦးဝင်းရွှေ-ဒေါ်ခင်ဌေးမင်း၊ ရန်ကုန်မြို့နေ (ဦးဝင်းကြည်)-ဒေါ်စိန်စိန်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၃ ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုး ဦးကျော်အိ(ခ)ဦးစောရီ သည် ၂၄-၄-၂၀၁၈ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

**ဟာဂျီ ဦးမောင်မောင်(ခ)Mohamed မုဖီဇွဒ္ဒီန်း(ခ)**

**ကျောက်မောင်မောင် (၈၂)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၂)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ ကုလားတန်းဗလီရှေ့နေ (ဦးဟူစိန်အလီ-ဒေါ်အမီနာ)တို့၏သား၊ (ဟာဂျီမဒေါ်မြင့်မြင့်မေ)၊ ဟာဂျီဦးမြင့်မောင်၊ ဦးမြင့်လွင်၊ ဒေါ်စိုးစိုးမွန်၊ ဟာဂျီဦးဌေးမောင်၊ (ဦးဌေးအောင်)၊ ဒေါ်ဝါဝါစိုး၊ ဦးမင်းမင်းလတ်၊ ဦးဌေးမြင့်နိုင်၊ ဟာဂျီမဒေါ်သီတာစိုးတို့၏ မွေးသဖခင်၊ (ဟာဂျီမဒေါ်ခင်မေ)၊ (ဒေါ်သန်းကြည်)၊ ဒေါ်တင်မြင့်တို့၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၄-၂၀၁၈ရက် နံနက် ၁၁း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ဇိုဟိုရ်ဆွလာသ်အပြီး မွန်းလွဲ ၁း၃၀ နာရီတွင် မော်လမြိုင်မြို့ရှိ မြို့မစွန္နီ မွတ်စလင်မ်ကဗရ်စတာန်ဥယျာဉ်တော်(ဒါရ်ဂါကုန်း)၌ ဒဖ်နာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းရွှေ (၇၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ (၂၇) မဟာဗောဂလမ်းနေ (ဦးဖြူ-ဒေါ်ညိုစ)တို့၏သမီး၊ (ဦးစစ်နီ-ဒေါ်တင်လှ)တို့၏ သမီးချွေးမ၊ (ဦးသိန်းလှ)-ဒေါ်အုံးချစ်ကျော်၊ (ဦးလှငွေ)-ဒေါ်မြကြည်တို့၏ ညီမ၊ (ဦးတင်ထွန်း)၏ဇနီး၊ မစန္ဒာထွန်း၊ (မောင်ဥက္ကာ)၊ မောင်အောင်မွန် တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်တင်တင်အေး၊ ဦးမြင့်စိုး-ဒေါ်သန်းနွယ်၊ ဦးမြသန်း-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးမောင်မောင်သန်း-ဒေါ်သီတာအေး၊ ဦးကျော်ကျော်ခိုင်-ဒေါ်စုစုထွေးတို့၏ညီမ/အစ်မသည် ၂၄-၄-၂၀၁၈ရက် နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးဟန်(လက်ပံရှာ၊ သုံးခွမြို့) (၇၁)နှစ်**

**R.T.H.S (Machine), AGTI (MT), B.E (Mech)**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးအုန်းမောင်-ဒေါ်မြကြွေ)တို့၏ သား၊ သာယာဝတီမြို့နေ (ဦးဖုန်းစိန်-ဒေါ်လှရင်)တို့၏သားသမက်၊ ဦးတင်မြင့်-ဒေါ်တင်စန်း၊ (ဦးထွန်းအေး)-ဒေါ်မြင့်မြင့်စန်း၊ ဦးဝင်းအောင်-ဒေါ်ဌေးဌေးဝင်း တို့၏အစ်ကို၊ ကိုအောင်မျိုးဦး-မစန်းစန်းမြင့်၊ (မနေခြည်ဟန်)၊ မနှင်းဝတ်ရည်ဟန်၊ မချယ်ရီဟန်၊ ကိုနေလဟန်၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇) လမ်း၊ တိုက်(၈၅)၊ ပထမထပ်နေ ကိုလင်းနိုင်-မလဲ့လဲ့ဟန်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မျိုးမင်းသူ၊ ညဏ်လင်းထက်တို့၏အဘိုး၊ တူ/တူမ ၂၄ ယောက်တို့၏ ဘကြီး၊ ရန်ကုန်မြို့၊ သမိုင်းနေ (ဒေါ်ခင်စန်း)၊ ဒေါ်အေးအေးမိုး(အထပြ-ငြိမ်း၊ သာယာဝတီ)တို့၏ခင်ပွန်းသည် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ တိုက်(၈၅)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးတရုတ်ကြီး (ခ) ဦးတင်ရွှေ**

**အသက် (၉၂) နှစ်**

၁၈-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသည့် ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်ပေးခဲ့ကြသော ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တို့မှ တပ်မှူးနှင့်တကွ ဆေးဝန်ထမ်းမိသားစုများအားလည်းကောင်း၊ နာရေးသတင်း ကိုယ်တိုင်လာရောက်မေးမြန်းကြသူများနှင့် ဆက်သွယ်မေးမြန်းကြသူများအားလည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းပေးကြသူများနှင့် နာရေးလိုက်ပါပို့ဆောင်ပေးကြသူများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြသူများအားလည်းကောင်း၊ ဝမ်းနည်း ဆုတောင်းစကားပြောကြားကြသူများအားလည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်း နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီး၊ မိသားစုများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ၎င်းတို့၏ဇနီး၊ မိသားစုများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ၎င်းတို့၏ဇနီး၊ မိသားစုများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်ရီ (တ/ဥက္ကလာပမြို့၊ ဆိပ်ကြီးအရှေ့)**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၁၇) လမ်း၊ အမှတ်(၁၂၇၀)နေ (ဦးဘိုစိန်-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးထိုင်စူ-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ဦးအောင်မောင်း-ဒေါ်ကျင်စု၊ ဦးတင်ဝင်း-ဒေါ်စန်းတင့်၊ ဦးကြည်ဝင်း-ဒေါ်မိမိရီ(လပြည့်ဝန်းဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)၊ ဒေါ်ညိုညိုသန်း(လူမှုဖူလုံရေးရုံးချုပ်)တို့၏အစ်မ၊ ဦးဇေယျာမျိုး-ဒေါ်ရီရီဝင်း၊ ဦးကျော်စိုးနိုင်-ဒေါ်အေးအေးမာ၊ ဦးမင်းသိန်းဦး-ဒေါ်ရီရီလင်း (ဦးစီးအရာရှိ ရုံးခွဲ-၃ လူမှုဖူလုံရေးရုံး၊ မန္တလေး)၊ ဦးအောင်စိုးနိုင်-ဒေါ်ခင်ခင်ဌေးတို့၏မိခင်၊ မောင်ဝင်းထွန်း၊ မခင်လင်းခိုင်၊ မောင်ကောင်းပြည့်စုံ၊ မဖူးပွင့်သွယ်၊ မောင်ထူးပြည့်စုံ၊ မောင်သာလင်းထူးတို့၏အဘွား၊ ဦးရဲနီ(ခ)ဦးဝင်းမောင်(ပညာရေး-ငြိမ်း၊ ကံကြီးမောင်ထီပေါက်စဉ်)၏ ချစ်လှစွာသောဇနီးသည် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ငယ်မမသန်း(ခ)Theresa Aung Than**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် (၂၀၆)၊ အခန်း(၁၈)နေ (ဦးအောင်သန်း-ဒေါ်ခင်နု)တို့၏ သမီးငယ်၊ (ဦးကျော်အေး-ဒေါ်စောရီ)တို့၏သမီးချွေးမ၊ ဦးမြင့်ဆွေ(မကွေးတိုင်း e-goverment ဦးစီးအဖွဲ့)၏ချစ်လှစွာသောဇနီး၊ (ဦးစောလှအောင်သန်း)-ဒေါ်ခင်ပြုံးစိန်၊ (ဒေါက်တာဝင်းကြည်)-ဒေါ်ရီရီသန်း၊ ဦးသိန်းဟန်-ဒေါ်တီတီအောင်သန်း၊ ဦးချိုအောင်သန်းတို့၏ညီမလေး၊ တူ/တူမ ကိုးယောက်၊ မြေးရှစ်ယောက်တို့၏ ချစ်လှစွာသော (ငယ်ငယ်)သည် ၂၄-၄-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေါ်ဝင်းဝင်းမြင့် (၆၇)နှစ်**

**အထက(၁)လှိုင် (အထက်တန်းပြဆရာမ-ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကြံခင်းလမ်း၊ အမှတ်(၁၅)၊ (၄/က)နေ (ဦးထွန်းမင်း-ဒေါ်ခင်သန်း)တို့၏ဒုတိယသမီး၊ (ဦးသန်း-ဒေါက်တာဒေါ်ခင်သောင်းတင်)တို့၏သမီးချွေးမ၊ (ဦးမျိုးသန်းထွန်း)၏ဇနီး၊ ဦးမြင့်သိန်း၊ ဦးသန်းလွင်-ဒေါ်မိမိခိုင်တို့၏ညီမ၊ ဦးကျော်ဟန်-ဒေါ်ဟေမာဝင်း၊ ဦးဝင်းနိုင်ထွန်း၊ ဦးထိန်ဝင်း (Ex. R/O)၊ ဒေါ်ရီရီမြင့်၊ ဦးအောင်မြို့-ဒေါ်ခင်ဥမ္မာ၊ ဦးစံလင်း-ဒေါ်အေးအေးစိုး၊ ဦးစိုးလွင်-ဒေါ်အေးအေးချို၊ ဒေါ်စိုးစိုးဝင်းတို့၏ အစ်မ၊ မသိဂီထွန်း [Uniteam Global Business Services (MM)Ltd]၊ မဖြိုးသူခင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ တူ/တူမ ၁၉ ယောက်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၁၈(အင်္ဂါနေ့) နံနက် ၉း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒုအရာခံဗိုလ်မောင်ကို(ငြိမ်း)**

**အသက် (၆၇) နှစ်**

**ဆလအခွဲ(၉၅၄)**

(ဦးစိန်-ဒေါ်ဖွားတင်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၁-က) ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၆၂)နေ ဒေါ်စန်းရင်၏ခင်ပွန်းသည် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်အေး(မုံရွာ) (၉၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ မိုးကောင်းလမ်း၊ တိုက်(၁၀/၁၂-G)နေ (ဦးတင်ကြီး-ဒေါ်မကြီး)တို့၏သမီး၊ ဦးမောင်မောင်တင်-ဒေါ်ခင်မိုးမိုးတို့၏ မိခင်၊ ဒေါက်တာစုစန္ဒီတင်၊ မမြတ်ဝတ်ရည်မိုးတို့၏အဘွား၊ (ဦးအောင်မြတ်သိန်း)၏ ဇနီးသည် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အာနိစ္စ

**ဒေါ်ဖိတ်တင်**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၅)၊ ဘုန်းကြီးလမ်းနေ (ဦးတင်အုန်း)၏ ဇနီး၊ ဒေါ်ကေသီအုန်း-ဦးလန်းချမ်း၊ ဒေါ်ချိုမာအုန်း၊ ဒေါ်စန္ဒာအုန်း၊ ဒေါ်သီဂီအုန်း၊ ဦးမင်းအုန်း-ဒေါက်တာကယ်လီထွန်းကျော်၊ ဒေါ်မာလာအုန်း-(ဦးစိန်လှိုင်)၊ ဒေါက်တာကံထူး-ဒေါ်ချိုချိုခိုင်၊ (ဦးကံဦး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၄-၂၀၁၈ (စနေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်သောင်းရှိန် အသက်(၇၀)**

**အလယ်တန်းပြ(ငြိမ်း)၊ အထက(၂) သဃ်န်းကျွန်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မာယ(၁၂)လမ်း၊ အမှတ်(၉၄၀/ခ)နေ (ဦးအောင်သိန်း-ဒေါ်လှတင်)တို့၏သမီး၊ (ဦးစိန်ညွန့်-ဒေါ်ချစ်တင်)တို့၏သမီးချွေးမ၊ [ဦးမြင့်စိန်(အထကပြ-ငြိမ်း၊ ထ-၁၊ တောင်ဥက္ကလာပ)]၏ဇနီး၊ ဦးအောင်မြင့်-(ဒေါ်သောင်းမြင့်)၊ ဦးလှဝင်း-ဒေါ်သောင်းစိန်၊ ဦးလှကြည်-ဒေါ်ဝိုင်း၊ ဦးထွန်းရီ-(ဒေါ်သန်းသန်း)တို့၏ညီမ၊ ဦးမြင့်စိုး-(ဒေါ်သောင်းရီ)တို့၏အစ်မ၊ ဦးစည်သူမောင်မောင်-ဒေါ်ခိုင်စံပယ်ဖြူ (AYA BANK, HEAD OFFICE)တို့၏မိခင်၊ မဆုအိဝင်းလဲ့၊ မဆုအိလင်းလဲ့တို့၏အဘွား၊ တူ/တူမ ၂၈ယောက်တို့၏အဒေါ်သည် ၂၄-၄-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့)တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းသန်းဌေး (၆၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ(၁၄) လမ်း၊ အမှတ်(၁၀၁၁)နေ (ဦးလှမောင်-ဒေါ်သောင်း)တို့၏ သမီး၊ (ဦးသန်းအောင်-ဒေါ်တင်ချစ်)တို့၏သမီးချွေးမ၊ (ဦးလှမြင့်)-ဒေါ်စန်းမြတို့၏ညီမ၊ ကိုစိုးကျော်-မခင်ယုယုဆွေတို့၏မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဦးတင့်ဆွေ(ရွှေဇမ္ဗူဒိဂ်ကုမ္ပဏီ)၏ချစ်လှစွာသောဇနီး ဒေါ်သန်းသန်းဌေးသည် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးကျော်မျိုးနိုင်(ခ)ဦးကျော်နိုင်**

**အသက်(၄၇)နှစ်**

**ပုလော/ရှပ်ပုံ၊ သံတွဲ/ဂျီတွော**

ပုလောမြို့နယ်၊ ရှပ်ပုံရွာနေ (ဦးလှိုင်ကြည်-ဒေါ်စောကြည်)တို့၏ သားထွေး၊ သံတွဲမြို့၊ ဂျီတွောရွာနေ ဦးစောလှ-ဒေါ်တင်ရွှေတို့၏သားသမက်၊ ဒေါ်စန်းစန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝဏ္ဏကျော်ဇင် (A.G.T.I သံတွဲ)၊ မောင်စည်သူရဲရင့် (သတ္တမတန်း အထက၊ ဂျီတွော)တို့၏ဖခင်၊ ဒေါ်နွယ်နွယ်လှိုင်၊ ဦးခင်စွမ်-ဒေါ်သီတာမြင့်၊ ဦးမျိုးဝင်း-ဒေါ်အေးအေးမော်၊ ဦးသန်းဦး-ဒေါ်မြမြနွယ်တို့၏ မောင်/ညီ ဦးကျော်မျိုးနိုင်သည် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ဂျီတွောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**အရှင်ဥတ္တမသာရ စာသင်တိုက်၊ ပဓာန နာယကဆရာတော်**

**ဘဒ္ဒန္တ ဦးဝါသဝ**

**သိက္ခာတော် (၇၂) ဝါ၊ သက်တော် (၉၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပန်းပင်တန်းကျေးရွာအုပ်စု၊ သင်အင်းကျေးရွာနေ (ခမည်းတော် ဦးပန်-မယ်တော် ဒေါ်ရွှေမှိန်)တို့၏ သားတော်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(တောင်) ရပ်ကွက်၊ ကျွန်းတောလမ်း အရှင်ဥတ္တမသာရစာသင်တိုက်၌ သီတင်းသုံးတော်မူသော အရှင်သူမြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၀ ရက်) ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁ရက်) ၃၀-၄-၂၀၁၈(တနင်္လာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အရှင်ဥတ္တမသာရ စာသင်တိုက်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြစိန်(လှိုင်ကော်) (၉၄)နှစ်**

(ဦးတင်လှ-ဒေါ်မြခင်) တို့၏သမီး၊ [ဦးထွန်းအုံ (ဒက္ခိဏတိုင်းရဲမင်းကြီး)-ဒေါ်စိန်အေး]တို့၏ သမီးချွေးမ၊ (ဗိုလ်ကြီးကျော်ဇော)၏ဇနီး၊ (ဦးမြတ်ထွန်း)-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးပုတူး)-ဒေါ်သန်းသန်းဝင်း၊ (ဦးဘသန်း)-ဒေါ်အေးအေးခိုင်(ခ)ဒေါ်ဉာဏစာရီ၊ (ဗိုလ်ခင်ဇော်)-ဒေါ်မြင့်မြင့်ကျော်၊ ဦးသီဟ (မြန်မာဘရူဝါရီလီမိတက်)-ဒေါ်အေးအေးငြိမ်း၊ ဦးအောင်မြင့်-(ဒေါ်စပါယ်)၊ ဦးဝင်းမြင့်-ဒေါ်နှင်းနှင်းကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၉ယောက်၊ မြစ် ၂၃ ယောက်၊ တီးနှစ်ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၀၀း၀၅နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်ရေတွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ အမှတ်(၉၁) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ကျောက်ရေတွင်းလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ပိုက်(ဒါးပိန်) (မြန်မာ့အာမခံလုပ်ငန်း-ငြိမ်း)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ် (၁၀၀၁)၊ သင်းဝင်(၆)လမ်းနေ (ဦးညွန့်)၏ဇနီး၊ ဦးတင့်လွင် (ဒုတိယအထွေထွေမန်နေဂျာ၊ မြို့ပြ မြန်မာ့မီးရထား)-ဒေါ်တင်မဥ္ဇူ၊ ဦးအောင်ထွန်းကျော်(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါက်တာချိုချိုညွန့်(တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ပဲခူးတက္ကသိုလ်)တို့၏ မိခင်၊ မဦးမေခင် (YKKO Group of Companies Limited.)၊ မောင်သူရိန်လင်းတင့် (အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်)၊ မလဲ့ယမင်းသူ(Grade-9)တို့၏အဘွားသည် ၂၄-၄-၂၀၁၈ ရက် နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၈(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်ခင်ဆွေ(ခ)ဒေါ်ခင်ရီ (၈၃)နှစ်**

**အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၆) အလုံ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ ခပေါင်းအိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၂)နေ (သီရိပျံချီဦးလှဖေ-ဒေါ်လှတင်)တို့၏သမီး၊ ဦးကျော်ဦးလွင်(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ခင်စိုးစိုး၊ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ၊ ဦးကျော်စွာထွန်း-ဒေါ်စိုးမိုးထွေး(ချောစု) (Asia Glory Gem Laboratory)တို့၏မွေးမိခင်၊ မောင်ရန်နိုင်အောင်၊ မောင်အောင်ခန့်ကျော်၊ မပိုးပွင့်ဖြူသင်၊ မလင်းလဲ့ဖြူသင်၊ မရှင်းသန့်ဖြူသင်၊ မောင်ကောင်းခန့်ကျော်စွာတို့၏အဘွားသည် ၂၂-၄-၂၀၁၈(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၄-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ကာ အရိုးပြာကို ဂူသွင်းပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၈ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်နီနီ(ပဲခူး) (၇၆)နှစ်**

ပဲခူးမြို့နေ (ဦးဒါဝတ်-ဒေါ်ထွေးရင်)တို့၏သမီး၊ (ဦးဖား-ဒေါ်သန်းရင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၆၂/A)နေ [ဦးအောင်သန်း (မြန်မာ့မီးရထား-ငြိမ်း)]၏ဇနီး၊ ဒေါ်တိုးကြည်(CMA-ငြိမ်း)၊ ဦးစိုးနိုင်ဦး (MOGE-ငြိမ်း)-(ဒေါ်မြင့် မြင့်မော်)၊ (ဦးသက်နိုင်ဦး)-ဒေါ်တင်ချိုဝင်း(အထက၊ သုဝဏ္ဏ)တို့၏အစ်မ၊ ရဲအုပ်မိုးကျော်အောင်၊ ဦးမောင်မောင်ကျော်(PE-1, YCRC, A-1 Co., Ltd)-ဒေါ်ရီရီသင်း(ရုံးအုပ်၊ တိုင်း-၅၊ တောင်ငူ၊ မြန်မာ့မီးရထား)၊ ဦးစိုးဇံအောင်(လမ်းဗိုလ်လေး၊ ဇီးကုန်းမြန်မာ့မီးရထား)-ဒေါ်ခိုင်ခိုင်ထွန်း၊ ဦးအောင်ကျော်ဆင့်(IOW/YGN ရုံး)-ဒေါ်ဥမ္မာကျော်(မြို့ပြအင်ဂျင်နီယာဌာန၊ နေပြည်တော်ဘူတာ)၊ ဦးဌေးလွင်(အလုပ်ရုံစိတ်မှူး၊ ယန္တရားဌာန၊ ရုံးချုပ်၊ နေပြည်တော်ဘူတာ)-ဒေါ်ဝါဝါခိုင်(မြို့ပြအင်ဂျင်နီယာဌာန၊ နေပြည်တော်ဘူတာ)၊ မအိအိအောင် (UPG Co., Ltd)၊ ဦးအောင်ကိုဦး (Mattama Holding Co., Ltd)-ဒေါ်မီမီသင်း(အလက-၂၊ မင်္ဂလာတောင်ညွန့်) တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၃-၄-၂၀၁၈ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မောင်ဟိန်းထက်ကျော်(ခ)ဖိုးသား**

**အသက် (၁၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားဝင်း၊ လိုင်း(၄၀)၊ အခန်း (G)နေ (ဦးတင်အောင်)-ဒေါ်ညွန့်ရီ၊ ဦးနိုင်ဝင်း-ဒေါ်ခင်အုန်းရီတို့၏မြေး၊ ဦးထိန်လင်းကျော်-ဒေါ်နီနီဝင်းတို့၏သား၊ ဦးသိန်းနိုင်-ဒေါ်အေးအေးသိန်း၊ ဦးဇော်ဝင်းနိုင်-ဒေါ်ချော၊ ဦးကျော်တင့်-ဒေါ်ရီရီကျော်၊ ဒေါ်သက်မာချို၊ ဦးသန့်ဇော်တို့၏တူ၊ မအင်ကြင်းမွှေး၏မောင်သည် ၂၃-၄-၂၀၁၈(တနင်္လာနေ့) ညနေ ၄း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ



**ဘားအံ မေ ၂၄**

လက်နက်ကိုင်ပဋိပက္ခများ လျော့ကျရပ်စဲစေရန်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ထိန်းသိမ်းစောင့်ကြည့်ပေးသည့် ယန္တရားတစ်ခုအကောင်အထည်ဖော်နိုင်ရန်၊ ပဋိပက္ခဒေသများရှိ ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်၊ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဖွဲ့စည်းထားသည့် ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၅)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သီရိလမ်းရှိ JMC-S ရုံး၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် JMC-S (ကရင်)ဒုတိယဥက္ကဋ္ဌ(၁) စောဖောဒို၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစောခရစ္စတိုဖာတို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက JMC ဆိုင်ရာ လုပ်ငန်းများအား ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များသည် (၁၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ တိုင်ကြားစာ၊ ကန့်ကွက်စာ၊ အကြောင်းကြားစာများနှင့် ဖြေရှင်းချက်များကို ရှင်းလင်းတင်ပြကြပြီး ရပ်ကွက်/ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံ (LCM) ဖွဲ့စည်းမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ရုံးပိုင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကာ ဒုတိယဥက္ကဋ္ဌနှစ်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှုဖိုးခေါင်ကြားစခန်းတို့တွင် သတင်းရယူ

**မောင်တော မေ ၂၄**

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ကိစ္စရပ်များ အပါအဝင် သိရှိလိုသည်များအား မြေပြင်ကွင်းဆင်း သတင်းရယူသည့် သတင်းမီဒီယာသမားများသည် ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသရှိ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှုဖိုးခေါင်ကြားစခန်းတို့တွင် သတင်းရယူကြပြီး တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးတို့အား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ရောက်ရှိရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ခရီးစဉ်အတွင်း သတင်းရယူနိုင်ရေး စီစဉ်ထားရှိမှု၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❖



ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ ငါးခူရပြန်လည်လက်ခံရေးစခန်းတွင် သတင်းရယူကြစဉ်။

ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ရန်ကုန်တိုင်းဒေသကြီး** နှင့် **ကယားပြည်နယ်** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# မြန်မာအသင်းနှင့် ထိုင်းအသင်း တစ်ဂိုးစီ သရေကျ

**နေပြည်တော် မေ ၂၄**

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စု (က) ဒုတိယပွဲအဖြစ် မြန်မာ ယူ-၂၁ အသင်းနှင့် ထိုင်း ယူ-၂၁ အသင်းသည် ယနေ့ညနေပိုင်းက ဘရူနိုင်းနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် ထိုင်းအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့သလို မိနစ် ၉၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့်ချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အဖွင့်ပွဲတွင် နိုင်ပွဲပျောက်ခဲ့သော်လည်း ခြေစွမ်းအရ ထိုင်းထက်ပိုကောင်းခဲ့ပြီး အဆုံးသတ်အားနည်းမှုကြောင့် ဂိုးရနည်းပြီး နိုင်ပွဲပျောက်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် အမာခံကစားသမားများ အစုံအလင်ပါဝင်ခဲ့ပြီး ဘုန်းသစ္စာမင်း (ဂိုး)၊ ကျော်သူထွန်း၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ သန်းထိုက်ဇင်၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ အောင်ကောင်းမာန်၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် နည်းပြ ဦးကြည်လွင်၏ လက်အောက်တွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ထိုင်းအသင်းကို အသာစီးမှ ကစားနိုင်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❂



ကြေးမုံ
အထူးကဏ္ဍ
မေ ၂၅၊ ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ဦးတည်ဆောင်ရွက်ခဲ့

● ဟန်နီဝင်း၊ ဓာတ်ပုံ-စောသိန်းဝင်း



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဦးတည် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

**"စည်ပင်သာယာ နယ်နိမိတ်ပြင်ပ မြို့နယ်တွေရဲ့အခြေအနေဟာ ရန်ကုန်နဲ့ ယှဉ်ပြီးကြည့်လိုက်မယ်ဆိုရင် အင်မတန် နောက်ကျနေတယ်ဆိုတာကို တွေ့ရပါတယ်။ စည်ပင်သာယာရဲ့ အနားသတ်ဧရိယာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မြို့ပြနဲ့ အချိုးညီ ဖွံ့ဖြိုးတိုးတက်စေလိုပါတယ်။ ဒါကြောင့် စည်ပင်သာယာနယ်နိမိတ်ပြင်ပ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့စပြီး ပထမဦးဆုံးဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။**

**မြို့ပြနှင့်ကျေးလက် အချိုးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်တွင်ပါဝင်သည့် ခုံးကျော်တံတားတည်ဆောက်မှုအတွက် လျာထားသည့် ငွေကျပ် ၃၂ ဘီလီယံဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

"အဓိကတော့ ပထမဦးဆုံး တာဝန်ယူရတဲ့အချိန်မှာ တိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်မှာ ခုံးကျော်တံတားတွေ ဆောက်ဖို့ပါတယ်။ တံတားနှစ်စင်းလုပ်ဖို့ ပါတယ်။ ဒီတံတားနှစ်စင်းကို ဆက်မလုပ်တော့ဘူး။ ဒီကနေရလာတဲ့ ၃၂ ဘီလီယံ ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့သည် ရေရရှိရေးလိုအပ်ချက် ဖြစ်ပေါ်လျက်ရှိရာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးဟာ ပင်လယ်နဲ့ နီးပါတယ်။ ပင်လယ်နဲ့နီးတဲ့အတွက် မြေအောက်ရေကို သုံးစွဲမယ်ဆိုရင် နေရာတော်တော်များများဟာ ရေမကောင်းပါဘူး။ ရေမကောင်းတဲ့အတွက် ရေရှားပါးမှုလည်း ရှိပါတယ်။ ရေကောင်းရေသန့် သုံးစွဲနိုင်ဖို့ အားနည်းခဲ့တာတွေ ရှိပါတယ်။

"မြို့တိုင်း ရေကောင်းရေသန့် ရနိုင်ဖို့ဆိုတာ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ ရေနဲ့ပတ်သက်တဲ့ အခက်အခဲရှိနေပါတယ်။ ဒီနေရာမှာ နှစ်ပိုင်းရှိပါတယ်။ မြို့တော်စည်ပင်သာယာရေးရဲ့ ရေပိုက်လိုင်းရေမရသေးတာရှိသလို တစ်ဖက်ကလည်း မြို့တော်စည်ပင်သာသာရေးရဲ့ ရေပိုက်လိုင်းရေကို ရနေပေမယ့် အဲဒီမှာပျောက်ဆုံးနေတဲ့ ရေတွေ ရှိနေတာကိုလည်း ကြုံရပါတယ်။ ဒါကြောင့်မို့ ဒီနှစ်ပိုင်းလုံးကို စနစ်တကျဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရေမရတဲ့နေရာတွေကို ရေပိုက်လိုင်းနဲ့ ရေရနိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်။

"ဒလမြို့မှာ ပုဂ္ဂလိကကဏ္ဍနယ်ပယ်နဲ့ စည်ပင်သာယာရေးနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုလုပ်ဖို့ စဉ်းစားထားပါတယ်။ ပုဂ္ဂလိက၊ အစိုးရနဲ့ ပြည်သူလူထုကြားမှာသာ ပူးပေါင်းဆောင်ရွက်ပြီး ရေရရှိရေးကိစ္စရပ်တွေကို လုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက် အလားအလာကောင်းများစွာ ရှိပါတယ်။ ကျွန်တော်တို့မှာ ရေအရင်းအမြစ်ရှိတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေက ရေကို Treatment လုပ်ပေးချင်တယ်။ မြို့တော်စည်ပင်သာယာရေးကနေ ပြည်သူလူထုဆီကို ရေကို စနစ်တကျပေးဝေမယ်ဆိုရင် မြို့တိုင်းမြို့တိုင်း ပိုက်လိုင်းနဲ့ ရေပေးဝေနိုင်တဲ့ အခြေအနေတစ်ခုဖြစ်မှာ ဖြစ်ပါတယ်။

"ကျွန်တော် နှစ်နှစ်တာကာလအတွင်းမှာ ဒလကို ရေအရောက်ပို့နိုင်ပြီ။ ဒီကနေတစ်ဆင့် ဒီနွေမှာ ရေကားတွေနဲ့ ရေကို အခမဲ့ ဖြန့်ဝေပေးမယ်။ အရင်က အမြို့မြို့အနယ်နယ်က ဒလကို ရေသွားဝေရတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အခုဒလမှာ ပိုက်လိုင်းနဲ့ စနစ်တကျ ရေဝေဖို့လုပ်မှာဖြစ်ပါတယ်။ အခုပိုက်လိုင်းနဲ့ ရေမပေးနိုင်သေးခင်မှာ ရေကောင်းရေသန့်ကို ပြည်သူကို ပေးနိုင်ဖို့ ဆောင်ရွက်ထားပါတယ်"။

"ကျွန်တော်တို့မှာ ရေအရင်းအမြစ်ရှိတယ်။ ရေသုံးစွဲမယ့် ပြည်သူလည်းရှိတယ်။ ရေသန့်စင်အောင် ပုဂ္ဂလိက အခန်းကဏ္ဍကလည်း ဆောင်ရွက်ပေးမယ်ဆိုရင် ဒီပြဿနာတွေကို ဖြေရှင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

အထူးကဏ္ဍ [ ခ ] သို့ »»



မြောက်ဥက္ကလာပ သုဓမ္မာလမ်းနှင့် ဝေဇယန္တာလမ်းပေါ်ရှိ အုတ်ပုံဆိပ် ခုံးကျော်တံတားကို တွေ့ရစဉ်။



ဒဂုံမြို့သစ် (မြောက်ပိုင်း) ဗိုလ်မင်းရောင် အထပ်မြင့်အိမ်ရာစီမံကိန်းကို တွေ့ရစဉ်။

> စက်မှုဇုန် အဟောင်းတွေကိုလည်း အဆင့်မြှင့်တင်ဖို့လုပ်မယ်၊ တစ်ဖက်က စက်မှုဇုန်အဟောင်းထဲမှာ ကျပ်ညပ်နေတာတွေကို စက်မှုဇုန်အသစ်တွေဆီကို ထုတ်နိုင်ဖို့ ကြိုးစားပါမယ်။ သီလဝါ၊ ဟံသာဝတီ စီးပွားရေးစင်္ကြံပေါ်မှာရှိတဲ့ ဒဂုံလေးမြို့နယ်ကိုဖြတ်တဲ့ စက်မှုဇုန်တွေကို စနစ်တကျတည်ဆောက်ပေးဖို့ ပြင်ဆင်ပါတယ်။ သီလဝါ အထူးစီးပွားရေးဇုန်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်သုံးခုထဲမှာ အအောင်မြင်ဆုံး စက်မှုဇုန်ကြီးဖြစ်ပါတယ်

»»» အထူးကဏ္ဍ [ က ] မှ

ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်သုံးစွဲမှုသည် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ထုတ်လုပ်မှု၏ တစ်ဝက်ကျော်ခန့်ရှိရာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ရန်ကုန်ဟာ မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ထုတ်လုပ်မှုရဲ့ တစ်ဝက်ကျော်လောက်ကို သုံးပါတယ်၊ ကျွန်တော်တို့သုံးနေတာ မဂ္ဂါဝပ် ၁၃၀၀ ကနေ ၁၅၀၀ ကြား ရှိပါတယ်၊ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး လုံလောက်မှုဖြစ်လာနိုင်ဖို့အတွက်လည်း ရန်ကုန်မှာ ပြုပြင်ပြောင်းလဲမှုရှိပါတယ်။ YESC အနေနဲ့လည်း တချို့ ရှုပ်ထွေးလျှပ်စစ်တွေ လိုက်ရှင်းပေးနေတာတို့ လျှပ်စစ်မီး ပြည့်ဝစွာရရှိဖို့ ဆောင်ရွက်ပေးပါတယ်" ဟု ပြောကြားသည်။

"ရန်ကုန်မြို့မှာ မီးပုံမှန်ရနေနိုင်ဖို့ အခြေအနေတစ်ခုကိုလည်း ကြိုးစားနေပါတယ်။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုကို နည်းသွားနိုင်ဖို့ အခြေအနေတစ်ခုကို ကြိုးစားနေပါတယ်။ ဒေါပုံမှာဆို ရှေ့ပြေးစီမံချက်တစ်ခု လုပ်နေပါတယ်။ မီးဘယ်လောက် သုံးစွဲနေတာကို ကိုယ့်ရဲ့ တယ်လီဖုန်းကနေတစ်ဆင့် ကြည့်နိုင်မယ်၊ မီးက အိမ်မှာ ဖွင့်ခဲ့သလား၊ ဒီလို မီးဘေးအန္တရာယ်ကင်းစေနိုင်တဲ့ မီတာတွေကို ပြောင်းလဲတပ်ဆင်နိုင်ဖို့ ဒေါပုံမြို့နယ်မှာ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လျှပ်စစ်မီးနဲ့ပတ်သက်ရင် လျှပ်စစ်မီး ထုတ်လုပ်တဲ့စရိတ်နဲ့ ပြည်သူလူထုရဲ့ သုံးစွဲမှုအပေါ်က ပြန်လည်ပေးချေတဲ့ နှုန်းနဲ့ ကြည့်မယ်ဆိုရင် ဈေးနှုန်းဟာ နိုင်ငံတော်ကနေ အရှုံးခံပြီး ဆောင်ရွက်ပေးနေတဲ့ အခြေအနေတွေ ရှိနေသေးတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်"ဟုလည်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ဒီမိုကရေစီ ကူးပြောင်းရေးအတွက် ဆောင်ရွက်နေသည့် နုနယ်သည့် ကာလတစ်ခုတွင် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းနိုင်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ကြိုးစားနေသကဲ့သို့ ပြည်သူ့ရည်မှန်းချက် ပြည့်မီရန်လည်း တစ်ဖက်မှ ကြိုးစားဆောင်ရွက်နေရသည့် အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"တိုင်းဒေသကြီးအစိုးရအနေနဲ့ မြို့ပြစည်ပင်သန့်ရှင်းရေးကို အဓိကထားဆောင်ရွက်ခဲ့တာဆိုတော့ လူငယ်တွေဟာလည်း အမှိုက်စုပေါင်းကောက်တာ စသဖြင့် လုပ်ငန်းတွေမှာ ပါဝင်လာစေတယ်။ လူငယ်တွေရဲ့ စိတ်ဓာတ်ကို နှိုးဆွပေးလိုက်တဲ့အတွက် လူငယ်တွေဟာ သန့်ရှင်းမှု၊ စည်းကမ်းရှိမှု၊ ကျန်းမာရေးအလေးထားမှု၊ ပြည်သူလူထု အကျိုးပြုလိုမှုတွေ ပေါ်ပေါက်လာတဲ့အတွက် လူငယ်ကဏ္ဍမှာ အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်"ဟု ဒေသခံပြည်သူ ဦးမြင့်သိန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စက်မှုဇုန် အဟောင်းတွေကိုလည်း အဆင့်မြှင့်တင်ဖို့ လုပ်မယ်၊ တစ်ဖက်က စက်မှုဇုန်အဟောင်းထဲမှာ ကျပ်ညပ်နေတာတွေကို စက်မှုဇုန်အသစ်တွေဆီကို ထုတ်နိုင်ဖို့ ကြိုးစားပါမယ်။ သီလဝါ၊ ဟံသာဝတီ စီးပွားရေးစင်္ကြံပေါ်မှာရှိတဲ့ ဒဂုံလေးမြို့နယ်ကိုဖြတ်တဲ့ စက်မှုဇုန်တွေကို စနစ်တကျတည်ဆောက်ပေးဖို့ ပြင်ဆင်ပါတယ်။ သီလဝါ အထူးစီးပွားရေးဇုန်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန် သုံးခုထဲမှာ အအောင်မြင်ဆုံး စက်မှုဇုန်ကြီးဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က "နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေ ကျွန်တော်တို့ဆီ လာပါတယ်။ အခုဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကလည်း ဖြေလျှော့မှုတွေ များစွာရှိပါတယ်။ ပြည်ထောင်စုကနေ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆိုတာ ရှိပြီးတော့ တိုင်းဒေသကြီးမှာတော့ တိုင်းဒေသကြီးအဆင့် ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းပြီး အမေရိကန်ဒေါ်လာ ငါးသန်းလောက်ကို ဒီမှာပဲ ဆုံးဖြတ်ပေးနိုင်ဖို့ဆိုပြီး ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အချိန်မှာ ကျွန်တော်တို့ဆီက စက်ရုံ၊ အလုပ်ရုံတွေ ပေးနိုင်မလားဆိုပြီး လာပါတယ်။ ငှားချင်ပါတယ်လို့ ပြောပါတယ်။

"ပုဂ္ဂလိကဆီက ငှားရတာက ဈေးနှုန်းရှိတယ်၊ တချို့ကကျတော့ ကာလတစ်ခုမှာ ဈေးနှုန်းတိုးတောင်းလို့ သူတို့ လုပ်ရတာ အခက်အခဲရှိတယ်။ ဒါကြောင့် ကျွန်တော်တို့မှာလည်း ပေးစရာ မြေနေရာ မရှိပါဘူး။ ကျွန်တော်တို့ကို ပေးထားခဲ့စဉ်မှာ မြေနေရာတော်တော်များများက ပုဂ္ဂလိက လက်ထဲကိုရောက်နေတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့ အိမ်ရာစီမံကိန်းတွေ၊ မြို့သစ်စီမံကိန်းတွေ တစ်ဖက်က ကြိုးစားတယ်၊ တစ်ဖက်က စက်မှုဇုန်တွေကို ပြန်လည်ထူထောင်ဖို့ ကြိုးစားပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါ အထူးစီးပွားရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက နိုင်ငံအတွက် အရေးပါသည့် အထူးစီးပွားရေးဇုန် သုံးခုအနက်မှ အောင်မြင်မှုရရှိနေသည့် အထူးစီးပွားရေးဇုန် တစ်ခုဖြစ်သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»



သီလဝါစီးပွားရေးဇုန်အပါအဝင် မြို့နယ် ၁၁ မြို့နယ်ကို ရေဂါလန် သန်း၄၀ နေ့စဉ်ဖြန့်ဝေမည့် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ လဂွန်းပြင် ရေသန့်စင်စက်ရုံစီမံကိန်းကို တွေ့ရစဉ်။


ရန်ကုန်ဝါးတားဘတ်စ် (Yangon Water Bus) ၏ ရေလယ်ကျောက်တန်းဘုရားဖူးခရီးစဉ် ပြေးဆွဲစဉ်။

»» အထူးကဏ္ဍ [ ခ ] မှ

“သီလဝါ အထူးစီးပွားရေးဇုန် အောင်မြင်အောင် ကြိုးစားနေပါတယ်၊ အခုလက်ရှိ အောင်မြင်တယ်ဆိုတာကလည်း ပြီးပြည့်စုံတယ်လို့တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဆက်လက်ပြီး ကြိုးစားပါ့မယ်။

“အကုန်လုံးကောင်းနေတယ်လို့ ပြောလို့ရှိရင်တော့ ရှေ့ဆက်ပြီး တိုးတက်တော့မှာ မဟုတ်ဘူး၊ ကျွန်တော်တို့ ကြိုးစားဆဲ၊ ကြိုးစားလျက်ပဲ ရှိပါတယ်။ One Stop Service Centre မှာတော့ တခြားနေရာမှာ မဖြစ်သေးတဲ့ ပုံစံမျိုးကို လုပ်ထားပါတယ်၊ ဒီပုံစံကို ရင်းနှီးမြှုပ်နှံသူ တော်တော်များများက နှစ်သက်ကြပါတယ်၊ ဒါပေမယ့်လည်း ဒါကို ဒီထက်ပိုကောင်းအောင် အမြဲတမ်း ဆောင်ရွက်လျက်ရှိပါတယ်”ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဆက်အောင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သွားလာရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးရန် လိုအပ်နေသေးကြောင်းနှင့် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းရန် လိုအပ်ချက်ရှိနေသေးကြောင်း ဒေသခံများက ပြောကြားကြသည်။

အများပြည်သူ သွားလာရေး အဆင်ပြေစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကို စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း ရထားဘူတာရုံနှင့် ကားမှတ်တိုင်များ ချိတ်ဆက်မှု အားနည်းနေဆဲဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

“အများပြည်သူ သယ်ယူပို့ဆောင်ရေးကို စနစ်တကျ ဆောင်ရွက်ပေးနိုင်ဖို့ လိုပါတယ်၊ ရထားလမ်းတွေ၊ ရေလမ်းကြောင်းတွေကို စနစ်တကျ ချိတ်ဆက်ဖို့ လိုအပ်ပါတယ်၊ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကိုလည်း စတင်နေပြီဖြစ်ပါတယ်၊ ဒါပေမယ့် ရထားဘူတာရုံနဲ့ ကားမှတ်တိုင်တွေ ချိတ်ဆက်မှုတွေ အားနည်းနေဆဲဖြစ်ပါတယ်၊ တစ်ဖက်က ရေကြောင်းကနေ Water Bus ပြေးဆွဲနေတယ်၊ အစပိုင်းမှာ ရန်ကုန်မြစ်အတွင်းမှာ ပြေးဆွဲနေပြီဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ရန်ကုန်မြို့တွင် ဆိပ်ကမ်းများမှ ကွန်တိန်နာများ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုများကြောင့် ယာဉ်ကြောကျပ်တည်းမှုများ လျော့ကျစေရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အလယ်ကျေးရွာအုပ်စုရှိ မြေဧရိယာ ၁၉၄ ဒသမ ၉၀ ဧကတွင် Dry Port Project ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

> “အများပြည်သူ သယ်ယူပို့ဆောင်ရေးကို စနစ်တကျ ဆောင်ရွက်ပေးနိုင်ဖို့ လိုပါတယ်၊ ရထားလမ်းတွေ၊ ရေလမ်းကြောင်းတွေကို စနစ်တကျချိတ်ဆက်ဖို့ လိုအပ်ပါတယ်၊ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကိုလည်း စတင်နေပြီဖြစ်ပါတယ်၊ ဒါပေမယ့် ရထားဘူတာရုံနဲ့ ကားမှတ်တိုင်တွေ ချိတ်ဆက်မှုတွေ အားနည်းနေဆဲဖြစ်ပါတယ်၊ တစ်ဖက်က ရေကြောင်းကနေ Water Bus ပြေးဆွဲနေတယ်၊ အစပိုင်းမှာ ရန်ကုန်မြစ်အတွင်းမှာ ပြေးဆွဲနေပြီဖြစ်ပါတယ်။”

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍လည်း ဝန်ကြီးချုပ်က “အမြို့မြို့ အနယ်နယ်က တချို့ပြည်သူတွေဟာ သူတို့ရဲ့ စားဝတ်နေရေးအတွက် ပြောင်းရွှေ့လာတယ်၊ ဥပမာ နာဂစ်ပြီးတုန်းက ရောက်လာကြတယ်၊ တချို့က ရန်ကုန်မှာ အလုပ်လွယ်လို့ လာလုပ်ကြတာရှိတယ်၊ လာလုပ်ကြရင်းနဲ့ ငှားနေရင် လစဉ်ပိုက်ဆံပေးရမှာဖြစ်တော့ ကျူးကျော်တဲ့မှာ နေတယ်၊ ကျူးကျော်တဲ့မှာ နေတယ်ဆိုပေမယ့် ကျူးကျော်တဲကို ရောင်းစားတဲ့သူ လက်ထဲက တစ်သိန်း၊ နှစ်သိန်း အစရှိသဖြင့်နဲ့ ဝယ်ပြီးနေတယ်၊ လစဉ်ပိုက်ဆံပေးစရာ မလိုတော့ဘူး၊ မနက်အလုပ်သွား၊ ညနေပြန်အိပ် ဒီလို အလုပ်လုပ်ရင်း နေထိုင်တဲ့သူ စာရင်းကို ကြည့်လိုက်တဲ့အခါ အိမ်ထောင်စု တစ်သိန်းခွဲလောက်ရှိပါတယ်”

“ဒါကို SMART စနစ်နဲ့ စနစ်တကျ ကောက်ထားပါတယ်၊ Biometric ကို မှတ်တမ်းတင်ထားတဲ့ ပုံစံမျိုးဖြစ်ပါတယ်။ အဲဒီအတွက် ဒီကျူးကျော်စာရင်းဟာ ထပ်စရာအကြောင်းမရှိဘူး၊ ပြီးတော့ ဒီ SMART ကတ် ရောင်းစားတယ်ဆိုတဲ့ သတင်းတစ်ခုလည်း ကြားပါတယ်၊ ရောင်းစားလည်း ဘာမှ

အထူးကဏ္ဍ [ ဃ ] သို့ »»



သီလဝါအထူးစီးပွားရေးဇုန် ကုန်စည်များအတွက် ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ဆိပ်ကမ်း၏ ကုန်သေတ္တာကိုင်တွယ်နိုင်မှုစွမ်းအား တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ယန္တရားအသစ်များ ရောက်ရှိစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

မထူးပါဘူး။ အဲဒီ SMART ကတ်မှာ မှတ်တမ်းတင်ထားတဲ့ လက်ဗွေတွေ၊ မျက်နှာတွေ မပါသွားဘဲနဲ့ ဝယ်ယူထားတဲ့ သူက ဘာမှ လုပ်လို့မရဘူး။ ဒီဟာတွေကို ဘယ်လို တည်ဆောက်ပေးမလဲ စဉ်းစားပါတယ်။ စဉ်းစားတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ အိမ်ရာစီမံကိန်းတွေကို မလုပ်နိုင်ပါဘူး။ မလုပ်နိုင်တော့ ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်။ JICA နဲ့ Master Plan ရေးဆွဲနေပါတယ်။ ၂၀၄၀ ခုနှစ်အထိ ဖြစ်ပါတယ်။ ရန်ကုန်မြို့ကို စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ရန်ကုန်မြို့တော်အား အစိမ်းရောင်မြို့တော်အဖြစ် နေချင်စဖွယ်ဖြစ်စေရန် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ JICA နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်ရဲ့ မြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်ပါတယ်။ ရန်ကုန်မြို့ဟောင်းကို စနစ်တကျ မြို့ပြအမွေအနှစ်တွေနဲ့ ထားခဲ့ပြီး ဥယျာဉ်မြို့တော် တည်ဆောက်လာမယ်ဆိုရင် အစိမ်းရောင်မြို့တော် ဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ စက်မှုဇုန်တွေကလည်း အစိမ်းရောင်စီးပွားရေးပုံစံ ပြောင်းလဲပြီး ရန်ကုန်ကို စီးပွားရေးမြို့တော်အဖြစ် ပြောင်းလဲကာ နေချင်စဖွယ်ဖြစ်အောင် JICA နဲ့ ပူးပေါင်းပြီး Master Plan လုပ်နေပါတယ်။ KOICA နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာလည်း ရှိပါတယ်။ တခြားသော ကူညီပေးမယ့် နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာလည်း ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။


ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားများ လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်စဉ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်အနောက်တောင်ဒေသ ဖွံ့ဖြိုးရေးအတွက် ရန်ကုန်မြို့သစ်စီမံကိန်းကို ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်များအတွင်း လယ်မြေဧက ၁၈၃၉၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့ဟောင်းနှင့် ဆက်သွယ်နိုင်ရန် မြစ်ကူးတံတားများ ထည့်သွင်း တည်ဆောက်နိုင်ရန် လေ့လာဆန်းစစ်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ရွှေ့ပြောင်းစီမံကိန်းအနေဖြင့် ကောက်ယူခဲ့ရာ အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်နှင့် အနောက်ပိုင်းခရိုင် ၁၂ မြို့နယ် စုစုပေါင်း ၂၆ မြို့နယ် ပြီးစီးပြီဖြစ်ကြောင်း သိရပြီး ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အရ ကျန် ၁၉ မြို့နယ်ကို ၂၀၁၈ ခုနှစ် မေလတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လူငယ်များအတွက် Innovation Centre ကို ပန်းဆိုးတန်းဆိပ်ကမ်းမြေပေါ်တွင် ထူထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အစိုးရအဖွဲ့၏ ဆောင်ရွက်မှုများအပေါ် Myanmar Youth Entrepreneurship Centre မှ ဒေါ်စိမ်းဝတ်ရည်က "အစိုးရ တာဝန်ကလည်း ထမ်းဆောင်ဖို့ လွယ်ကူတဲ့ တာဝန်တော့ မဟုတ်ပါဘူး။ နိုင်ငံပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်မှာ နှစ်နှစ်ဆိုတာ တိုတောင်းသေးတယ်။ ပြည်သူလူထုကိုလည်း အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး ဘယ်လို အခက်အခဲတွေ ရှိနေတယ်ဆိုတာ နားထောင်စေချင်တယ်။ အစိုးရအနေနဲ့လည်း အောက်ခြေပြည်သူတွေရဲ့ စကားသံတွေကို နားထောင်စေချင်တယ်။ ဒီလို နားထောင်ပြီးတဲ့အခါမှာလည်း ဖြစ်စေချင်တဲ့ စေတနာတစ်ခုတည်းနဲ့လည်း မဖြစ်ဘူး။ ဘယ်လို ကောင်းမွန်အောင် လုပ်မလဲဆိုတဲ့ နည်းလမ်းကိုလည်း ရှာဖွေဆောင်ရွက်တဲ့အခါ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်"ဟု အကြံပြုပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးတည်ဆောင်ရွက်မှုနှင့်အတူ ကဏ္ဍတိုင်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။


ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက် ရထားလမ်းနှင့် ကားလမ်းဆုံရာ တရားဝင်ဖြတ်ကူးဂိတ်တွင် အလိုအလျောက်စနစ် အသုံးပြုစဉ်။

“ ပြည်သူလူထုကိုလည်း အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လို အခက်အခဲတွေ ရှိနေတယ်ဆိုတာ နားထောင်စေချင်တယ်။ အစိုးရအနေနဲ့လည်း အောက်ခြေပြည်သူတွေရဲ့ စကားသံတွေကို နားထောင်စေချင်တယ်။ ”


ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းယာဉ်များကို တွေ့ရစဉ်။


ပန်းဆိုးတန်း လူကူးခုံးကျော်တံတားကို တွေ့ရစဉ်။

# ကယားပြည်နယ် အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာ

● ရှင်မင်း

**ကယား၊ ကယန်း၊ ကယော၊ ဂေခို၊ ဂေဘား၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနောနှင့် ကယန်း လထ စသည့် ကယားမျိုးနွယ်စု ကိုးစုနှင့်အတူ ရှမ်း၊ အင်းသား၊ ဗမာတို့ မှီတင်းနေထိုင်ကြရာ ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် ပြည်နယ်အစိုးရသည် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကို ဖြတ်ကျော်ခဲ့ပြီး ဖြစ်ပါသည်။**


ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို။

ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအတွင်း ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဖော်ဆောင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ပြည်နယ်ကို အခုဆိုရင် နိုင်ငံခြားသားတွေ အရင်နှစ်တွေကထက် ပိုမိုဝင်ရောက်လာပါတယ်၊ ဒါတွေကို ဒေသခံပြည်သူတွေအသိပဲ ဖြစ်ပါတယ်။ နောက်ပိုင်းကျရင်လည်း အရှိန်အဟုန်နဲ့လာဖို့ အလားအလာတွေ အများကြီးရှိပါတယ်။ ခရီးသွားလုပ်ငန်းကို ဇောင်းပေးဖော်ဆောင်တယ်ဆိုတော့ ပြည်နယ်အစိုးရအနေနဲ့ ဘာစလုပ်သလဲဆိုတာကို မေးစရာရှိပါတယ်။ ဘယ်ကနေ ဘယ်လိုစလုပ်မလဲဆိုရင် နယ်စပ်ကုန်သွယ်ရေးစခန်းကို စတင်ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးကို ဖွင့်လိုက်တယ်။ နောက်တစ်ဆင့်ကတော့ မယ်ဟောင်ဆောင်ခရိုင်နဲ့ ကယားပြည်နယ် လွိုင်ကော်မြို့ကို (Sister City) ညီအစ်မ မြို့တော်အဖြစ် အသိအမှတ်ပြုပြီး MoU လက်မှတ်ထိုးပြီးပြီ။

"ခရီးသွားကဏ္ဍကို ပူးပေါင်းဖော်ဆောင်ခြင်းအားဖြင့် သူတို့ရဲ့ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမယ်ဆိုတာကို ပြည်သူတွေ သိစေချင်ပါတယ်"ဟု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ခရီးသွားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်လည်း ဆောင်ရွက်ခဲ့ပါသည်။

တောင်ငူ-မော်ချီး-ဒီးမော့ဆို လမ်းကို ကတ္တရာ၊ ကွန်ကရစ်ခင်းခြင်း၊ မယ်စဲ့၊ ဘော်လခဲ၊ ဖားဆောင်း မြို့တွင်းလမ်းမကြီးများကို AC လမ်းအဖြစ် အဆင့်မြှင့် တည်ဆောက်ခြင်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ ၁၃ လမ်းကို ကတ္တရာလမ်း အဆင့်တိုးမြှင့်တည်ဆောက်ခြင်းနှင့် မယ်ဆည်နန်-ဟိုဂျစ်လမ်းအား ကတ္တရာလမ်းခင်းခြင်းတို့ကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်ဖြင့် မတ်လတွင် တည်ဆောက်ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

**တောင်ငူ-မော်ချီး-ဒီးမော့ဆို လမ်းကို ကတ္တရာ၊ ကွန်ကရစ်ခင်းခြင်း၊ မယ်စဲ့၊ ဘော်လခဲ၊ ဖားဆောင်း မြို့တွင်းလမ်းမကြီးများကို AC လမ်းအဖြစ် အဆင့်မြှင့် တည်ဆောက်ခြင်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ ၁၃ လမ်းကို ကတ္တရာလမ်း အဆင့်တိုးမြှင့် တည်ဆောက်ခြင်းနှင့် မယ်ဆည်နန်-ဟိုဂျစ်လမ်းအား ကတ္တရာလမ်းခင်းခြင်းတို့ကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်ဖြင့် မတ်လတွင် တည်ဆောက်ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။**

ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းပန်းဆက်သွယ်ရေး အခန်းကဏ္ဍအပေါ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဦးခင်မောင်ဖြူက "ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနရဲ့ လမ်းတွေဆိုရင် အခုချိန်မှာ ၁၀၀ ရာခိုင်နှုန်းက ကတ္တရာလမ်းဖြစ်ပါတယ်။ မြို့တွင်းလမ်းတွေမှာလည်း AC လမ်းခင်းပေးနေပါတယ်။ တံတားတွေအားလုံးကလည်း ကွန်ကရစ်တံတားတွေနဲ့ လျှပ်စစ်ကဏ္ဍမှာဆိုရင် တစ်နိုင်ငံလုံးအနေနဲ့ ပျမ်းမျှက ၃၅ ရာခိုင်နှုန်း၊ ကယားပြည်နယ်မှာဆိုရင် ၇၀ ရာခိုင်နှုန်းအထိ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီး အခြေခံကောင်းတွေကို တည်ဆောက်ပေးနေပါတယ်။

"ရည်ရွယ်ချက်က ပြည်နယ်ရဲ့ အနာဂတ်နောင်လာနောက်သားတွေအတွက် ကောင်းတဲ့အခြေခံတွေကို ချပေးနေတာဖြစ်ပါတယ်၊ ဒါဟာ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်၊ သူတို့တွေအတွက် အခုကျွန်တော်တို့လက်ထက်မှာ လုပ်နိုင်သလောက် ကြိုးစားပြီး လုပ်ပေးနေသလို တစ်ချိန်ကျရင် သူတို့တစ်တွေ ပခုံးပြောင်း တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်၊ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသလိုပါပဲ" ဟု ပြောကြားသည်။

ကယားပြည်နယ်အား ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ ပိုမိုဆွဲဆောင်မှုအားကောင်းစေရန် ရည်ရွယ်၍ ဖယ်ခုံ-မိုးဗြဲ-အင်းလေး ရေလမ်းကြောင်းခရီး ဖော်ဆောင်ပေးခြင်း၊ ဘီလူးချောင်းတစ်လျှောက်မော်တော်စက်လှေဖြင့် အပန်းဖြေနိုင်ခြင်း၊ နောင်ယားကန် ညဈေးဖွင့်လှစ်ခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့က ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြည်နယ်အစိုးရအဖွဲ့၏ ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ ပိုမိုဆွဲဆောင်မှုအားကောင်းစေရန် ဆောင်ရွက်နေမှုအပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးက "ကယားပြည်နယ်က ပြည်သူပြည်သားတွေ စိတ်အပန်းဖြေနိုင်တယ်၊ တခြားခရီးသွားဧည့်သည်တွေအနေနဲ့လည်း ကျွန်တော်တို့ ပြည်နယ်ရဲ့ ဒေသအလှအပတွေကိုလည်း ကြည့်ရှုလို့ရတယ်"ဟု ပြောကြားသည်။

ဒေသခံပြည်သူတစ်ဦးကလည်း "အခုလိုကိုယ့်ပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်လာတာဝမ်းသာတယ်၊ အခုနောက်ပိုင်း ကယားပြည်နယ်ကို ပြည်တွင်းပြည်ပ ခရီးသွားတွေ ပိုပြီးလာကြတယ်၊ ပြည်နယ်အစိုးရက ကိုယ့်ပြည်နယ်က ဒေသခံတွေ အပန်းဖြေနိုင်အောင်နဲ့ ဒေသခံတွေ အလုပ်အကိုင်

အထူးကဏ္ဍ [ စ ] သို့ »»


ဘီလူးချောင်းတံတား(ရှမ်းပိုင်း)ဖွင့်ပွဲ ကျင်းပစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

အခွင့်အလမ်း ပိုကောင်းလာဖို့ ခရီးသွားတွေ ပိုလာအောင် ဆောင်ရွက်နေတာ ဝမ်းသာပါတယ်”ဟု ပြောကြားသည်။

ပြည်နယ်အစိုးရ ဒုတိယ (၁)နှစ်တာကာလအတွင်း လွိုင်လင်လေးနှင့် နမ့်မယ်ခုံ ကျေးရွာများကိုလည်း မြို့အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

“လွိုင်လင်လေးနဲ့ နမ့်မယ်ခုံကျေးရွာမှာ ရှိတဲ့ ကျေးရွာသူ ကျေးရွာသားတွေအားလုံးက မြို့အဖြစ်နဲ့ တိုးချဲ့ခြင်းကို အားရကျေနပ်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ကျေနပ်အားရနေရုံနဲ့ မပြီးဘူးဆိုတာကိုလည်း ပြည်သူတွေကို ပြောချင်တယ်၊ မြို့ဖြစ်လာပြီဆိုရင် မြို့အင်္ဂါရပ်နှင့်အညီ ကျွန်တော်တို့အစိုးရအနေနဲ့ လိုအပ်တဲ့ အတိုင်းအတာလေးကို ထောက်ပံ့ပူးပေါင်းဆောင်ရွက်ပေးပါမယ်။

“လမ်း၊ ရေ၊ မီးတွေကို ဆောင်ရွက်ပေးမယ်၊ ပြည်သူတွေဘက်ကတော့ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရမယ်၊ ခရီးသွားလုပ်ငန်းအတွက် ဘီလူးချောင်းရေလမ်းကြောင်းတွေကို ဖော်ဆောင်ပေးနိုင်ပြီဖြစ်တဲ့အတွက် ကျေနပ်အားရမှုတစ်ခုရခဲ့ပါတယ်၊ ဒါတွေနဲ့တင် မပြီးပြည့်စုံသေးပါဘူး၊ ရေလမ်းကြောင်းဘေးမှာ အများပြည်သူ ခရီးသွားတွေ တည်းခိုလို့ရမယ့် နေရာလေးတွေ၊ ဘန်ဂလိုတွေလည်း ဆက်လက်လုပ်ဆောင်ဦးမှာ ဖြစ်ပါတယ်”ဟု ကယားပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

**အစိုးရအနေနဲ့ ထားခဲ့တဲ့ ရည်မှန်းချက်တွေကတော့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေရရှိရေးနဲ့ ဟိုတယ်ခရီး ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွေကိုတော့ အရှိန်အဟုန်နဲ့ ကြိုးပမ်းခဲ့တာပါ၊ ဒီလိုကြိုးပမ်းတဲ့နေရာမှာ အားနည်းချက်တွေ၊ အားသာချက်တွေ ဒွန်တွဲပြီး ပါလာပါတယ်။ ဒီလိုပါလာတဲ့နေရာမှာ အခုအစိုးရအနေနဲ့ကတော့ အားသာချက်တွေကို ကောင်းသထက်ကောင်းအောင် ကြိုးစားနေတယ်၊ အားနည်းချက်တွေကိုလည်း လျှော့နည်းနိုင်သမျှ လျှော့နည်းအောင် ကြိုးစားလျက်ရှိပါတယ်။**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က “အစိုးရအနေနဲ့ ထားခဲ့တဲ့ ရည်မှန်းချက်တွေကတော့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေရရှိရေးနဲ့ ဟိုတယ်ခရီး ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွေကိုတော့ အရှိန်အဟုန်နဲ့ ကြိုးပမ်းခဲ့တာပါ၊ ဒီလိုကြိုးပမ်းတဲ့နေရာမှာ အားနည်းချက်တွေ၊ အားသာချက်တွေ ဒွန်တွဲပြီး ပါလာပါတယ်။ ဒီလိုပါလာတဲ့နေရာမှာ အခုအစိုးရအနေနဲ့ကတော့ အားသာချက်တွေကို ကောင်းသထက်ကောင်းအောင် ကြိုးစားနေတယ်၊ အားနည်းချက်တွေကိုလည်း လျှော့နည်းနိုင်သမျှ လျှော့နည်းအောင် ကြိုးစားလျက်ရှိပါတယ်”ဟု ပြောကြားသည်။

အထူးကဏ္ဍ [ ဆ ] သို့ »»»



အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) သင်တန်းသားအိပ်ဆောင်အား တွေ့ရစဉ်။



ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ပြုလုပ်စဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ပြည်နယ်အစိုးရအနေဖြင့် ခရီးသွားကဏ္ဍကို ဦးစားပေးမြှင့်တင်ဆောင်ရွက်ရာတွင် ပြည်နယ်တစ်ခွင် စိမ်းလန်းစိုပြည်စေရေး အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဆယ်စုနှစ်က ပြုန်းတီးခဲ့တဲ့ သစ်တောတွေကို ပြန်လည်စိမ်းလန်းစေဖို့ လွိုင်ကော်မြို့နယ်မှာ ကျွန်းစီးပွားရေး စိုက်ခင်းဧက ၅၀၊ ထင်းစိုက်ခင်း ၁၅ ဧကကို လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့တွေမှာ စိုက်ခဲ့ပါတယ်၊ ရှားတောနဲ့ ရွာသစ်နှစ်မြို့ပဲ ကျန်ပါတယ်၊ အားရကျေနပ်မှုရှိပါတယ်၊ နေပြည်တော်မှာ ရှိတဲ့ ရုံးချုပ်ကတောင် ဆုပေးဖို့အစီအစဉ်ရှိပါတယ်။

"အားနည်းချက်တစ်ခုကတော့ ဘတ်ဂျက် ရရှိမှုနည်းပါးတယ်၊ ဒေသမှာရှိတဲ့ ကျွဲ၊ နွားတွေ ဝင်ဖျက်ဆီးတာတွေရှိတယ်၊ ဒါပေမဲ့ စည်းကမ်းချက်က အပင် ၁၀၀ စိုက်လို့ ၆၅ ပင် အောင်ရင် အောင်မြင်ပါတယ်"ဟု ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်က ပြောကြားသည်။

ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူလူထု စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းကိုလည်း ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုအကြောင်းကို ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက "ဒေသခံပြည်သူတွေ အလုပ်အကိုင်ရရှိအောင် ပညာတတ်မှ၊ ဘွဲ့ရမှမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်း သင်တန်းဖြစ်တဲ့ ရက်ကန်း၊ ယိုသင်တန်း၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်သင်တန်း၊ စက်ချုပ်သင်တန်း၊ စက်ပြင်စက်မောင်းသင်တန်း၊ သံဂဟေဆက်သင်တန်း၊ လျှပ်စစ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း စတဲ့ သင်တန်းတွေကို ကျေးရွာတွေအရောက် သွားရောက်ပို့ချပေးပါတယ်။

"အလုပ်အကိုင် ရရှိအောင်လည်း ကျေးလက်နေပြည်သူတွေကို မျိုးပွားတိရစ္ဆာန်ဖြန့်ဖြူးရေး လက်ဆင့်ကမ်းစနစ်နဲ့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်၊ မဖြန့်ဖြူးခင် နည်းစနစ်တွေကိုလည်း ပံ့ပိုးပေးထားပါတယ်။ လယ်ယာထွက်ကုန်အနေနဲ့ မျိုးကောင်းမျိုးသန့်ထွက်အောင် မျိုးစေ့တွေ အမျိုးမျိုးကို ပံ့ပိုးပေးလျက်ရှိပါတယ်။ ဈေးနှုန်းရှိတဲ့ စပါးမျိုးကိုလည်း ရှာဖွေပြီး ပံ့ပိုးပေးပါတယ်"ဟု ပြောကြားသည်။

ကယားပြည်နယ်အတွင်းရှိ ရေရရှိရန်ခက်ခဲသည့် ကျေးရွာများအား ရေပေးဝေနိုင်ရန် ငွေကျပ် သုံးဘီလီယံ လျာထားကာ ရေခက်ခဲမှုမရှိစေရေးအတွက် နမ့်တဘက်ချောင်း၊ ပွန်ချောင်းမှ ရေပေးဝေနိုင်ရန် ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရတဲ့ဘတ်ဂျက်အပေါ် မူတည်ပေးရတာဖြစ်တဲ့အတွက်ကြောင့် အရှိန်အဟုန်နဲ့ မဆောင်ရွက်နိုင်သေးပါဘူး၊ ဒါပေမဲ့ စပြီးတော့ ဆောင်ရွက်နေပါပြီ၊ မကြာခင် ဒီးမော့ဆို၊ ဖရူဆိုပြီးရင် လွိုင်ကော် အစွန်အဖျားနေရာအချို့က ရေအင်မတန်ခက်ခဲတဲ့ ရေရှားပါးကျေးရွာတွေကို ဒီငါးနှစ်အတွင်းမှာ ပြည်နယ်အစိုးရအနေနဲ့ ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပြည်နယ်အစိုးရအနေဖြင့် ကယားတိုင်းရင်းသား မျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားများ၏ အခွင့်အရေး၊ စာပေနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ဆောင်ပေးနိုင်မည့် စာပေနှင့် ယဉ်ကျေးမှုရုံးကို လွိုင်ကော်မြို့ နောင်ယားကန်ဘေးတွင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"တိုင်းရင်းသားတွေရဲ့ မွေးရာပါ ဗီဇအခွင့်အရေးကို ဆောင်ရွက်တဲ့နေရာမှာ အားပေးလာပါပြီ၊ ဒါပေမဲ့ အားရတဲ့နေရာ မရှိသေးပါဘူး၊ တိုင်းရင်းသားတွေနဲ့ ပူးပေါင်းပြီး လိုအပ်ချက်တွေကို ပါဝင်လုပ်ဆောင်မယ်ဆိုရင် ပိုပြီးအားရလိမ့်မယ်လို့ ထင်ပါတယ်"

အထူးကဏ္ဍ [ ၉ ] သို့ »»»



ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့တို့အကြား ညီအစ်မမြို့တော် တည်ဆောက်ရေး နားလည်မှုစာချွန်လွှာအား အပြန်အလှန် လဲလှယ်စဉ်။


ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အသိပညာပေးဟောပြောပွဲ ကျင်းပစဉ်။



လွိုင်ကော်မြို့တွင်း ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲတွင် တက်ရောက်လာသူများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။



ဒေသခံပြည်သူများအား သောက်သုံးရေဖြန့်ဝေပေးနေသည့် ငွေတောင်ဆည်ကို တွေ့ရစဉ်။

ဒေသခံပြည်သူတွေ အလုပ်အကိုင်ရရှိအောင် ပညာတတ်မှ၊ ဘွဲ့ရမှ မဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းသင်တန်းဖြစ်တဲ့ ရက်ကန်း၊ ယိုသင်တန်း၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်သင်တန်း၊ စက်ချုပ်သင်တန်း၊ စက်ပြင်စက်မောင်းသင်တန်း၊ သံဂဟေဆက် သင်တန်း၊ လျှပ်စစ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း စတဲ့ သင်တန်းတွေကို ကျေးရွာတွေအရောက် သွားရောက်ပို့ချပေးပါတယ်။






ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို စက်ခလုတ်နှိပ် ဖွင့်လှစ်စဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

ဟု ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးညွှန့်ရယ်က ပြောကြားသည်။

ကယားပြည်နယ် လွှတ်တော်ကလည်း ကယားပြည်နယ် ပြတိုက်နှင့် စာကြည့်တိုက် ဥပဒေ၊ ကယားပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ အပ်နှင်းခြင်းဆိုင်ရာဥပဒေနှင့် အမျိုးသား စာပေနှင့် ယဉ်ကျေးမှုကော်မတီက ပြုစုရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းတို့ကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရအနေဖြင့် သိမ်းဆည်းမြေများ မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ ထိုသို့ဆောင်ရွက်မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က "တောင်သူတွေရဲ့အကျိုး၊ အများပြည်သူရဲ့ အကျိုး ဝိုင်းဝန်းဖော်ဆောင်ဖို့ အင်မတန်လိုအပ်လှပါတယ်၊ သိမ်းဆည်းထားတဲ့ မြေယာတွေကို တောင်သူတွေ ပြန်လည်ရရှိဖို့အတွက် အစိုးရကစိစစ်ပြီး မူလပိုင်ရှင်တွေထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့တာတွေလည်း ရှိပါတယ်" ဟု ပြောသည်။

အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူကလည်း "ပြည်သူတွေက ကျွန်မတို့အပေါ်ရော၊ တပ်မတော်အပေါ်ရော ယုံကြည်စေချင်တယ်၊ အပြောနဲ့တင်မဟုတ်ပါဘူး၊ လက်တွေ့အကောင်အထည်ဖော်မယ်ဆိုရင် ပြည်သူလူထုက ပြန်ပြီးယုံကြည်မယ်လို့ ကျွန်မမြင်တယ်၊ အဲဒါမှ ပြည်သူရော၊ တပ်ရော၊ အစိုးရရော အားလုံးသုံးပွင့်ဆိုင် အတူတူလုပ်မှ အောင်မြင်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကယားပြည်နယ် အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်မှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးအပါအဝင် ကဏ္ဍပေါင်းစုံ ဟန်ချက်ညီဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အားသာချက်များကို ပိုမိုအားကောင်းခိုင်မာစေရန် ကြိုးပမ်းလျက်ရှိပြီး အားနည်းချက်နည်းနိုင်သမျှဖြင့် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပြည်နယ်ဝန်ကြီးချုပ်နှင့် နယ်စပ်အကူအညီပေးရေး ညွှန့်ပေါင်းအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



လွိုင်ကော်မြို့၌ လေကြောင်းလူငယ်အခြေခံသင်တန်း ဖွင့်လှစ်စဉ်။



ကမ္ဘာ့ဘဏ်မှ နိုင်ငံခြားသား ပညာရှင်များနှင့် ကာယားပြည်နယ် လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းဝန်ထမ်းများ တွေ့ဆုံဆွေးနွေးစဉ်။